ကြေးမုံ
The Mirror Daily
Established in 1957
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

**မိမိကိုယ်ကို ကောင်းစွာစောင့်ရှောက်**

မိမိကိုယ်ကိုချစ်လျှင် (အကုသိုလ် မဖြစ်စေရအောင်၊ ကုသိုလ်ပွားများအောင်) မိမိကိုယ်ကို ကောင်းစွာ စောင့်ရှောက်ရာ၏၊ အရွယ်သုံးပါးတို့တွင် (အနည်းဆုံး) တစ်ပါးပါးသော အရွယ်၌ ပညာရှိသော သူသည် မိမိကိုယ်ကို အကုသိုလ်မှ စင်ကြယ်အောင် စောင့်ရှောက်ရာ၏။

အဂ္ဂဝဂ်(ဓမ္မပဒ-၁၅၇)

၁၃၈၅ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 30 August 2023 ၁၁၂၀၃

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်မြဲမှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ရွှေပြည်သာမြို့နယ်မှ တောင်ကိုရီးယားနိုင်ငံသို့ တင်ပို့နေသည့် မြန်မာ့တံမြက်စည်းများ

ရန်ကုန် သြဂုတ် ၂၉

မြန်မာနိုင်ငံအတွင်း သဘာဝအတိုင်း ပေါက်ရောက်သော ကိုင်းပင်များကို ရိုးရာလက်မှုပညာနှင့် ပေါင်းစပ်ကာ ပြုလုပ်ထားသည့် မြန်မာ့တံမြက်စည်းများသည် ခေတ်မီနည်းပညာဖြင့် ဖန်တီးပြုလုပ်ထားသည့် ပလတ်စတစ် တံမြက်စည်းများထက်ပင် ပိုမိုလူကြိုက်များနေဆဲဖြစ်ပြီး ပြည်တွင်း၌သာမက ပြည်ပနိုင်ငံများသို့ပါ ဈေးကွက်ထိုးဖောက်လျက်ရှိသည်။



"မြန်မာနိုင်ငံကလုပ်တဲ့ တံမြက်စည်းတွေကို မလေးရှား၊ အိန္ဒိယ၊ ထိုင်း၊ ကိုရီးယားစတဲ့နိုင်ငံတွေကို တင်ပို့ကြပါတယ်။ ကျွန်တော်တို့က တောင်ကိုရီးယားကိုပဲပို့တာပါ။ တောင်ကိုရီးယားမှာရှိတဲ့ ဝယ်လက်က ဈေးကွက်ထဲမှာ အကြီးဆုံးပဲ။ မြန်မာနိုင်ငံမှာဆိုရင် ပြည်ပကို ကျွန်တော်တို့က အများဆုံး တင်ပို့တာပါ" ဟု ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်တွင် တံမြက်စည်းလုပ်ငန်း လုပ်ကိုင်နေသည့် ကျေးဇူးတော်နှင့် တင့်တယ်ခြင်း အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်မှ ကိုအောင်ကျော်စိုးက ပြောသည်။

အဆိုပါ သမဝါယမအသင်းမှ တံမြက်စည်းများကို အချောင်းရေ ၃၅၀၀၀ ခန့် ဝင်ဆံ့သည့် ပေ ၄၀ ကွန်တိန်နာဖြင့် တစ်လလျှင် နှစ်လုံး၊ တစ်နှစ်လျှင် ကွန်တိန်နာ ၂၄ လုံး၊ စုစုပေါင်း တံမြက်စည်း အချောင်းရေ ၈၄၀၀၀၀ ခန့်ကို

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

ယနေ့ ဖတ်စရာ

**နိုင်ငံတော်၏ ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့နှင့် NCA လက်မှတ်ရေးထိုး ထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ (၅)ဖွဲ့ (ALP၊ DKBA၊ KNU/KNLA-PC၊ LDU၊ PNLO)၏ ကိုယ်စားလှယ်အဖွဲ့တို့ ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေး**

စာမျက်နှာ » ၃

**မြန်မာ့စာတတ်မြောက်ရေး သမိုင်းအစ မိတ္ထီလာခရိုင်က**

ဆောင်းပါး စာမျက်နှာ » ၆

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် သြဂုတ် ၂၉

| | |
|---|---|
| ဟိုင်းကြီးကျွန်း | ၆ ဒသမ ၉၇ လက်မ |
| ဘီးလင်း | ၂ ဒသမ ၉၈ လက်မ |
| ဟုမ္မလင်း | ၂ ဒသမ ၈၇ လက်မ |
| ဂွ | ၂ ဒသမ ၈၀ လက်မ |
| ကိုကိုးကျွန်း | ၂ ဒသမ ၆၄ လက်မ |
| မော်လမြိုင် | ၂ ဒသမ ၄၈ လက်မ |
| လောင်းလုံး | ၂ ဒသမ ၄၈ လက်မ |
| ကော့ကရိတ် | ၂ ဒသမ ၁၂ လက်မ |
| ချောင်းဆုံ | ၁ ဒသမ ၆၉ လက်မ |

# မိတ္ထီလာဈေးကြီးအတွင်း ပြည်သူ့သက်သာ ဈေးအရောင်းဆိုင် ဖွင့်လှစ်ရောင်းချ

မိတ္ထီလာ သြဂုတ် ၂၉

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် မိတ္ထီလာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ မိတ္ထီလာဈေးကြီးအတွင်း ပြည်သူ့သက်သာဈေးအရောင်းဆိုင်ကို ယနေ့နံနက် ၇ နာရီက ဖွင့်လှစ်ရောင်းချပေးခဲ့ကြောင်း သိရသည်။

**ကြည့်ရှုအားပေး**

အဆိုပါ ပြည်သူ့သက်သာဈေးအရောင်းဆိုင်တွင် ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဘဲဥ၊ ဝက်သား၊ ဆိတ်သား၊ အမဲသား၊ ငါး၊ ပုစွန်၊ ခေါက်ဆွဲ စသည့်အခြေခံစားသောက်ကုန်များကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးရာ ဈေးရောင်းဈေးဝယ်နေမှုအခြေအနေများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဇော်ဦးနှင့်အဖွဲ့ဝင်များ၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



ကြေးမုံ

# ဗလငါးတန်ပြည့်စုံသည့်လူငယ်များမွေးထုတ်

မိသားစုအသိုက်အမြုံကို ထိန်းသိမ်းမြှင့်တင်ပေးမည့်သူများ၊ နိုင်ငံတော်၏ အနာဂတ်ကို လက်ဆင့်ကမ်း ပခုံးပြောင်းတာဝန်ယူကြမည့်သူများသည် ယနေ့ လူငယ်လူရွယ်များဖြစ်သည်။ အဖြူရောင်သက်သက် လူငယ်လူရွယ်များကို ကိုယ်ကျင့်တရားကောင်းမွန်ပြီး အရည်အသွေးတောက်ပြောင်အောင် ပျိုးထောင်ပေးနိုင်မှ မိသားစုနှင့် နိုင်ငံတော်၏အနာဂတ် လင်းလက်တောက်ပြောင် ဝင့်ထည်လာမည်ဖြစ်သည်။

နိုင်ငံတော်၏ လူမှုရေးဦးတည်ချက် တတိယအချက်တွင် "နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး"ဟူသည့်အချက် ချမှတ်ထားသည်။ ဖွံ့ဖြိုးတိုးတက်သည့် အနာဂတ်နိုင်ငံတော်တည်ဆောက်ရေးတွင် စွမ်းအားပြည့် ပါဝင်ထမ်းဆောင်နိုင်ရန်အတွက် ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလဟူသော ဗလငါးတန်နှင့်ပြည့်စုံသည့်လူငယ်များမွေးထုတ်ပေးရန် လိုအပ်သည်။

ဗလငါးတန်ဟူသည် ကာယဗလ– ကိုယ်ကာယကြံ့ခိုင်သန်စွမ်းမှုစွမ်းပကား၊ ဉာဏဗလ– အသိဉာဏ်ပညာစွမ်းပကား၊ စာရိတ္တဗလ– ကိုယ်ကျင့်တရား ကျင့်ဝတ်သီလ စောင့်ထိန်းနိုင်မှုစွမ်းပကား၊ မိတ္တဗလ– ကောင်းသောမိတ်ဆွေခင်ပွန်းများ ဖွဲ့စည်းနိုင်မှုစွမ်းပကား၊ ဘောဂဗလ– ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာမှုကို ဖန်တီးနိုင်မှုစွမ်းပကားတို့ဖြစ်သည်။ လူငယ်များသည် ပင်ကိုအားဖြင့် စွမ်းပကားမျိုးစုံပြည့်စုံသောသူများဖြစ်ကြသော်လည်း တစ်မျိုးကောင်းသာပြည့်စုံပါက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာရေးကို ဆောင်ရွက်ရာ၌ ထိရောက်သော စွမ်းဆောင်နိုင်မှုစွမ်းပကား အပြည့်အဝရရှိမည်မဟုတ်ပေ။

လူငယ်လူရွယ်များဘဝတွင် အရေးအကြီးဆုံးအချက်မှာ စာရိတ္တဗလဖြစ်သည်။ စာရိတ္တကောင်းမွန်သော လူငယ်လူရွယ်ဖြစ်ပါမှ မိမိဘဝ၊ ပတ်ဝန်းကျင်နှင့် နိုင်ငံတော်အား ရေရှည်တည်တံ့ခိုင်မြဲသည့် သာယာဝပြောမှုကို တည်ဆောက်နိုင်မည်ဖြစ်သည်။ အဖြူရောင်သက်သက် လူငယ်လူရွယ်ဘဝများကို အလွယ်တကူပျက်စီးစေရန် ပို့ဆောင်ပေးသောအရာမှာ စာရိတ္တပျက်ပြားခြင်းပင်ဖြစ်သည်။ အရက်သေစာ၊ မူးယစ်ဆေးဝါးများနှင့်အပျော်အပါးများသည် လူငယ်လူရွယ်များကို အလွယ်တကူပျက်စီးစေနိုင်သည်။ မိတ္တဗလကောင်းသော အဆွေခင်ပွန်း မိတ်ကောင်းဆွေကောင်းများနှင့် မကြုံတွေ့ဘဲ အပေါင်းအသင်းမှားသည်နှင့် လမ်းမှားသို့ရောက်နိုင်သည်။

ထို့ကြောင့် အသိဉာဏ်ပညာ ဆင်ခြင်တုံတရားများကို ရရှိနိုင်သော ပညာသင်ကြားနိုင်သည့် ဝန်းကျင်ကောင်းများနှင့် ဆရာသမားကောင်းများဖြင့် ဆည်းပူးသင်ကြား လေ့လာပွားများနိုင်ရန်လိုအပ်သည်။ ပညာကို အားသွန်ခွန်စိုက် မလျှော့သောဇွဲလုံ့လဖြင့် ဆည်းပူးနိုင်ရန်နှင့် ပညာအခြေခံဖြင့် လုပ်အားတန်ဖိုးကို အပြည့်အဝလုပ်ဆောင်နိုင်ရန်အတွက် ကာယဗလ – ကိုယ်ခန္ဓာကျန်းမာသန်စွမ်းပြီး ခွန်အားများပြည့်ဝနေစေရန် လိုအပ်သည်။ ထိုသို့ အဘက်ဘက်တွင် ပြည့်စုံလာသည်နှင့်အမျှ ကာယ၊ ဉာဏစွမ်းပကားများကို အပြည့်အဝအသုံးချကာ ဘောဂဗလ– ဥစ္စာဓနများ ပြည့်စုံကြွယ်ဝလာမည်ဖြစ်သည်။

ဗလငါးတန်ပြည့်စုံသည့် လူငယ်လူရွယ်များ မွေးထုတ်ရာတွင် ဆရာ ဆရာမများနှင့်မိဘအုပ်ထိန်းသူများသည် အဓိကကျသည့် အခန်းကဏ္ဍတွင်ရှိနေသည်။ ပညာကို အထူးဝါယမစိုက် ဆည်းပူးနေသော ယနေ့ကာလ၌ ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များသည် ပညာသင်ကြားမှုနယ်ပယ်တွင် ပိုမိုထိတွေ့နေရသဖြင့် ဆရာ ဆရာမများသည် အဓိကပို၍တာဝန်ရှိသည်။ ဆရာ ဆရာမများက ပညာတတ်မြောက်ရေးသာမက သွန်သင်ဆုံးမ လမ်းမှန်ညွှန်ပြမှုကောင်းမွန်မှသာ အနာဂတ်တွင် နိုင်ငံတော်က အားကိုးအားထားပြုရသည့် အရည်အချင်းပြည့်ဝသော လူငယ်လူရွယ်များ ပေါ်ထွက်လာမည်ဖြစ်သည်။ အနာဂတ်ကို လက်ဆင့်ကမ်း ပခုံးပြောင်းတာဝန်ယူနိုင်မည့် လူချွန်လူကောင်း၊ လူကောင်းလူတော်များ ဖြစ်လာပေမည်။

လက်ရှိတွင် နိုင်ငံ၏လူဦးရေစာရင်းအရ ပညာတတ်လူငယ်လူရွယ်များနည်းပါးပြီး ပညာရေးကဏ္ဍနိမ့်ကျလျက်ရှိသည်။ ဒီမိုကရေစီနိုင်ငံကို တည်ဆောက်ရာ၌ နိုင်ငံသားတိုင်း အသိပညာ၊ အတတ်ပညာပြည့်စုံရန် လိုအပ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက လူငယ်များကိုအခြေခံသည့် အနာဂတ်ကို ဖန်တီးနိုင်ရန်နှင့် ပညာရေးကဏ္ဍ တိုးတက်မြင့်မားလာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ရေးနှင့် နိုင်ငံတော်၏ လက်ရှိပညာရေးအခြေအနေအရ ရည်မှန်းထားသည့် အနိမ့်ဆုံးအဆင့် KG+9 အဆင့် ပြီးမြောက်အောင်မြင်အောင် အကောင်အထည်ဖော်လျက်ရှိသည်။

သို့ဖြစ်ရာ ပြည်သူလူထုနှင့် နိုင်ငံတော်၏အနာဂတ် ပိုမိုတောက်ပသည့် ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကြဉ်းပေးနိုင်ရန်အတွက် ဗလငါးတန်နှင့်ပြည့်စုံသော မျိုးဆက်သစ် လူငယ်လူရွယ်များ ပြုစုပျိုးထောင်ပေးနိုင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## နယ်စပ်ရေးရာဝန်ကြီးဌာန ချင်းပြည်နယ် ဖလမ်းမြို့ တောင်တန်းသာသနာပြု ဗဟိုဘုန်းကြီးကျောင်းသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဩဂုတ် ၂၉

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ချင်းပြည်နယ်အတွင်း ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများရှိ သံဃာတော်များနှင့် သီလရှင်များ ဝါတွင်းကာလ ဆွမ်း၊ ကွမ်း၊ အဆင်ပြေစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး ဆက်ကပ်လှူဒါန်းလျက်ရှိသည်။



**ဆက်ကပ်လှူဒါန်း**

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် ဖလမ်းခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းဝင်းနှင့် ဝန်ထမ်းများက ချင်းပြည်နယ် ဖလမ်းမြို့ တောင်တန်းသာသနာပြု ဗဟိုဘုန်းတော်ကြီးကျောင်းရှိ ရဟန်း၊ သာမဏေများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲ အမယ်လေးမျိုးတို့ကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## လွိုင်လင်မြို့နယ်၌ ကျေးလက်ရေရရှိရေ စိမ့်စမ်းရေ သွယ်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုစစ်ဆေး

လွိုင်လင် ဩဂုတ် ၂၉

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်နယ်ခွင့်ပြုရန်ပုံငွေများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကောင်းမှုဗွာကျေးရွာ၌ ကျေးလက်ရေရရှိရေးအတွက် စိမ့်စမ်းရေသွယ်ယူခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယမန်နေ့ နံနက်ပိုင်းက ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း



သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် လွိုင်လင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းနိုင်၊ မြို့နယ်ဦးစီးမှူး ဒေါ်တင်မင်းထိုက်နှင့် တာဝန်ရှိသူများသည် ကောင်းမှုဗွာကျေးရွာတွင် ကျေးလက်ရေရရှိရေးအတွက် စိမ့်စမ်းရေသွယ်ယူခြင်း အရှည်တစ်မိုင်နှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ရေပေးဝေရေးကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ကောင်းမှုဗွာကျေးရွာတွင် စိမ့်စမ်းရေသွယ်ယူခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၃၀ ဒသမ ၈၈ သန်းဖြင့် တင်ဒါအောင်မြင်သည့် ထွန်းနေတောက် ကုမ္ပဏီမှ ဩဂုတ်လ ဒုတိယအပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအာလုံး၏ ၅၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ပြီး လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးပါက အဆိုပါကျေးရွာရှိ အကျိုးပြုအိမ်ခြေ ၅၁ အိမ်၊ လူဦးရေ ၂၅၇ ဦးတို့အတွက် သန့်ရှင်းသော သောက်ရေ သုံးရေများ ဖူလုံစွာရရှိမည်ဖြစ်ကြောင်း သိရသည်။

၂၂၂

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၉ - ၈ -၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၅၀၀ | ၉,၅၀၀ | ၃၉၅ | ၃,၇၅၂,၆၀၀ |
| MTSH | ၃,၂၀၀ | ၃,၂၀၀ | ၁,၃၀၇ | ၄,၁၈၂,၄၀၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၀ | ၀ |
| FPB | ၁,၇၀၀ | ၁,၇၀၀ | ၈၃ | ၁၄၁,၁၀၀ |
| TMH | ၂,၄၅၀ | ၂,၄၅၀ | ၁၂၀ | ၂၉၄,၀၀၀ |
| EFR | ၂,၃၀၀ | ၂,၃၀၀ | ၈ | ၁၈,၄၀၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၅ | ၂၄,၅၀၀ |
| MAEX | ၁,၈၅၀ | ၁,၈၅၀ | ၅,၁၅၇ | ၉,၅၄၀,၄၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။


ကြေးမုံ

စာတည်းမှူးချုပ် – ဦးစိုးစိုးနိုင်
စာတည်းမှူး – ဦးဝင်းနိုင်
စာတည်းများ – ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် – ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ – ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန – ဒေါ်ဇင်မာဝင့်
စာပြင် – ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း – ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း – ဦးစိုးချစ်ဦးနှင့်အဖွဲ့



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။



themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ – ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချီရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၅)ဖွဲ့ (ALP၊ DKBA၊ KNU/KNLA-PC၊ LDU၊ PNLO)၏ ကိုယ်စားလှယ်အဖွဲ့တို့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၉**

နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် NCA လက်မှတ် ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၅)ဖွဲ့ (ALP၊ DKBA၊ KNU/KNLA-PC၊ LDU၊ PNLO)၏ ကိုယ်စားလှယ်အဖွဲ့တို့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာနၶ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ငြိမ်းချမ်းရေးဆွေးနွေးရေး အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ALP၊ DKBA၊ KNU/KNLA-PC၊ LDU၊ PNLO အဖွဲ့တို့မှ ငြိမ်းချမ်းရေး ဆွေးနွေးရေး ကိုယ်စားလှယ် အဖွဲ့များအား ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်သည်။



တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ငြိမ်းချမ်းရေးဆွေးနွေးရေး အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များ၊ ရခိုင်ပြည် လွတ်မြောက်ရေးပါတီ (ALP)မှ ဥက္ကဋ္ဌ စောမြရာဇာလင်း၊ KNU/ KNLA ငြိမ်းချမ်းရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ နော်ကပေါ်ထူး၊ လားဟူဒီမိုကရက်တစ် အစည်းအရုံး(LDU) ဒုတိယ ဥက္ကဋ္ဌ ကျာဖူး၊ ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) ဥက္ကဋ္ဌ ခွန်သူရိန်၊ ဒီမိုကရေစီ အကျိုးပြု ကရင်တပ်မတော် (DKBA)မှ စစ်ကွပ်ကဲရေးမှူး အဆင့်ရှိ စောဘညိမ်းအောင်တို့ ဦးဆောင်သည့် ငြိမ်းချမ်းရေး ဆွေးနွေးရေး ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**အမှာစကားများပြောကြား**

တွေ့ဆုံဆွေးနွေးပွဲတွင် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် နှင့် တက်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၅) ဖွဲ့ကိုယ်စား ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) ဦးဆောင်နာယက ဖြားတန်ခွန် ဥက္ကာတို့က နှုတ်ခွန်းဆက် အမှာစကားများ ပြောကြားကြသည်။

ထို့နောက် NSPNC နှင့် ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အလုပ်အဖွဲ့တို့ သဘောတူညီခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ခုနှစ်တွင် ပြင်ဆင်လိုသည့်ပုဒ်မများ၊ လေ့လာဆန်းစစ်ဖော်ထုတ် ပြုစုရေးအဖွဲ့က ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၏ ပြဋ္ဌာန်းချက်များ (ပုဒ်မများ) အနက်မှ ပြင်ဆင်ရန်သင့်သည်ဟု သုံးသပ်ယူဆရသည့်ပုဒ်မများ၊ လွှတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးကိစ္စတို့အား အပြန်အလှန် ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး တွေ့ဆုံဆွေးနွေးပွဲ ပထမနေ့ကို ရပ်နားခဲ့သည်။ ဆွေးနွေးပွဲ ဒုတိယနေ့ကို ဩဂုတ် ၃၀ ရက်တွင် ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

**❖ ရွှေပြည်သာမှ**

တောင်ကိုရီးယားနိုင်ငံသို့ တစ်နှစ်ပတ်လုံး တင်ပို့လျက်ရှိသည်။

ထိုသို့ မြန်မာ့တံမြက်စည်းများ ပြည်ပနိုင်ငံဈေးကွက်အတွင်း ဝယ်သူအကြိုက် မျက်နှာပန်းလှစွာ ရပ်တည်နိုင်ရေး၊ ကုန်အရေအတွက် များစွာတင်ပို့နိုင်ရေးအတွက်ဆိုလျှင် တံမြက်စည်းတစ်ချောင်းဖြစ်လာစေရန် ပထမဆုံးအဆင့် စွဲလုံးလုံးခြင်းမှစ၍ တံမြက်စည်းပတ်ခြင်း (ဝယ်ယူသူမှ မှာယူသည့်အတိုင်း အမျိုးအစား ခုနစ်မျိုးခန့်အား အရေအတွက်ဖြင့်ပတ်ပေးခြင်း)၊ ထိုသို့ ပတ်ပြီးသည့် တံမြက်စည်းများအား သဘာဝနေရောင်ခြည် (သို့မဟုတ်) မီးသွေးမီးဖိုဖြင့် အပူပေးကာ အမှုန်တိုက်ခြင်း၊ အမှုန်တိုက်ပြီး တံမြက်စည်းများကို အရောင်တင်၊ အလှဆင်ခြင်း၊ ကြိုးတုပ်ခြင်း၊ တန်းထိုးခြင်းလုပ်ငန်းများကို ကျွမ်းကျင်လုပ်သားများဖြင့် ကုန်ချောရရှိသည်အထိ အဆင့်ဆင့်ဆောင်ရွက်ကြရသည်သာဖြစ်သည်။

**စနစ်တကျထုပ်ပိုး**

ပြုလုပ်ပြီးသော တံမြက်စည်းများအား ပြည်ပတင်ပို့ရန်အတွက် လိုအပ်သည့် အရည်အသွေးစစ်ဆေးခြင်းများကို ကျွမ်းကျင်ပညာရှင်များဖြင့် ဆောင်ရွက်ပြီး စနစ်တကျထုပ်ပိုးမှုများ ပြုလုပ်ကာ ဆိပ်ကမ်းသို့ တင်ပို့ကြခြင်းဖြစ်သည်။

“အလှဆင်တာတွေ၊ ထုပ်ပိုးတာတွေ အစ ကျွမ်းကျင်လုပ်သားတွေနဲ့ လုပ်ရတယ်။ တံမြက်စည်းမှာ အမှုန်တွေပါလို့ မရဘူး၊ ပိုးထိုးနေလို့မရပါဘူး၊ မိုးတွင်းတွေဆို ပိုဂရုစိုက်ရပါတယ်။ သူတို့က မှိုဆိုလုံးဝကို မရဘူး၊ မှိုပါတာနဲ့ ကွန်တိန်နာအလုံးလိုက်ကို ပယ်ချတာ၊ မှိုပါသွားရင် အကုန်လျှော်ပေးရတယ်”ဟု ကိုအောင်ကျော်စိုးက ပြောသည်။

**စနစ်တကျသိုလှောင်သိမ်းဆည်း**

တံမြက်စည်း ကုန်ကြမ်းများကို မော်ဘီ၊ တိုက်ကြီး၊ ပဲခူးရိုးမ၊ နေပြည်တော်နှင့် ရခိုင်ပြည်နယ်တို့မှရရှိပြီး တစ်နှစ်ပတ်လုံး ကုန်ကြမ်းပစ္စည်း ပြတ်လပ်မှု မရှိစေရေးအတွက် ဂိုဒေါင်များတွင် စနစ်တကျ သိုလှောင်သိမ်းဆည်းကြရသည်။

ဒေသတစ်ခု ထုတ်ကုန်တစ်ခု အောင်မြင်စွာ ထုတ်လုပ်နိုင်ခြင်းသည် ထိုဒေသအား ထုတ်ကုန်နှင့်အတူ ထင်ရှားလာခြင်း၊ ထိုဒေသအတွင်းရှိ ဒေသခံပြည်သူများ အလုပ်အကိုင်ရရှိလာခြင်း၊ လူနေမှုဘဝများ မြင့်မားလာခြင်းတို့နှင့်အတူ နိုင်ငံ့စီးပွားပါ လိုက်ပါတိုးတက်လာမည်ဖြစ်ရာ နိုင်ငံအတွင်းရှိ အသေးစား၊ အလတ်စား၊ အငယ်စား စီးပွားရေးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး၊ ဒေသထုတ်ကုန်များ အောင်မြင်စွာ တိုးတက် ထုတ်လုပ်နိုင်ရေးအတွက် နိုင်ငံတော်က ဘက်ပေါင်းစုံမှ အလေးထား ဆောင်ရွက်ပေးလျက်ရှိသည်။

သမဝါယမဦးစီးဌာနအနေဖြင့်လည်း တိုင်းပြည်စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် တစ်ထောင့်တစ်နေရာမှ အထောက်အကူပြု ပါဝင်ဆောင်ရွက်လျက်ရှိရာတွင် ရွှေပြည်သာမြို့နယ်ရှိ ဒေသခံပြည်သူများ ဘဝတိုးတက်ရေး၊ ဒေသထွက်ကုန် တံမြက်စည်းထုတ်လုပ်ရေး လုပ်ငန်းကို သမဝါယမစနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အဆိုပါ ကျေးဇူးတော်နှင့် တင့်တယ်ခြင်း အထွေထွေစီးပွားရေး လုပ်ငန်း သမဝါယမလီမိတက်ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

ရွှေပြည်သာမြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ကျော့ကေဟန်က “အသင်းစဖွဲ့တာ တစ်နှစ်မပြည့်သေးပါဘူး။ သူတို့က အရင်ကတည်းက ပြည်ပပို့နေတာ၊ အခု သမဝါယမအနေနဲ့ ဖွဲ့စည်းပြီးတဲ့အခါကျတော့ သမဝါယမရဲ့ ဦးဆောင်မှုနဲ့ လုပ်ကိုင်နေပါတယ်။ အဆင်လည်းပြေတယ်၊ အောင်မြင်မှုလည်း ရှိပါတယ်။ ပြည်ပပို့တာ အဓိကဆိုတော့ ပြည်တွင်းမှာလည်း ဈေးကွက်ရရှိလာအောင် ဈေးရောင်းပွဲတော်တွေမှာ ဝင်ပြတာတွေ၊ ရောင်းချတာတွေရှိပါတယ်။ လိုအပ်တဲ့အပိုင်းတွေကို တတ်နိုင်သလောက် ဝိုင်းဝန်းဖြည့်ဆည်း ဆောင်ရွက်ပေးပါတယ်”ဟု ပြောသည်။

ဆက်လက်၍ “ဒေသထုတ်ကုန်တွေ ထုတ်လုပ်ဆောင်ရွက်တဲ့အခါမှာ အသင်းသားတွေ လိုအပ်တဲ့ ကုန်ကြမ်း၊ လိုအပ်တဲ့ ပံ့ပိုးချေးငွေတွေကို သမဝါယမကို တင်ပြတောင်းခံလာတာတို့ စတာတွေအပြင် ဈေးကွက် ရှာဖွေပေးတာ၊ လုပ်ငန်းတိုးချဲ့တာ၊ ပူးပေါင်းဆောင်ရွက်ညှိနှိုင်းပေးတာတို့ လုပ်ပါတယ်။ သူတို့ဘက်က လိုအပ်တဲ့ အပိုင်းတွေကို အဆင့်ဆင့်တင်ပြပြီး ဆောင်ရွက်ပေးနေတဲ့ အပိုင်းတွေလဲရှိပါတယ်”ဟု ၎င်းကပြောသည်။



မည်သို့ပင်ဆိုစေ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်သမဝါယမအသင်းကိုယ်စားပြု ဒေသထုတ်ကုန် တံမြက်စည်းများက Made in Myanmar တံဆိပ်နှင့်အတူ တောင်ကိုရီးယား ပြည်သူများကြား ဈေးကွက်မျက်နှာပန်းလှနေပြီး ဝင်ငွေအားဖြင့် တစ်လလျှင် မြန်မာငွေ ကျပ်သိန်း ၃၀၀ ကျော် ရရှိနေပြီဖြစ်ရာ ဒေသတစ်ခုမှ ထွက်ရှိသည့် ထုတ်ကုန်တစ်ခုအတွက် ကျေနပ်အားရဖွယ်ရာ အခြေအနေဟု ဆိုရမည်ဖြစ်သည်။

**သတင်းဆောင်းပါး – နဒီမင်း**

**ဓာတ်ပုံ – Kk**

---

**☆ ရှေ့ဖုံးမှ**

မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်အောင်လေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးထက်ဇော်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးသည်။ ပြည်သူ့သက်သာဈေးအရောင်းဆိုင်တွင် ရောင်းချသည့် အခြေခံစားသောက်ကုန်များကို ထုပ်ပိုးရောင်းချပေးရာတွင် ပလတ်စတစ်သုံးစွဲမှုလျှော့ချစေရေးနှင့် ပလတ်စတစ်သုံးစွဲမှု ကင်းစင်ပပျောက်ရေးအတွက် ပလတ်စတစ်အစားထိုး အင်ဖက်၊ သတင်းစာစက္ကူများဖြင့် ထုပ်ပိုးရောင်းချပေးခဲ့သည်။

အဆိုပါ ပြည်သူ့သက်သာဈေးအရောင်းဆိုင် ဖွင့်လှစ်ရောင်းချခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများတွင် အပတ်စဉ်အလိုက် ဖွင့်လှစ်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ရန်ကုန်တိုင်းဒေသကြီးရှိ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်နှင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်များသို့ သွားရောက်စစ်ဆေး

**ရန်ကုန် ဩဂုတ် ၂၉**

ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးရှိ မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်နှင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေး ဘဏ်များသို့ သွားရောက်စစ်ဆေးပြီး ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ အမှာစကားပြောကြားသည်။



**ရှင်းလင်းတင်ပြ**

ထိုသို့တွေ့ဆုံစဉ် ဘဏ်များ၏ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဌာနဆိုင်ရာ တာဝန်ခံများက ဖွဲ့စည်းပုံနှင့် ဝန်ထမ်းအင်အား အခြေအနေ၊ ဘဏ်လုပ်ငန်းဆိုင်ရာများနှင့် ဝန်ထမ်းများ၏ သက်သာချောင်ချိရေးကိစ္စရပ်များကို ဦးစွာ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက နိုင်ငံပိုင်ဘဏ်များ အနေဖြင့် ဘဏ်လုပ်ငန်းဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ဝန်ထမ်းများအနေဖြင့် မိမိတို့ လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ကြစေရေး၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို အလေးထားဆောင်ရွက်ကြစေရေး၊ ဌာနတွင်း လုပ်ငန်းဆောင်တာများကို စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဆောင်ရွက်ကြစေရေး တို့ကို အသေးစိတ် လမ်းညွှန်မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းဆောင်ရွက်ပေးသည်။

**ဆောင်ရွက်ပေးလျက်ရှိ**

မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်သည် ၁၉၇၆ ခုနှစ်တွင်လည်းကောင်း၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်သည် ၁၉၉၀ ပြည့်နှစ်တွင်လည်းကောင်း စတင်တည်ထောင်ခဲ့သော နိုင်ငံပိုင်ဘဏ်များဖြစ်ကြပြီး နိုင်ငံတော်နှင့်အစိုးရဌာနများ၊ ပုဂ္ဂလိကများ၏ ပို့ကုန်၊ သွင်းကုန်လုပ်ငန်းဆိုင်ရာ ငွေပေးချေမှုများနှင့် ဘဏ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုကိစ္စရပ်များကို စနစ်တကျ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# (၂၄)ကြိမ်မြောက် အာဆီယံယဉ်ကျေးမှုဆပ်ကော်မတီ အစည်းအဝေးကျင်းပ

**ရန်ကုန် ဩဂုတ် ၂၉**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူး၍ မြန်မာနိုင်ငံကအိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၂၄)ကြိမ်မြောက် အာဆီယံယဉ်ကျေးမှုဆပ်ကော်မတီ အစည်းအဝေးဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ Novotel Yangon Max Hotel Pyay Room ၌ ကျင်းပသည်။

**တက်ရောက်**

ဖွင့်ပွဲအခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီး ဒေါ်နုမြဲ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးအောင်ဝင်းသိန်း၊ ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေး၊ အာဆီယံနိုင်ငံများမှ သံရုံးအကြီးအကဲများ၊ အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက (၂၄)ကြိမ်မြောက် အာဆီယံယဉ်ကျေးမှုဆပ်ကော်မတီ အစည်းအဝေး၏ ဆောင်ပုဒ်ဖြစ်သည့် "အာဆီယံဂုဏ်ပြုယဉ်ကျေးမှု"သည် အာဆီယံဒေသအတွင်း ပြည်သူများ၏အကျိုးအတွက်သာမက ဒေသတွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ကြွယ်ဝပြည့်စုံရေးများကို တိုးတက်ထိန်းသိမ်းရန်အတွက် ရည်ရွယ်ခြင်းဖြစ်ပါကြောင်း၊ အာဆီယံ-ယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီကို ၁၉၇၈ ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်ခဲ့သည့် အချိန်မှစ၍ ယဉ်ကျေးမှုနှင့် ပြန်ကြားရေးကဏ္ဍတွင် အကျိုးရှိသည့် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်ရန် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံယဉ်ကျေးမှုဆပ်ကော်မတီ အစည်းအဝေးများကို အိမ်ရှင်အဖြစ် လက်ခံဆောင်ရွက်လျက်ရှိရာ ၂၀၀၂ ခုနှစ်တွင် (၄)ကြိမ်မြောက်နှင့် ၂၀၁၃ ခုနှစ်တွင် (၁၄) ကြိမ်မြောက်လက်ခံကျင်းပခဲ့ပြီး ယခုကျင်းပသည့် (၂၄)ကြိမ်မြောက် အာဆီယံ-ယဉ်ကျေးမှုဆပ်ကော်မတီအစည်းအဝေးသည် တတိယအကြိမ်လက်ခံကျင်းပသည့် အစည်းအဝေးဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ အာဆီယံ၏တာဝန်ဝတ္တရားများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် တာဝန်ရှိသကဲ့သို့ မိတ်ဆွေအာဆီယံနိုင်ငံများနှင့်အတူ ငြိမ်းချမ်းသော၊ ကြွယ်ဝပြည့်စုံသော အာဆီယံအသိုက်အဝန်းကြီးထူထောင်ရေး ရည်မှန်းချက်များရရှိရေးအတွက် ဆက်လက်ဆောင်ရွက်ရန် ရည်မှန်းချက်များထားရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးအောင်ဝင်းသိန်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။





**ဆွေးနွေးဆုံးဖြတ်အတည်ပြု**

ဆက်လက်၍ (၂၄)ကြိမ်မြောက် အာဆီယံ-ယဉ်ကျေးမှုဆပ်ကော်မတီ အစည်းအဝေးကို Pyay ခန်းမ၌ကျင်းပရာ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ (၂၄)ကြိမ်မြောက် အာဆီယံ-ယဉ်ကျေးမှု ဆပ်ကော်မတီ အစည်းအဝေးသဘာပတိနှင့် မြန်မာကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး အာဆီယံဒေသတွင်း ဆောင်ရွက်လျက်ရှိသော ယဉ်ကျေးမှုဆိုင်ရာကဏ္ဍနှင့် ပတ်သက်၍ဆောင်ရွက်ပြီး စီမံကိန်းများ၊ ဆောင်ရွက်ဆဲစီမံကိန်းများ၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် ဆက်လက်တင်သွင်းမည့်စီမံကိန်းအသစ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ် အတည်ပြုကြသည်။

ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီးက အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့များအား Novotel Yangon Max Hotel ပုသိမ်ခန်းမ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံရာ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ ကျောင်းသားကျောင်းသူလေးများက မြန်မာ့ရိုးရာယဉ်ကျေးမှု အက၊ အလှများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးက အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များအား အမှတ်တရလက်ဆောင်ပစ္စည်းများနှင့် ဖျော်ဖြေတင်ဆက်ခဲ့သည့် ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကွတ်ခိုင်မြို့၌ မူးယစ်ဆေးဝါးအန္တရာယ်၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်းနှင့် မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကျင်းပ

**ကွတ်ခိုင် ဩဂုတ် ၂၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ်၌ မူးယစ်ဆေးဝါးအန္တရာယ်၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်းနှင့် မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို ယနေ့မွန်းလွဲ ၁ နာရီက အထက(၁) ကျောင်း ရွှေဂန္ဓမာခန်းမ၌ ကျင်းပသည်။

ဦးစွာ ကွတ်ခိုင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်က အဖွင့် အမှာစကားပြောကြားပြီး အမှတ်(၅၉) မူးယစ်တပ်ဖွဲ့စု ကွတ်ခိုင်တပ်ဖွဲ့စုမှူး ရဲမှူးမြင့်နိုင်ဦးက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးအန္တရာယ်အကြောင်း၊ မူးယစ်ဆေးဝါးဆိုင်ရာပြစ်မှု၊ ပြစ်ဒဏ်များ၊ ကျောင်းသား ကျောင်းသူများ သိရှိလိုက်နာသင့်သည့် အချက်များကိုလည်းကောင်း၊ အမှတ်(၁၂၅) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးဆယ် (ကွတ်ခိုင်တပ်ဖွဲ့စိတ်) တပ်ဖွဲ့စိတ်မှူး ရဲအုပ်သက်နိုင်ဦးက ယာဉ်မောင်းသူများ လိုက်နာရမည့်ယာဉ်စည်းကမ်းများ၊ လမ်းဖြတ်ကူးသွားလာနေသည့် ပြည်သူအများ လိုက်နာရမည့်လမ်းစည်းကမ်းများ၊ ယာဉ်တိုက်မှုဖြစ်ပွားစေသည့် အဓိကအကြောင်းရင်းများ၊ မြို့တွင်းလမ်းမများတွင် သတ်မှတ်ထားရှိသည့် သင်္ကေတအမှတ်အသားအဓိပ္ပာယ်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ ဖောက်ဖျက်ပါက ကျခံရမည့် ပြစ်မှုနှင့်ပြစ်ဒဏ်များအကြောင်းကိုလည်းကောင်း၊ ကွတ်ခိုင်ခရိုင်ရဲတပ်ဖွဲ့မှူးရုံး ဒုတိယရဲမှူးလှထွန်းက မှုခင်းများလျော့နည်းကျဆင်းရေး၊ ခိုး၊ ဆိုး၊ လု၊ နှိုက် အမှုများ မဖြစ်ပွားစေရေး၊ လူကုန်ကူးမှုအန္တရာယ်



တားဆီးကာကွယ်ရေးနှင့်ပတ်သက်သည့် ပြစ်မှုနှင့်ပြစ်ဒဏ်များ၊ ဆောင်ရန်/ရှောင်ရန် အချက်များကိုလည်းကောင်း ပရိုဂျက်တာဖြင့် ရှင်းလင်း ဟောပြောခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## ၂၀၂၃ ခုနှစ်၊ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။



## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မြန်မာအီလက်ထရွန်နစ်မဲပေးစက်နှင့်စပ်လျဉ်းပြီး ဝန်ကြီးဌာနများအား ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းများဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၉

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မြန်မာအီလက်ထရွန်နစ်မဲပေးစက်နှင့်စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းကို ယနေ့နံနက်ပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမနှင့် မွန်းလွဲပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမတို့၌ ကျင်းပသည်။

အခမ်းအနားများသို့ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်နှင့် ဒေါက်တာအောင်ကြီး၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦးနှင့် ဦးကိုကိုလွင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများက မြန်မာအီလက်ထရွန်နစ် မဲပေးစက်နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး စမ်းသပ်မဲပေးခြင်းများကို ဆောင်ရွက်ကြသည်။

### လက်တွေ့ဆန္ဒမဲပေး

ရှင်းလင်းဆွေးနွေးခြင်းနှင့်သရုပ်ပြပွဲများသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်း ၁၈၂ ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်း ၁၇၈ ဦး တက်ရောက်ကြပြီး မဲပေးစက်ဖြင့် လက်တွေ့ဆန္ဒမဲပေးကြသည်။

Myanmar Electronic Voting Machine (MEVM) စက်ကို ရွေးကောက်ပွဲများတွင် အသုံးပြုဆောင်ရွက်ခြင်းဖြင့် အကျိုးကျေးဇူးများစွာရရှိမည့်အပြင် နည်းပညာခေတ်၌ ဒီမိုကရေစီစံနှုန်းများနှင့်အညီ အဆင့်အတန်းပြည့်မီသော ရွေးကောက်ပွဲများကို လွတ်လပ်မှု၊ တရားမျှတမှု၊ ဂုဏ်သိက္ခာရှိမှုတို့ဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



## ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာရေးအဖွဲ့(IOM)မှ အကြီးအကဲ Mr. Dragan Aleksoski နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ



နေပြည်တော် ဩဂုတ် ၂၉

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်းသည် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့(IOM)မှ အကြီးအကဲ Mr. Dragan Aleksoski နှင့်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် IOM အဖွဲ့မှ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နေသည့် မိခင်နှင့်ကလေးကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ၊ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ငှက်ဖျားရောဂါ၊ တီဘီရောဂါနှင့် ခုခံကျကာလသားရောဂါ ကာကွယ်ကုသရေးလုပ်ငန်းများ ပိုမိုပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များ၊ ဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် ရွှေ့ပြောင်းလုပ်သား မိသားစုဝင်များ၏ ကလေးများအား အမီလိုက်ကာကွယ် ဆေးထိုးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များ၊ ဝန်ကြီးဌာနနှင့် နားလည်မှုစာချွန်လွှာ သက်တမ်းတိုး ဆောင်ရွက်နေသည့်ကိစ္စရပ်များ၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ကျန်းမာရေးလုပ်ငန်းများ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ လှည်းကူးမြို့နယ် လျှပ်စစ်မန်နေဂျာရုံးနှင့် ဓာတ်အားခွဲရုံများ ကွင်းဆင်းစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၉

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးအောင်ကျော်ဦးသည် ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် လျှပ်စစ်မန်နေဂျာရုံးသို့ ရောက်ရှိပြီး 66/33/11 kV, (60)MVA လှည်းကူးဓာတ်အားခွဲရုံ၌ ဓာတ်အားဖြန့်ဖြူးမှုစနစ် တိုးတက်ကောင်းမွန်စေရေး၊ ဓာတ်အားပြတ်တောက်မှု လျော့နည်းကျဆင်းရေးအတွက် လိုအပ်သည်များ စစ်ဆေးမှာကြားသည်။

ထို့နောက် အသစ်တည်ဆောက်သုံးစွဲလျက်ရှိသည့် လှည်းကူးမြို့နယ် လျှပ်စစ်မန်နေဂျာရုံး အဆောက်အအုံကိုစစ်ဆေးပြီး ဝန်ထမ်းများနှင့်တွေ့ဆုံကာ လျှပ်စစ်မီတာများစနစ်တကျ ဖတ်ရှုရေး၊ လယ်ဂျာနှင့်စာရင်းဇယားများမှန်ကန်ရေး၊ ဝန်ထမ်းအလွဲသုံးစားမှုများ ကင်းရှင်းစေရေးတို့နှင့်စပ်လျဉ်း၍ မှာကြားသည်။

သတင်းစဉ်



**သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ၏။**

# မြန်မာ့စာတတ်မြောက်ရေးသမိုင်းအစ မိတ္ထီလာခရိုင်က

ဒေါက်တာမောင်သင်း

**စာမတတ်သူ၊ တို့ဝိုင်းကူစို့။**
**ဖေးမဆွဲထူ၊ တို့ဝိုင်းကူလျှင်**
**မတတ်သူတို့၊ တတ်လာမည်။**
**ကြီးကောင်ဝင်မှ၊ စာသင်ရသူ၊ တို့ဝိုင်းကူစို့၊**
**ဖေးမဆွဲထူ၊ တို့ဝိုင်းကူလျှင်**
**သူလည်းမကြာ၊ တတ်လာမည်။**
**ကြီးသူငယ်သူ၊ အရွယ်မတူ**
**တို့ဝိုင်းကူလျှင် _ _ _ _**
**မတတ်ဘယ်သူရှိအံ့နည်း။**
**(မောင်လင်းကြည်)**

ကဗျာဆရာ၏ "တို့ဝိုင်းကူ" ဟူသည့် "စေတနာ့ဝန်ထမ်း လူထုပူးပေါင်းပါဝင်အကောင်အထည်ဖော်မှု"သည် မြန်မာ့စာတတ်မြောက်ရေးလုပ်ငန်း အောင်မြင်ရေး၏ အဓိကသော့ချက်ဖြစ်ခဲ့ကြောင်း သမိုင်းမှတ်တမ်းရှိခဲ့ပါသည်။ နိုင်ငံတကာစာတတ်မြောက်ရေးကြိုးပမ်းမှုသည် ၁၉၆၅ ခုနှစ် စက်တင်ဘာလ ၈ ရက်နေ့မှစတင်ပြီး ၁၂ ရက်တိုင်တိုင် အီရန်နိုင်ငံ တီဟီရန်မြို့၌ ကျင်းပခဲ့သည့် "ကမ္ဘာ့စာတတ်မြောက်ရေးကွန်ဂရက်" စတင်ခဲ့သည့်နေ့ကို ဂုဏ်ပြု၍ ၁၉၆၆ ခုနှစ် ယူနက်စကို အထွေထွေညီလာခံကြီးက သတ်မှတ်ခဲ့ပေသည်။

မြန်မာနိုင်ငံအနေဖြင့် ယူနက်စကိုထက် နှစ်နှစ်စော၍ ၁၉၆၄ ခုနှစ် နွေရာသီကျောင်းပိတ်ရက်ကတည်းက စတင်ကာ စာမတတ်သူ ပပျောက်ရေးလုပ်ငန်းကို "စေတနာ့ဝန်ထမ်း လုပ်အားပေးဆရာလောင်းများ"ဖြင့် စတင်ခဲ့ကြောင်း မှတ်တမ်းများအရ လေ့လာသိရှိရပေသည်။ နောက်ပိုင်းတွင် အထက်ပါကဗျာမှာ ညွှန်းသကဲ့သို့ တစ်တိုင်းပြည်လုံး အာဏာပိုင်အဖွဲ့များနှင့် လှည်းနေလှေအောင်း မြင်းဇောင်းမကျန် ဝိုင်းဝန်းကူညီကြကာ နိုင်ငံအနှံ့ လူထုလှုပ်ရှားမှုအသွင်ဖြင့် ကြိုးပမ်းခဲ့ကြ၍ တစ်နိုင်ငံလုံး ၉၂ ရာခိုင်နှုန်းကျော် စာတတ်မြောက်ခဲ့ကြပေသည်။

**"အ"သုံးလုံးကျေလုပ်ငန်း "ပထမ" ငါးကြိမ်ရ မိတ္ထီလာခရိုင်**

မြန်မာနိုင်ငံ စာတတ်မြောက်ရေးလုပ်ငန်းကို တစ်ပြည်လုံးတွင် လူထုပူးပေါင်းပါဝင်လှုပ်ရှားမှုအသွင်ဖြင့် အစိုးရအာဏာပိုင်များ (ထိုအချိန်က ပါတီ၊ ကောင်စီ) "အ"သုံးလုံး ဗဟိုကော်မတီဝင်တို့၏ ဦးဆောင်မှုအောက်တွင် လူထုလူတန်းစားများ၊ စာပေပညာရှင်များ၊ ဂီတပညာရှင်များ၊ အနုပညာရှင်များ၊ တက္ကသိုလ်၊ ကောလိပ်သိပ္ပံများမှ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသအသီးသီးမှ ရပ်မိရပ်ဖများ၊ လုပ်အားပေးများ၊ အလှူရှင်များ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ရာတွင် မိတ္ထီလာခရိုင်သည် "ပထမ" ငါးကြိမ်ရရှိခဲ့ပါသည်။

**(က) မြန်မာ့ "အ"သုံးလုံးကျေသင်တန်းအစ မိတ္ထီလာသား ဆရာလောင်းလေးဦးက**

၁၉၆၂ ခုနှစ်တော်လှန်ရေးကောင်စီလက်ထက်တွင် ပညာရေးအထူးအရာရှိ (ဆရာအတတ်သင်)မှာ ဦးသံဖျင်ဖြစ်ပါသည်။ ဆရာအတတ်သင်ကိစ္စ အထူးအရာရှိဖြစ်သဖြင့် ဆရာကြီးသည် ရန်ကင်းကန်ဘဲ့ပညာရေးကောလိပ်တွင် ရုံးထိုင်၍ မန္တလေးနှင့်မော်လမြိုင် ဆရာအတတ်သင် အလယ်တန်းသင်တန်းများသို့ သွားရောက်ပြီး **"ဆိုရှယ်လစ်ပညာရေး"** အကြောင်း ပို့ချပါသည်။ ၁၉၆၃ ခုနှစ်ကုန်၍ ၁၉၆၄ ခုနှစ် နွေရာသီကျောင်းပိတ်ရက်တွင် မိတ္ထီလာနယ်မှ ဆရာလောင်းလေးဦးသည် ဆရာကြီးအား အိမ်ပြန်ခါနီး လာရောက်နှုတ်ဆက်ကန်တော့ကြပါသည်။


ယင်းလေးဦးမှာ မူလတန်းဆရာဖြစ်သင်တန်းမှ (၁) မောင်စန်းမောင်၊ (၂) မောင်အောင်သန်း၊ (၃) မောင်သိန်းတို့ သုံးဦးနှင့် အလယ်တန်းဆရာဖြစ်သင်တန်းမှ မောင်သန်းရှိန်တို့ဖြစ်ပါသည်။

မူလတန်းပြဆရာလောင်းသုံးဦးမှာ တစ်နှစ်သင်တန်းပြီးဆုံး၍ အပြီးပြန်ကြရန်ဖြစ်ပါသည်။ ကန်တော့ရန်လာကြသည့် တပည့်များအား ဆရာကြီးက "ဒီကျောင်းနှစ်လပိတ်တုန်း **'အမျိုးသားရေး'**အတွက် အကျိုးရှိမယ့်လုပ်ငန်းတစ်ခုလုပ်ရင် မကောင်းပေဘူးလား" ဟုမေးရာ ကျောင်းသားများက "လုပ်ချင်ပါကြောင်း၊ ဘာလုပ်ရမှန်းမသိ၍ ဘယ်လိုလုပ်ရမယ်ဆိုတာ အကြံပေးစေလိုကြောင်း" ပြောကြားသည့်အခါ ဆရာကြီးက ဆရာလောင်းများဖြစ်ကြ၍ ရွာတစ်ရွာသွားပြီး တစ်လအတွင်း စာမတတ်သည့် သက်ကြီးရွယ်အိုများကို စာသင်ပေးသည့် လုပ်အားပေးလုပ်ငန်းကို ဆောင်ရွက်ရန် တိုက်တွန်းသည်။

ပြီးလျှင် တစ်လအတွင်း စာတတ်မြောက်အောင်သင်သည့်နည်းကို နောက်သုံးရက်အတွင်း ဆရာကြီးက သင်ကြားပြသပေးလိုက်သည်။ ထိုသုံးရက်တွင် စာသင်နည်း၊ ရပ်ရွာလူထုစည်းရုံးနည်းနှင့် စားသောက်နေထိုင်ရန်အတွက် စားစရာနှင့် ဌာနတို့အား "အ"သုံးလုံးသင်ကြားပေးမည့် အစီအစဉ်များကို ရှင်းပြရင်း ခွင့်ပြုချက်တောင်းခံကြပါသည်။ မြို့နယ်လူကြီးများက သဘောတူရုံတွင်မကပါ အဘက်ဘက်မှအားပေးကူညီကြသည့်အခါ "သဖန်းစံပြကျေးရွာ "အ" သုံးလုံးသင်တန်းဖွင့်ပွဲ" အခမ်းအနားကျင်းပနိုင်ခဲ့သည်။ ရွာနီးချုပ်စပ်ကျေးရွာများကို ဖိတ်ကြား၍ အတုယူစေခဲ့ပါသည်။ ဤသို့လျှင် အမျိုးသားရေးအတွက် မြန်မာ့စာတတ်မြောက်ရေးလုပ်ငန်းကို မိတ္ထီလာနယ်သားကျောင်းဆရာလောင်းလေးဦးက "ပထမဆုံး" အစပျိုးဖွင့်လှစ်အကောင်အထည်ဖော်ခြင်း ဖြစ်ပါသည်။

**(ခ) "အ" သုံးလုံးကျေ မျက်ဖွင့်သင်တန်းအစ သဖန်းစံပြကျေးရွာက**

မိတ္ထီလာမြို့နယ် သဖန်းစံပြကျေးရွာတွင် ပထမဆုံးဖွင့်လှစ်သည့် "အ"သုံးလုံးသင်တန်းဖွင့်ပွဲ အခမ်းအနားသို့ စုစုပေါင်းလူဦးရေ တစ်ထောင်ခန့်



နိုင်ငံတကာစာတတ်မြောက်ရေးဆုကို "အ" သုံးလုံးကျေသင်တန်းကြီးကြပ်ညှိနှိုင်းရေး ဗဟိုကော်မတီအတွင်းရေးမှူး ဦးသန်းဦး လက်ခံရယူစဉ်။ (၁၉၇၁ ခုနှစ် စက်တင်ဘာလ ၈ ရက် ယူနက်စကိုဌာနချုပ် ပဲရစ်မြို့)

ချက်ပြုတ်စားသောက်ရန် ပန်းကန် အိုး၊ ခွက်များယူသွားကြရန်ပါ မှာကြားခဲ့သည်။ လုပ်အားပေးအကြောင်းပြပြီး ရွာမှာ ထမင်းအလကားလာစားသည်ဟု အထင်မခံကြစေရန်ဖြစ်ပါသည်။

ဆရာလောင်းလေးဦးသည် မိတ္ထီလာပြန်ရောက်သော် စိုက်ပျိုးရေးဌာနက "စံပြ" အဖြစ် သတ်မှတ်ထားသည့် "သဖန်းစံပြ" ရွာသို့ သွားရောက်၍ ကျေးရွာလူကြီးများအား လုပ်ဆောင်မည့်အစီအစဉ်ကို ချပြဆွေးနွေးသည်။ ရွာလူကြီးများကလည်း စိတ်ပါဝင်စားသည်။ စာမတတ်သည့် ရွာသူ ရွာသားများကို စာသင်ပေးရန် သဘောတူခဲ့ကြသည်။ သင်တန်းဖွင့်လှစ်ရန် စီစဉ်ကြပါတော့သည်။

ကျေးရွာများမှ လူကြီးများက သဘောတူသည့်အခါ မြို့ပြန်၍ ထိုခေတ်အခါက (၁၉၆၄ ခုနှစ်) မြို့နယ်တာဝန်ရှိသူများဖြစ်ကြသည့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီနှင့် ပညာရေး တက်ရောက်ခဲ့ပါသည်။ "အ"သုံးလုံးသင်တန်းသားအနေဖြင့် လူ ၂၀၀ နီးပါး တက်ရောက်သင်ကြားခဲ့ကြောင်းနှင့် သူတို့လေးဦးက လေးဖွဲ့ခွဲပြီး သင်ကြားခဲ့ရာ တစ်လကုန်၍ စစ်ဆေးပြီးသောအခါ ၁၀၀ နီးပါး စာတတ်မြောက်ခဲ့သည်ဟု အလယ်တန်းဆရာဖြစ်သင်တန်းသားဆရာလောင်း မောင်သန်းရှိန်က ဆရာကြီးဦးသံဖျင်ထံ အစီရင်စာပေးပို့ခဲ့သည်ဟု သိရပါသည်။

**ဆရာကြီးက ကိုယ့်စရိတ်ဖြင့် သင်ကြားရန်ဆိုသဖြင့် အိုးခွက်၊ ပန်းကန်များ ချက်ပြုတ်စားသောက်ရန် ယူသွားရာ ရွာသားများက ချက်စားခွင့်မပြုပါ။ အိုးခွက်များကို ရွာသားများက ဖွက်ထားခဲ့ပြီး ဆရာလေး လေးယောက်အား တစ်အိမ်ထောင်လျှင် တစ်နပ်ကျွေးရန် ကျေးရွာလူကြီးက ဇယားဆွဲ၍ ထမင်းကျွေးတာဝန်ချထားရာ ပြန်လာသည်အထိ အိမ်စေ့အောင် မစားခဲ့ရပေ။**

အဆိုပါ ဆရာလောင်း မောင်သန်းရှိန်၏ သဖန်း


၁၉၆၉ ခုနှစ် "အ" သုံးလုံးသင်တန်း လုပ်အားပေးဆရာများအား ဂုဏ်ပြုလွှာ

စံပြကျေးရွာ "အ"သုံးလုံး မျက်ဖွင့်သင်တန်း အစီရင်ခံစာကို ပညာရေးဌာနတာဝန်ခံ ဗိုလ်မှူးကြီး လှဟန်နှင့် မိတ္တူများကို အတွင်းဝန်ပညာညွှန်ကြားရေးဝန်နှင့် လက်ထောက်ညွှန်ကြားရေးဝန်ထံ တင်ပြခဲ့ပါသည်။ ထိုအတွေ့အကြုံကို ယူ၍ သက်ကြီးစာမတတ်သူ ပပျောက်ရေးလုပ်ငန်းကို ဆောင်ရွက်ရန် ၁၉၆၅ ခုနှစ် ဒီဇင်ဘာလတွင် "အ"သုံးလုံးကျေသင်တန်း ကြီးကြပ်ညှိနှိုင်းရေး ဗဟိုကော်မတီကို ဖွဲ့စည်းခဲ့ပါသည်။ ထိုအဖွဲ့အောက်တွင် ခရိုင်အဆင့်၊ မြို့နယ်အဆင့်၊ ကျေးရွာအုပ်စုအဆင့်၊ အခြေစိုက်စခန်းအဆင့်ဟူ၍ ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။

ဤသို့ဖြင့် မိတ္ထီလာမြို့နယ် သဖန်းစံပြကျေးရွာသည် "မြန်မာ့ "အ"သုံးလုံးကျေ စာတတ်မြောက်မှုလုပ်ငန်းအစပြုရာ ပထမကျေးရွာ" အဖြစ် သမိုင်းမှတ်တမ်းထိုးနိုင်ခဲ့သည်။ "အ" သုံးလုံး အစပျိုးသည့်သင်တန်းကို **မျက်ဖွင့်သင်တန်းဟုဆိုရခြင်းမှာ ရှေးယခင်က ပညာရေးလုပ်ငန်းကို ပညာရေးဌာနသက်သက်ကသာ ဆောင်ရွက်ခဲ့ကြသည်။ ယခုသင်တန်းမှာ "ပြည်သူပူးပေါင်းပါဝင်မှုသာ အဓိက" ဖြစ်ကြောင်း တစ်တိုင်းပြည်လုံး၏အမြင်ကို ဖွင့်ပေးလိုက်ခြင်းဖြစ်သဖြင့် "မျက်ဖွင့်"သင်တန်းဟု သုံးစွဲရခြင်းဖြစ်ကြောင်း "အ"သုံးလုံးကျေသင်တန်းကြီးကြပ်မှု ညှိနှိုင်းဗဟိုကော်မတီအတွင်းရေးမှူးသက်တော်ရှည် (ယနေ့ ၉၆ နှစ်) ဆရာကြီး ဒေါက်တာသန်းဦးက ဖွင့်ဆိုခဲ့ပါသည်။**

**(ဂ) ဝ၊ ထ၊ က၊ လ၊ သ၊ သင်နည်းသစ်အစ သဖန်းစံပြကျေးရွာကပင်**

ဆရာကြီးဦးသံဖျင်သည် သူ့တပည့်ဆရာလောင်းလေးဦးကို တစ်လအတွင်း၊ တစ်နည်းအားဖြင့် နာရီ ၈၀ အကြာဆုံးထားပြီး မြန်မာစာအရေးအဖတ်ကို တတ်မြောက်စေရန် သင်ကြားနည်းကို တီထွင်ပေးလိုက်သည်။ "သက်ကြီးရက်တိုသင်တန်းလမ်းညွှန်" အမည်တွင်ခဲ့သည်။ ပုံမှန်အားဖြင့် ကျွန်တော်တို့သည် မြန်မာစာပေသင်ကြားရာတွင် ဗျည်း ၃၃ လုံးကို အသံထွက်တတ်၊ ဖတ်တတ်၊ ရေးတတ်အောင် လအတော်ကြာသည်အထိ အရင်သင်ကြားရပါသည်။ ပြီးနောက် "သရ" ၁၂ လုံးကို ဆက်လက်သင်ကြားရပါသည်။ ဆရာကြီး ဦးသံဖျင်က "သက်ကြီးတွေဆိုတာ စားဝတ်နေရေးအတွက် အချိန်ပေးနေရတာကြောင့် မအားလပ်ကြပါ။ သမားရိုးကျသင်နည်းနဲ့ သင်ပေးနေရင် သူတို့အတွက် အချိန်တော်တော်ကြာ ပေးကြရမှာ၊ အတန်းပျက်မှု များလာနိုင်တယ်။

**စာမျက်နှာ ၇ သို့ ***

# သဘာဝဘေးသင့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မူလအခြေအနေထက် သာလွန်ကောင်းမွန်စေရမည်

**နေပြည်တော် ဩဂုတ် ၂၉**

အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ၏ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။



**ဖြန့်ဝေပေးနိုင်ခဲ့**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်နယ်အစိုးရအဖွဲ့တို့နှင့် ပူးပေါင်းပြီး ရခိုင်ပြည်နယ်အတွင်းရှိ သဘာဝဘေးဒဏ်သင့် ဒေသများအတွက် ရွှေ့လျားရေသန့်စင်ကားရှစ်စီးဖြင့် ရေဂါလန် ၁၂ ဒသမ ၅၃ သိန်း၊ မိုဘိုင်းဆိုလာရေသန့်စင်စနစ် အခု ၂၀ ဖြင့် ရေဂါလန် သုည ဒသမ ၆၄ သိန်း၊ Life Straw ရေသန့်စနစ်ဖြင့် ရေဂါလန် ၄ ဒသမ ၆၂ သိန်း စုစုပေါင်းသောက်သုံးရေဂါလန် ၁၇ ဒသမ ၇၉ သိန်းကို ဖြန့်ဝေပေးနိုင်ခဲ့ကြောင်း၊ သောက်သုံးရေများ သယ်ယူရန် 20 Liter Bucket ရေပုံးများကိုလည်း ဖြန့်ဝေပေးခဲ့ကြောင်း၊ ထို့အပြင် ရေကြီးရေလျှံမှုများကြောင့် ဆားငန်ရေများ ဝင်ရောက်ခဲ့သည့် မြေသားရေကန် ၂၃၃ ကန်ကိုလည်း ရေငန်များစုပ်ထုတ်ခြင်း၊ နုန်းအနည်အနှစ်များ စုပ်ထုတ်ခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း၊ သောက်သုံးရေများ အမြန်ရရှိရေး လက်တူးတွင်းများ တူးဖော်ခြင်း၊ ရေစုကန်/ ရေစက်ရုံ၊ ရေစင်အမိုးများ ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများကို ဌာနဘတ်ဂျက်နှင့် ယူနီဆက်ဘတ်ဂျက်တို့ဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လတ်တလော ဆောင်ရွက်ရမည့် ကျေးရွာချင်းဆက်လမ်းနှင့် တံတားများ၊ ကုန်ထုတ်လမ်းတံတားများ၊ မီးလင်းရေးလုပ်ငန်းများ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ယခုဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိပြီး အချို့လုပ်ငန်းများကိုလည်း လာမည့်ဘဏ္ဍာနှစ်တွင် လျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ပြန်လည်ထူထောင်ရေး လုပ်ငန်းများအဖြစ် သမဝါယမဦးစီးဌာနအနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မိုးစပါးစိုက်ပျိုးထုတ်လုပ်ရေးစီမံကိန်း မြို့နယ် ၁၂ မြို့နယ်ရှိ သမဝါယမအသင်း ၄၃ သင်းမှ အသင်းသားတောင်သူများ၏ စိုက်ဧက ၆၁၁၈ ဧကအတွက် လိုအပ်သော GW-11 မျိုးစပါး (20 Kg) အိတ် ၅၅၁ အိတ်၊ အခြားစပါးမျိုး ၅၅၆၇ တင်း၊ ပုလဲခတ်မြေဩဇာ(50 Kg) ၄၂၃၆ အိတ်၊ ကွန်ပေါင်း/ တီစူပါ (50 Kg) အိတ် ၆၄၆၀ တို့ကို ပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ပေါ်ဆန်းရင် မျိုးစပါး ၄၀၀၆၇ တင်း၊ GW-11 မျိုးစပါးတင်း ၂၁၅၀၀၊ နံ့ကောက်မျိုးစပါးတင်း ၇၈၃၀၊ ကြာပျံမျိုးစပါးတင်း ၄၀၀၀ ထောက်ပံ့ပေးအပ်ခဲ့ရာ ယနေ့အထိ စိုက်ပျိုးဧက ၆၂၅၄၆ ဧကတွင် စိုက်ပျိုးခဲ့ပြီးဖြစ်ကြောင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် ကျွဲ၊ နွားကောင်ရေ ၁၁၃၂၄ ကောင်ကို ကာကွယ်ဆေးများ ထိုးနှံပေးနိုင်ပြီး ကုသခြင်းအနေဖြင့် ကျွဲ၊ နွား၊ ဝက်ကောင်ရေ ၇၃၁ ကောင်ကို ကုသပေးနိုင်ခဲ့ကြောင်း၊ စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် မိုးစပါးများ အချိန်မီစိုက်ပျိုးနိုင်ရေး စိုက်ပျိုးဧက ၁၉၉၂၉ ဧကကို ထွန်ယက်ပေးနိုင်ခဲ့ကြောင်း ပြောကြားသည်။

ဆက်လက်၍ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီအတွင်းရေးမှူး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်နှင့် ကော်မတီဝင်များက ဌာနအလိုက် ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ပျက်စီးဆုံးရှုံးသည့် လုပ်ငန်းများ၏ ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ သောက်သုံးရေပြတ်လပ်မှုမရှိစေရေး ရေဖြန့်ဝေခဲ့မှု၊ ရေပေးရေးနှင့် ကျန်းမာသန့်ရှင်းရေးဆိုင်ရာ ထောက်ပံ့ရေးပစ္စည်းဖြန့်ဝေထားရှိမှု အခြေအနေ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေ၊ မျိုးစပါးနှင့် သွင်းအားစုထောက်ပံ့ပေးနိုင်မှု အခြေအနေ၊ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**ကွင်းဆင်းကြည့်ရှု**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ဧပြီ ၂၁ ရက်က လေပြင်းတိုက်ခတ်ခဲ့မှုကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့သော လယ်ဝေးမြို့နယ် တံတားဦးကျေးရွာနှင့် အောင်မြင်ကုန်းကျေးရွာသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာတာဝန်ရှိသူများက ကျေးရွာရှိ ရေတွင်းရေကန်များအား တွင်းဆေးတွင်းမှုတ်သန့်စင်ပေးနိုင်ခဲ့မှု၊ ရေသန့်စင်ကားဖြင့် ရက်ပေါင်း ၂၁ ရက်ကြာ သောက်သုံးရေများ ဖြန့်ဝေပေးခဲ့မှု၊ အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပေးခဲ့မှုနှင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ကျေးရွာပြည်သူများက တင်ပြသည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

✻ စာမျက်နှာ ၆ မှ

ဘယ်နည်းနဲ့မှ ယခင်နည်းဟောင်းနဲ့ သင်လို့မရနိုင်၊ သင်နည်းသစ်ကို တီထွင်မှဖြစ်မယ်”ဆိုပြီး “ဝ” “ထ” “က” “လ” “သ” ဆိုသည့် ဗျည်းငါးလုံးကို အရင်ဆုံးရေးသားနည်းကို သင်ပါသည်။

၁၅ မိနစ်အတွင်း ဗျည်းငါးလုံး ရေးတတ်ပြီဆိုမှ အသံထွက်နည်းကိုသင်ရာတွင် “ဝ” လုံးဟု မသင်ရပါ။ “ဝ” ပဲ အသံထွက်စေရမည်၊ ထဆင်ထူးဟု မပြောရပါ၊ “ထ” ဟုသာ အသံထွက်ပါ။ ကကြီးဟု မဆိုရပါ၊ “က” ဟုသာ အသံထွက်စေခြင်းပါ၊ ဆိုလိုသည်မှာ ဝပဲ၊ ထပဲ၊ ကပဲ ဟုသာ အသံထွက်ခိုင်းရပါသည်။ ဤသို့ဆိုလျှင် ခဏအတွင်းမှာ အဆိုပါငါးလုံးကို ရေးလည်းရေးပြ၊ အသံထွက်လည်း ဖတ်စေသလို ဝ၊ ဝ၊ ဝ ဟု အရေးခိုင်း၊ ငါးလုံးကိုလည်း ကျောက်သင်ပုန်းမှာ အရေးခိုင်းခြင်းဖြင့် ခေါင်းထဲမှာ စွဲလာပါသည်။

အဆိုပါ ဗျည်းငါးလုံးကို ပိုင်ပိုင်နိုင်နိုင် ရေးတတ်၊ ဆိုတတ်၊ အသံထွက်တတ်ပြီဆိုမှ ရေးချ (-ာ) သရနှင့် တွဲပြီးရေးခိုင်း၊ အသံထွက်ခိုင်းသည့်အဆင့်ကို တက်ရပါသည်။ ထိုအခါ ဝါ၊ ထာ၊ ကာ၊ လာ၊ သာ ကို ရေးတတ်၊ ဆိုတတ်လာပါသည်။ ယင်းတို့ကို ရေးခိုင်း၊ အသံထွက်တတ်ပြီဆိုလျှင် တစ်ဆင့်တက်ကာ (-ား) သရနှင့်တွဲရေးတတ် အသံထွက်ဖတ်စေရပါသည်။ ထိုအခါ ဝါး၊ ထား၊ ကား၊ လား၊ သား စသည်ဖြင့် ရေးတတ်၊ ဖတ်တတ်လာပါသည်။ ယင်းနောက် စကားလုံးဖြစ်အောင်ရေးပြီး ဖတ်တတ်အောင်သင်ကြားပေးခဲ့ပါသည်။ ဥပမာ -

> ❛မိတ္ထီလာမြို့နယ် သဖန်းစံပြကျေးရွာသည် “မြန်မာ့ “အ”သုံးလုံးကျေးစာတတ်မြောက်မှုလုပ်ငန်း အစပြုရာ ပထမကျေးရွာ” အဖြစ် သမိုင်းမှတ်တမ်းထိုးနိုင်ခဲ့သည်။ “အ”သုံးလုံး အစပျိုးသည့်သင်တန်းကို မျက်ဖွင့်သင်တန်းဟု ဆိုရခြင်းမှာ ရှေးယခင်က ပညာရေးလုပ်ငန်းကို ပညာရေးဌာနသက်သက်ကသာ ဆောင်ရွက်ခဲ့ကြသည်။ ယခုသင်တန်းမှာ “ပြည်သူပူးပေါင်းပါဝင်မှုသာအဓိက” ဖြစ်ကြောင်း တစ်တိုင်းပြည်လုံး၏အမြင်ကို ဖွင့်ပေးလိုက်ခြင်းဖြစ်သဖြင့် “မျက်ဖွင့်” သင်တန်းဟု သုံးစွဲရခြင်းဖြစ်❜

**လသာသာ**
**ကမလား**
**ထကမလား**
**သားသားထ**
**ဝသလား**
**လာသာလာ** _ _ _ _ _ စသည်ဖြင့် နေ့ချင်းဖတ်နိုင်အောင် သင်ပေးခဲ့ပါသည်။ တစ်နေ့မှာ တစ်နာရီသင်၊ တစ်နာရီလေ့ကျင့်ပေးလျှင် အကြာဆုံး နာရီ ၈၀ အတွင်း စာရေး၊ စာဖတ်တတ်စေသည့်နည်းဖြင့် သင်ကြားပေးခဲ့ပါသည်။ ဤနည်းဖြင့် ဆရာလောင်းလေးဦးက သင်တန်းသား ၂၀၀ ခန့်အား တစ်လသင်ပြီးသောအခါ ၁၀၀ ခန့် စာရေးစာဖတ်တတ်ခဲ့သည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသဖြင့် **“ဝ၊ ထ၊ က၊ လ၊ သ သင်နည်းအသစ်ကို ပထမဆုံးစမ်းသပ်အောင်မြင်မှုအစ”** မိတ္ထီလာမြို့နယ် သဖန်းစံပြရွာကဟု မှတ်တမ်းတင်နိုင်ခဲ့ပါသည်။ နောက်ပိုင်းတွင် ၅၂ နာရီဖြင့်ရေးတတ်၊ ဖတ်တတ်အောင် သင်နိုင်ခဲ့ပါသည်။ ထိုနည်းသစ်ကို နောင်အခါတွင် သက်ကြီးဖတ်စာပြုစုရေးပြီး ကော်မတီဖွဲ့၍ မွမ်းမံကာ ယနေ့ထိ “အ” သုံးလုံးကျေးသင်တန်းများတွင် အသုံးပြုနေဆဲ ဖြစ်ပါသည်။

**(ဃ) စာတတ်မြောက်မှု စစ်တမ်းကောက်ယူခြင်းအစ မိတ္ထီလာခရိုင်က**

ယခုတင်ပြမည့် စာတတ်မြောက်မှုစစ်တမ်းသည် “အ”သုံးလုံး ခရိုင်လုံးကျွတ် စာတတ်မြောက်ရေး စမ်းသပ်နိုင်ရန်အတွက် မြန်မာနိုင်ငံတွင် ပထမဦးဆုံးပြုလုပ်သည့် ပညာရေးစစ်တမ်းဖြစ်ပါသည်။ ယခင်က ယခု ဆောင်းပါးတစ်နေရာမှာ ဖော်ပြထားသကဲ့သို့ မိတ္ထီလာနယ်သား ဆရာလောင်းလေးဦးက ဦးဆောင်၍ မိတ္ထီလာမြို့နယ် သဖန်းအရှေ့စံပြကျေးရွာတွင် ဝ၊ ထ၊ က၊ လ၊ သ ဗျည်းငါးလုံးစတင်သင်ကြားနည်းဖြင့် “အ”သုံးလုံးကျေးသင်တန်းကို ပဏာမစမ်းသပ်ခဲ့ရာမှ အောင်မြင်မှုရခဲ့ပါသည်။ ယင်းအောင်မြင်မှုကို အခြေပြုကာ ၁၉၆၅ ခုနှစ်၊ ၁၉၆၆ ခုနှစ်၊ ၁၉၆၇ ခုနှစ်၊ ၁၉၆၈ ခုနှစ်တို့တွင် တစ်ပြည်လုံးရှိမြို့နယ်များ၌ ကွက်ကျားဆောင်ရွက်ခဲ့ပါသည်။ အဆိုပါမြို့နယ်များမှ အတွေ့အကြုံကောင်းများကို ထပ်မံရယူ၍ တစ်ခရိုင်လုံးကျွတ်၊ နှစ်ခရိုင်လုံးကျွတ် စာတတ်မြောက်ရေးအစီအစဉ်ကို ချမှတ်ခဲ့ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရန်အလို့ငှာ ယခုခရိုင်စာဖတ်တတ်မှုပညာရေးစစ်တမ်းကို ၁၉၆၉ ခုနှစ်တွင် ကောက်ယူခဲ့ပါသည်။

**စစ်တမ်းကောက်ယူရန် မိတ္ထီလာခရိုင်ကို ရွေးချယ်ရခြင်းမှာ**

(၁) “အ”သုံးလုံးသင်တန်းများ ဖွင့်လှစ်ရန် လုံခြုံရေး ကောင်းမွန်ခြင်း၊
(၂) လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်း၊
(၃) မြို့နယ်အတွင်းရှိ လူထုလူတန်းစားအဖွဲ့များ၊ ပြည်သူများက လိုလိုလားလား လက်ခံခြင်း၊
(၄) ၁၉၆၄ ခုနှစ်တွင် “အ”သုံးလုံးကျေးသင်တန်းကို မြန်မာနိုင်ငံတွင် ပထမဆုံး စမ်းသပ်လုပ်ဆောင်ခဲ့ဖူးရာ အောင်မြင်မှုရှိခဲ့ခြင်း _ _ _ တို့ကြောင့်ဖြစ်ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

# အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကျင်းပ



**နေပြည်တော် ဩဂုတ် ၂၉**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်းကျင်းပသည့်အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိသိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

ဆွေးနွေးပွဲသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့မှ တာဝန်ရှိသူများ၊ ဝန်ကြီးရုံးနှင့်ဦးစီးဌာနများမှ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (CPU) မှ အဖွဲ့ခေါင်းဆောင်နှင့်အဖွဲ့ဝင်များ တက်ရောက်ကြပြီး တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်းများမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဌာနတာဝန်ခံများနှင့် သုတေသနဆောင်ရွက်နေသူများက Virtual စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ကော်မရှင်အဖွဲ့ဝင် ဒေါက်တာထွန်းထွန်းဦးက အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲ ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကောင်းဇော်သန့်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့် စပ်လျဉ်း၍လည်းကောင်း၊ ညွှန်ကြားရေးမှူးဒေါ်ဇာဇာမိုးက အဂတိလိုက်စားမှု၏ သဘောသဘာဝများ၊ အဂတိလိုက်စားမှု ဖြစ်ပေါ်ရခြင်းအကြောင်းရင်းများ၊ အဂတိလိုက်စားမှု၏ဆိုးကျိုးများနှင့် ကော်မရှင်၏လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ ညွှန်ကြားရေးမှူး ဒေါ်အေးမြတ်မွန်က အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ ညွှန်ကြားရေးမှူးဦးအောင်ခန့်က စုံစမ်းစစ်ဆေးရေးကဏ္ဍနှင့် စပ်လျဉ်း၍လည်းကောင်း အသိပညာပေး ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် တက်ရောက်လာသူများက သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းကြရာ သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးပို့ချသူများက ပြန်လည်ရှင်းလင်းဆွေးနွေးဖြေကြားကြသည်။ **သတင်းစဉ်**

# ဆည်ရေကို အကျိုးရှိထိရောက်စွာ အသုံးချနိုင်ရေးနှင့် စိုက်ကေများ တိုးချဲ့စိုက်ပျိုးနိုင်ရေး အထောက်အကူပြုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် ကင်းတားဆည်ရေသောက်စနစ် လက်ဝဲတူးမြောင်းမကြီး၏ လက်တံ (၁၅)မှ စိုက်ပျိုးရေပေးဝေနေမှုကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက ဆည်ရေသောက်ဧရိယာများ သီးနှံစိုက်စွမ်းအားပြည့် စိုက်ပျိုးထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။



ကင်းတား ဆည်ရေသောက်စနစ်အတွင်းရှိ ရေနုတ်မြောင်းများမှ ထုတ်နုတ်ရေကို ယခင်က စိုက်ပျိုးရေးလုပ်ဆောင်ရန် ရေရောက်ရှိမှုခက်ခဲသည့် လက်တံမြောင်း အဖျားပိုင်းနေရာများသို့ ရေကူပေးဝေနိုင်ရေး စီမံဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် စိုက်ကေများ တိုးတက်စိုက်ပျိုးနိုင်မည်ဖြစ်၍ ဒေသခံတောင်သူများအတွက် များစွာအကျိုးရှိစေမည်ဖြစ်ကြောင်း၊ ရေနုတ်မြောင်းများမှ ထုတ်နုတ်ရေကို စိုက်ပျိုးရေအဖြစ် ပြန်လည်အသုံးချနိုင်မည့် ရေစီမံခန့်ခွဲမှုစနစ်ကို အခြားရေသောက်စနစ်များတွင်လည်း ဆက်လက် အကောင်အထည်ဖော်လျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဝမ်းတွင်းမြို့နယ် ခြသေ့်လက်ကျေးရွာအနီး စမုံမြစ်ပေါ်တွင် ရေလွှဲဆည်တစ်ခုတည်ဆောက်၍ သီးထပ်သီးနှံများ စိုက်ပျိုးနိုင်ရန် လျာထားသည့်နေရာအား ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နိုင်ရန် လိုအပ်သော ထပ်မံစူးစမ်းလေ့လာခြင်းနှင့် ဒီဇိုင်းပုံစံများရရှိရေးလုပ်ငန်းဆိုင်ရာတို့ကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဝမ်းတွင်းမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန အစည်းအဝေးခန်း၌ သက်ဆိုင်ရာ တာဝန်ခံများက ညောင်ဦးဖီးအုပ်စု စွန်ချောင်းကျေးရွာအနီး စွန်ချောင်းလျှိုပိတ်တမံ တည်ဆောက်ရန် ကွင်းဆင်းစူးစမ်းရှာဖွေမှုနှင့် အင်ဂျင်နီယာ ဘူမိဗေဒ စမ်းသပ်ဆောင်ရွက်နေမှုလုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ကျောက်ဆည်မြို့နယ် သံရွာကျေးရွာအနီးရှိ ငပြောင်ရေလွှဲဆည်တွင် ရေအသုံးချသူများအဖွဲ့ (WUG)များ၊ ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ သီးနှံအထွက်နှုန်းရရှိစေရေး၊ "မျိုး၊ မြေ၊ ရေ၊ နည်း" လိုအပ်ချက်များကို ရှင်းလင်းပြောကြားပြီး ငပြောင်ရေလွှဲဆည် နွားတက်မြောင်းမှ ရေအပြည့်အဝပေးဝေနိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေကိုလည်းကောင်း၊ စဉ့်ကိုင်မြို့နယ် တအုံကျေးရွာအုပ်စု ဆောက်အင်းကျေးရွာအနီး ဒုဋ္ဌဝတီမြစ်မှ လျှပ်စစ်မြစ်ရေတင်လုပ်ငန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ဆောက်အင်းလျှပ်စစ်မြစ်ရေတင်စီမံကိန်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဒုဋ္ဌဝတီမြစ်ကြောင်းတစ်လျှောက်တွင် မြစ်ရေတင်လုပ်ငန်း ၁၃ ခုရှိပြီး စီမံကိန်း အကျိုးပြုလျာထားဧက ၁၀၀၀ ရှိမည့် ဆောက်အင်းလျှပ်စစ်မြစ်ရေတင်စီမံကိန်းမှာ ၁၄ ခုမြောက်အဖြစ် ဆောင်ရွက်ခြင်းဖြစ်ပြီး ၂၀၂၄-၂၀၂၅ ခုနှစ်တွင် စီမံကိန်းပြီးစီးအောင် ဆောင်ရွက်လျက်ရှိသည်။ ၂၀၂၄-၂၀၂၅ ခုနှစ်တွင် ကျွန်းဦးကျေးရွာအနီး ကျွန်းဦးလျှပ်စစ်မြစ်ရေတင်လုပ်ငန်းကို ၁၅ ခုမြောက်အဖြစ်ဆောင်ရွက်ရန် ရန်ပုံငွေလျာထားပြီး စီမံကိန်းစတင်အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**





# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ် (၂၀၆) သင်တန်းဖွင့်

**ရန်ကုန် ဩဂုတ် ၂၉**

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ရတနာသိင်္ဃခန်းမ၌ စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ် (၂၀၆) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပါမောက္ခချုပ် ဦးဇော်ဇော်က သင်တန်းဖွင့်မိန့်ခွန်း ပြောကြားပြီး ဖွင့်ပွဲအခမ်းအနားသို့ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ပညာဌာနများမှ ပါမောက္ခများ၊ သင်ကြားပို့ချမည့် ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၂၀၆)သို့ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ သင်တန်းသား ၂၀၆ ဦး၊ သင်တန်းသူ ၂၉၁ ဦး စုစုပေါင်း ၄၉၇ ဦး တက်ရောက်ကြောင်းနှင့် သင်တန်းကာလမှာ ဩဂုတ် ၂၉ ရက်မှ အောက်တိုဘာ ၃ ရက်အထိ ရက်သတ္တ ၁၀ ပတ်ကြာ တက်ရောက်ရမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# မိုင်းပျဉ်းမြို့၌ တိရစ္ဆာန်ကူးစက်ရောဂါကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**မိုင်းပျဉ်း ဩဂုတ် ၂၉**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းပျဉ်းမြို့တွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၂၅ ရက်မှ ၂၈ ရက်အထိ ဖာဝေါ်အုပ်စု တောင်သုံးလုံးကျေးရွာနှင့် မိုင်းမန်းအုပ်စု အေးချမ်း ကျေးရွာတို့တွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဟောပြောပွဲတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာကျော်ဇင်ထက်နှင့်တာဝန်ရှိသူများက ဩဂုတ် ၁၅ ရက်မှ ၃၀ ရက်အထိ တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ ရက်သတ္တပတ် လှုပ်ရှားမှုအနေဖြင့် ကျွဲ၊ နွားများ ခွာနာ၊ လျှာနာရောဂါ၊ အရေပြား အကျိတ်နာရောဂါနှင့် အာဖရိက ဝက်အပြင်းဖျား ရောဂါအကြောင်း အသိပညာပေး ဟောပြောပြီး တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ခြင်း လက်ကမ်းစာစောင်များကို တက်ရောက်လာသူများထံသို့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ထို့နောက် ကျေးရွာရှိ ကျွဲ၊ နွားများအား လည်ချောင်းကွဲရောဂါ ကာကွယ်ဆေး ထိုးနှံခြင်းနှင့် ကုသခြင်း လုပ်ငန်းများကို ကျေးရွာ အုပ်စုများအလိုက် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ (၄)ကြိမ်မြောက် အာရှမသန်စွမ်းအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့များအား တွေ့ဆုံအားပေးစကားပြောကြား

ရန်ကုန် သြဂုတ် ၂၉

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီးဥပဒေချုပ် ဦးဌေးအောင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်ရှိ မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ်၌ မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ် အတွင်းရေးမှူး ဦးထွန်းနိုင်ဦး၊ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ဦးစွာ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ် အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက (၄)ကြိမ်မြောက် အာရှမသန်စွမ်းအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် ကြိုတင်ပြင်ဆင်နေမှုများ၊ သွားရောက်ယှဉ်ပြိုင်မည့် ပြေးခုန်ပစ်၊ ရေကူး၊ ထိုင်လျက်ဘော်လီဘော အားကစားနည်းတို့မှ အုပ်ချုပ်/နည်းပြများ၊ အားကစားသမားများ၏ လေ့ကျင့်နေမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်မှ အားကစားကဏ္ဍကို အထူးအရေးပေးပြီး ဆုတံဆိပ်ရရှိခဲ့သည့် အားကစားသမားများအား ဘဝအာမခံချက်ရှိစေရန် ထိုက်ထိုက်တန်တန် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးလျက်ရှိကြောင်း၊ အားကစားသမားများအနေဖြင့် စိတ်ဓာတ်၊ ခံယူချက်အပြည့်ဖြင့် ကြိုးစားလေ့ကျင့်ပြီး ယှဉ်ပြိုင်ရာတွင် နောက်ဆုံးအချိန်အထိ အကောင်းဆုံးကြိုးစားယှဉ်ပြိုင်ကြရန်၊ မိမိနိုင်ငံ၊ မိမိလူမျိုးအတွက် အောင်မြင်မှုရရှိအောင် အစွမ်းကုန်ကြိုးစားကြရန်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၏ ဆောင်ပုဒ်ဖြစ်သည့် ကျန်းမာရေးသည်ပထမ၊ စည်းကမ်းသည်ဒုတိယ၊ စံချိန်စံညွှန်းသည်တတိယ ဆိုသည့်အတိုင်း ကျန်းမာရေးကို အထူးဂရုပြုကြရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်အတွင်းရှိ Synthetics ပြေးလမ်း ပျက်စီးချို့ယွင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင် ဦးစီး၍ ဌာနဆိုင်ရာများပါဝင်သည့်အဖွဲ့ ပျဉ်းမနားမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆက်လက်ကွင်းဆင်းဆောင်ရွက်



နေပြည်တော် သြဂုတ် ၂၉

နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင် ဦးဆောင်၍ ဌာနဆိုင်ရာများပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ယနေ့နံနက်ပိုင်းက မဲပေါက်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် ဒေသခံဌာနဆိုင်ရာဝန်ထမ်းများအား ဂမုန်းတောင်ရွာဦးကျောင်း၌ တွေ့ဆုံပြီး ဗိုလ်မှူးကြီးမင်းနောင်က ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် မိမိတို့ကျေးရွာအတွင်း ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည်များကို ဆွေးနွေးတင်ပြကြစေလိုကြောင်း၊ ထိုသို့ ဆွေးနွေးတင်ပြမှသာ မိမိတို့ဘက်မှ ဆောင်ရွက်ပေးနိုင်မည့် ကိစ္စရပ်များကို ယခုနှစ်ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပေးမည်ဖြစ်ပြီး ယခုဆောင်ရွက်မပေးနိုင်သည့် ကိစ္စရပ်များကို လာမည့်ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်ပေးနိုင်ရန်အတွက်လည်း အစိုးရ၊ တပ်မတော်နှင့် ပြည်သူများ တစ်သားတည်းရှိရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက မဲပေါက်ကျေးရွာအုပ်စုအတွင်းရှိ မဲပေါက်၊ ဂမုန်းတောင်၊ ပင်ရဲ၊ မြေမြို့နှင့် ရစ်ထွေကျေးရွာများမှ အိမ်ထောင်စု ၄၇၃ စု၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအတွက် လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ကျောင်းသုံးစာရေးကိရိယာများ၊ ဆေးစိမ်ခြင်ထောင်များ၊ တိရစ္ဆာန်ကုသရေးဆေးဝါးပစ္စည်းများနှင့် ကလေးကစားစရာတို့ကို ထောက်ပံ့ပေးအပ်ရာ သက်ဆိုင်ရာကျေးရွာများမှ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများနှင့် အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများက လက်ခံရယူကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးကျော်သိန်းဆိုင်နှင့် တာဝန်ရှိသူတစ်ဦးက ဂမုန်းတောင်ကျေးရွာရှိ ကျေးရွာသူ ကျေးရွာသားများနှင့် ကျောင်းသား ကျောင်းသူများအား ပန်းခင်းစီမံချက်(၂)ဖြင့် ဆောင်ရွက်ပေးခဲ့သည့် အိမ်ထောင်စုလူဦးရေစာရင်း ၃၈ ခုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၅၀ တို့ကို ပေးအပ်ရာ ဂမုန်းတောင်ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူတစ်ဦးက လက်ခံရယူကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင်သည် ပျဉ်းမနားမြို့နယ် မဲပေါက်ပညာရေးအုပ်စုရှိ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ၊ ဂမုန်းတောင် ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲများမှ ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများကိုလည်းကောင်း၊ ဂမုန်းတောင်နှင့် မြေမြို့ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များအတွက် ထောက်ပံ့ငွေများ၊ ဖုန်းငွေဖြည့်ကတ်များနှင့် စားသုံးကုန်ပစ္စည်းများကိုလည်းကောင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူးများအတွက် ဖုန်းငွေဖြည့်ကတ်များကိုလည်းကောင်း ပေးအပ်သည်။

## ရှင်းလင်းဆွေးနွေး

ဆက်လက်၍ ဂမုန်းတောင်ကျေးရွာ အုပ်ချုပ်ရေးမှူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို တင်ပြကြရာ နေပြည်တော်ကောင်စီဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးပြောကြားကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင်က နိဂုံးချုပ်အမှာစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင်သည် နေပြည်တော် ပညာရေးမှူးရုံးမှ တာဝန်ရှိသူများနှင့်အတူ ပျဉ်းမနားမြို့နယ် တောင်ပေါ်ဒေသကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများအား ဂမုန်းတောင်အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ တွေ့ဆုံ၍ အမှာစကားပြောကြားပြီး အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ်နှင့်ခဲတံတို့ကိုလည်းကောင်း၊ ဆရာ ဆရာမများအတွက် ဖုန်းငွေဖြည့်ကတ်များကိုလည်းကောင်း ထောက်ပံ့ပေးအပ်သည်။

ထို့နောက် နေပြည်တော် ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့က မဲပေါက်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများနှင့် ရပ်မိရပ်ဖများအား ဂမုန်းတောင်ကျေးရွာရှိ ဂမုန်းတောင်ရွာဦးကျောင်း၌ တွေ့ဆုံ၍ နိုင်ငံတော်၏ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်ကို ရှင်းလင်းပြောကြားပြီး ဒေသတည်ငြိမ်အေးချမ်းရေးအတွက် အဖျက်သမားများရန်မှ စုပေါင်းကာကွယ်ရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန် ဆွေးနွေးပြောကြားသည်။

## ကာကွယ်ဆေးများထိုးနှံပေး

ညနေပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဂမုန်းတောင်ကျေးလက်ကျန်းမာရေးဌာန၌ သံဃာတော်များ၊ သီလရှင်များနှင့် ကျေးလက်နေပြည်သူများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးများ ထိုးနှံပေးသည်။

နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင် ဦးဆောင်၍ ဌာနဆိုင်ရာများပါဝင်သည့် ပူးပေါင်းအဖွဲ့က မဲပေါက်ကျေးရွာအုပ်စုအတွင်းရှိ ဘုန်းတော်ကြီးကျောင်း ရှစ်ကျောင်းအတွက် လှူဒါန်းသည့် နဝကမ္မအလှူငွေအပါအဝင် ဆန်၊ ဆီ လှူဖွယ်ပစ္စည်းများ၊ အိမ်ထောင်စု ၄၇၃ စု၊ အခြေခံပညာကျောင်းများ၊ ဒေသခံဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူ့စစ်တပ်ဖွဲ့ဝင်များအတွက် ထောက်ပံ့ပေးအပ်သည့် ထောက်ပံ့ငွေများအပါအဝင် လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ကျောင်းသုံးစာရေးကိရိယာများ၊ ဆေးစိမ်ခြင်ထောင်များ၊ တိရစ္ဆာန်ကုသရေး ဆေးဝါးပစ္စည်းများနှင့် ကလေးကစားစရာများ၊ ဖုန်းငွေဖြည့်ကတ်များနှင့် မျိုးစေ့ထုပ်များ၏ စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၁၈၁၇၆၄၀၀ ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အောင်ဇေယျာ ငွေစုငွေချေးသမဝါယမအသင်း စုဆောင်းငွေပေါ် အတိုးများ ထုတ်ပေး

ရပ်စောက် သြဂုတ် ၂၉

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်ရှိ အောင်ဇေယျာငွေစုငွေချေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၁-၂၀၂၂ / ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက်ပိုင်းက ကျင်းပရာ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ အောင်ဇေယျာငွေစုငွေချေး သမဝါယမအသင်းလီမိတက် အမှုဆောင်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းများ ဖတ်ကြားရှင်းလင်းခြင်း၊ ရှေ့လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ခဲ့ပြီး ၂၀၂၁-၂၀၂၂/ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်များအတွက် စုဆောင်းငွေပေါ်အတိုးငွေကျပ် ၅၂၅ သိန်းအား သမဝါယမအသင်းသားများသို့ ထုတ်ပေးခဲ့သည်။

အဆိုပါ အစည်းအဝေးသို့ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ၊ မြို့နယ်သမဝါယမအသင်းစုမှ ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသည့် မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်းသိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၂၂) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ အမေး / အဖြေများ

(ယမန်နေ့မှအဆက်)

**NP News Agency မှ ဦးကျော်မျိုးမင်း**က မြန်မာနိုင်ငံ၏ လွတ်လပ်ရေးရပြီး သမိုင်းကို ပြန်ကြည့်မည်ဆိုပါက ဦးနုအစိုးရ၊ ဦးနေဝင်းအစိုးရ၊ ဦးသန်းရွှေအစိုးရ စသဖြင့် အစိုးရများ ပေါ်ပေါက်ခဲ့ကြောင်း၊ အစိုးရအလိုက် မှတ်တမ်းသမိုင်းများရေးခဲ့ကြောင်း၊ မှတ်ကျောက်အတင်ခံခဲ့ရကြောင်း၊ စာအုပ်စာတမ်းများလည်း မျိုးစုံရေး၍ ထုတ်ဝေခဲ့ကြကြောင်း၊ မိမိအနေဖြင့် စဉ်းစားမိသည်မှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လက်ရှိတာဝန်ယူမှုသည် တိုင်းပြည်၏အရေးကြီးသည့် အကြီးမားဆုံးပြောင်းလဲမှုတွင် ပါဝင်သည်ဟု ပြော၍ရကြောင်း၊ ထိုအပြောင်းအလဲကြီးကို တာဝန်ယူရသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နောင်လာမည့်နှစ်ပေါင်းများစွာတွင် တင်ကျန်ခဲ့မည့် သမိုင်းက မည်သို့သောသမိုင်းမျိုးဖြစ်လိုသည်၊ မည်သို့မှတ်ကျောက်တင်ခံလိုသည်ကို သိလိုကြောင်းမေးမြန်းသည်။

## မှတ်ကျောက်တင်သည်ဆိုသည်မှာ ကိုယ့်အမြင်နှင့်ကိုယ်သာတင်ကြခြင်းဖြစ်

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က မှတ်ကျောက်နှင့်ပတ်သက်ပြီး အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ဆိုထားသည်ရှိ၍ မိမိအနေဖြင့် မပြောလိုကြောင်း၊ မြန်မာနိုင်ငံလွတ်လပ်ရေးမရခင် ဗိုလ်ချုပ်အောင်ဆန်းဖွဲ့စည်းခဲ့သည့် ဘုရင်ခံ၏အကြံပေးကောင်စီပါ ထည့်တွက်လျှင် အစိုးရ ခြောက်ခု သို့မဟုတ် ခုနစ်ခုရှိကြောင်း၊ လွတ်လပ်ရေးရပြီးဆိုလျှင် ငါးခု၊ ခြောက်ခုရှိကြောင်း၊ ဦးနု၏ပါလီမန်ဒီမိုကရေစီအစိုးရ၊ ဗိုလ်ချုပ်ကြီးနေဝင်း၏ တော်လှန်ရေးကောင်စီအစိုးရ၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ တပ်မတော်အစိုးရ၊ ပါတီစုံဒီမိုကရေစီအစိုးရ၊ ယခုအစိုးရ ရှိမည်ဖြစ်ကြောင်း၊ အမျိုးမျိုးသောသုံးသပ်ချက်၊ ဝေဖန်ချက်များကမူ ရှိနေမည်ဖြစ်ကြောင်း၊ မှတ်ကျောက်တင်သည်ဆိုသည်မှာ ကိုယ့်အမြင်နှင့်ကိုယ်သာ တင်ကြခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ဒုက္ခနှစ်မျိုးရှိကြောင်း၊ နဂိုဒုက္ခနှင့် အပိုဒုက္ခဟူ၍ နှစ်မျိုးရှိကြောင်း၊ နဂိုဒုက္ခဆိုသည်မှာ မြန်မာနိုင်ငံ လွတ်လပ်ရေးရမည်ဆိုကတည်းက သူပုန်က ပေါ်ပေါက်နေပြီးဖြစ်ကြောင်း၊ ကိုယ့်အစိုးရနှင့်ကိုယ်မဟုတ်သေးခင်မှာပင် မြန်မာနိုင်ငံအစိုးရဖြစ်လာလျှင် တော်လှန်မည့်သူပုန် ပေါ်နေပြီးဖြစ်ကြောင်း၊ ထိုအချိန်ကတည်းက အနောက်ဘက်တွင် မူဂျာဟစ်သူပုန်များ ပေါ်ပေါက်နေကြောင်း၊ အလံနီကွန်မြူနစ်များ ပေါ်ပေါက်နေကြပြီဖြစ်ကြောင်း၊ လွတ်လပ်ရေးရပြီးမကြာခင် မတ်လခန့်တွင် ဗကပများ တောခိုသွားပါကြောင်း၊ သိပ်မကြာမီ KNDO အဖွဲ့ တောခိုခဲ့ပါကြောင်း၊ လွတ်လပ်ရေးရရှိပြီး နဂိုဒုက္ခများ ဖြစ်ပါကြောင်း၊ ကောင်းခြင်း၊ ဆိုးခြင်း မဝေဖန်လိုကြောင်း၊ အပိုဒုက္ခကို ဥပမာပြုရလျှင် ဦးနုက နိုင်ငံတော်ဘာသာအဖြစ်



Eleven Media မှ ဦးအောင်မင်းသိန်း



Sankei Shimbun သတင်းဌာနမှ ဒေါက်တာဇော်သန်း

ဗုဒ္ဓဘာသာကို ကြေညာလိုက်သည့်အခါ KIA အဖွဲ့ ပေါ်ပေါက်လာပါကြောင်း၊ ၂၀၁၀-၂၀၁၅ NCA လက်မှတ်ရေးထိုးခါနီး အချိန်တွင် NCA စာချုပ်သည် အစိုးရက ရေးဆွဲထားခြင်းမဟုတ်ဘဲ EAOs အဖွဲ့များက ရေးဆွဲထားခြင်းဖြစ်ပါကြောင်း၊ လက်မှတ်ရေးထိုးမည့်အဖွဲ့ အများကြီးရှိကြောင်း၊ နဂိုဒုက္ခမငြိမ်းသည့်အတွက် သောင်းကျန်းမှုမျိုးစုံဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၌ တစ်ခုခုဖြစ်လာတိုင်း တောခိုကြခြင်းရှိပါကြောင်း၊ ထိုမှကြီးထွားလာပြီး သောင်းကျန်းမှုများ ပေါ်ပေါက်လာကြောင်း၊ မိမိအနေဖြင့် EAOs နှင့်ပတ်သက်ပြီး အပြစ်ပြောကြားနေခြင်းမဟုတ်ပါကြောင်း၊ တိုင်းရင်းသားအခွင့်အရေးကို လေးစားပါကြောင်း၊ နည်းမှန်လမ်းမှန်နိုင်ငံရေးအရဖြေရှင်းခြင်းက ပိုပြီးကောင်းပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ၏တိုးတက်မှုက အမြဲတမ်းနောက်ကျပြီး နိုင်ငံရေးတည်ငြိမ်မှု၊ လုံခြုံရေးအရ တည်ငြိမ်မှု နောက်ကျပါကြောင်း၊ နိုင်ငံတော်အစိုးရအဆက်ဆက် ကြိုးပမ်းခဲ့ပါကြောင်း၊ အချို့ EAOs များနှင့် ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုနိုင်ခဲ့ကြောင်း၊ တချို့ EAOs များ အသွင်ပြောင်းသွားပါကြောင်း၊ သို့သော် NCA ကဲ့သို့ အဖွဲ့စုံစုံလင်လင် လက်မှတ်ရေးထိုးနိုင်မှုမရှိပါကြောင်း၊ NCA လက်မှတ်ထိုးခါနီးအချိန်တွင် ပုဂ္ဂိုလ်တစ်ဦးက NCA လက်မှတ်ရေးထိုးရန် စဉ်းစားပါဦးဟု ပြောခဲ့ကြောင်း၊ တကယ်လက်မှတ်ရေးထိုးမည့်အဖွဲ့၊ တကယ်ဦးဆောင်ဆွေးနွေးခဲ့သည့်အဖွဲ့များ အများကြီးရှိပါကြောင်း၊ ဥပမာ KIA လိုအဖွဲ့မျိုးဖြစ်ကြောင်း၊ ၎င်းတို့ဆီသွားရောက်ပြီး NCA လက်မှတ်ရေးထိုးရန်အတွက် ညီလာခံတစ်ခုလုပ်ခဲ့ပါကြောင်း၊ သို့သော် ယင်းပုဂ္ဂိုလ် ထိုသို့ပြောပြီးနောက် လက်မှတ်မထိုးကြတော့ကြောင်း၊ တစ်ခါတလေတွင် နဂိုဒုက္ခကို မငြိမ်းနိုင်သည့်အပြင် မူဝါဒမှားလျှင် အပိုဒုက္ခပါဖြစ်သေးပါကြောင်း၊ မှတ်ကျောက်တင်သည်ဆိုသည့်အထဲတွင် ကောင်းသည်များလည်းရှိသလို ဆိုးသည်များလည်း ရှိပါကြောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် အတင်ခံလိုသည့် မှတ်ကျောက်မဟုတ်ပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အဓိကတာဝန်မှာ အမျိုးသားရေးရည်မှန်းချက်၊ နိုင်ငံရေးရည်မှန်းချက် ထုတ်ပြန်ပြီးဖြစ်ပါကြောင်း၊ နိုင်ငံရေးရည်မှန်းချက်သည် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်ကို တည်ဆောက်ရန်ဖြစ်ပါကြောင်း၊ ထိုနှစ်ခုလုံးကို လုပ်နိုင်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အဓိကတာဝန်သည် အထွေထွေရွေးကောက်ပွဲကျင်းပပေးရန်ဖြစ်ပါကြောင်း၊ အထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်လာပြီး မိမိတို့၏စံသည် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၏နောက်ဆုံးအချက်တွင် ပါပြီးဖြစ်ကြောင်း၊ အကျဉ်းချုပ်ပြောရလျှင် လူတိုင်း၊ မဲဆန္ဒရှင်တိုင်း၏ မဲပေးပိုင်ခွင့် အခွင့်အရေးမဆုံးရှုံးစေရန်၊ နည်းလမ်းမှန်ကန်သည့် ရွေးကောက်ပွဲဖြစ်စေရန်၊ ရွေးကောက်ပွဲကို ဖြစ်မြောက်အောင် လုပ်ပေးနိုင်စေရန် ရည်ရွယ်ထားကြောင်း၊ နောက်ဆုံးရည်မှန်းချက်က ရွေးကောက်ပွဲကို အများပြည်သူပါဝင်နိုင်အောင် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ လုံခြုံမှုရှိစေရန် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ ပြည့်ပြည့်စုံစုံ မဲပေးနိုင်ရန်အတွက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ မဲပေးသည့်အခါတွင်လည်း အကြောက်တရားကင်းကင်းဖြင့် မဲပေးနိုင်စေရန်၊ ဖိအားမရှိဘဲ မဲပေးနိုင်စေရန် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ တရားမျှတမှုရှိသောနည်းလမ်းမှန်ကန်မှုရှိသည့် ရွေးကောက်ပွဲမျိုးဖြစ်အောင် လုပ်ပေးမည်ဖြစ်ပါကြောင်း၊ ထို့နောက် ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံ့တာဝန်လွှဲပြောင်းပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

**Eleven Media မှ ဦးအောင်မင်းသိန်း**က လတ်တလောဖြစ်ပွားနေသည့် တိုက်ပွဲအခြေအနေနှင့်ပတ်သက်ပြီး လွန်ခဲ့သည့် သီတင်းပတ်က နေပြည်တော်နားက သံတောင်ဘို့မ၌ တိုက်ပွဲများဖြစ်ပွားခဲ့သည်ဟု သိရပါကြောင်း၊ တစ်ဖက်အဖွဲ့အစည်းများကလည်း မီဒီယာအချို့တွင် နေပြည်တော်သို့ လမ်းများဆီဆိုပြီး နေပြည်တော်ကို တိုက်ပွဲများဖော်ဆောင်မည်ဆိုကာ ပြောနေခြင်းမျိုး တွေ့ရပါကြောင်း၊ မကြာမီရက်ပိုင်းအတွင်းကလည်း ရန်ကုန်-မန္တလေးရထားလမ်း၊ ပဲခူးလမ်းပိုင်းတွင် ကုန်ရထားတစ်စင်း ဖောက်ခွဲခံရသည့်ဖြစ်စဉ်လည်း ဖြစ်ပွားခဲ့ပါကြောင်း၊ ယင်းအခြေအနေနှင့်ပတ်သက်ပြီး တပ်မတော်အနေဖြင့် မည်သို့ပြောလိုသည်ကို သိလိုပါကြောင်း မေးမြန်းသည်။

## လုံခြုံမှုရှိအောင် ဆောင်ရွက်ပြီးဖြစ်

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က နေပြည်တော်သို့ လမ်းများဆီဆိုသည်မှာ မှန်ပါကြောင်း၊ ယခုမြင်သည့်အတိုင်း ဘုရားကြီးဆီသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်နေကြသည်မှာ တကယ်မှန်ပါကြောင်း၊ တော်တော်လာကြပါကြောင်း၊ ကယားပြည်နယ်ဘက်ကလည်း လာသည်ကိုတွေ့ရကြောင်း၊ တနင်္သာရီတိုင်းက လာသည်ကိုလည်း တွေ့ရကြောင်း၊ နေပြည်တော်သို့လမ်းများဆီဆိုသည့်အချက်မှာ မှန်ပါကြောင်း၊ နေပြည်တော်နားတစ်ဝိုက် သံတောင်ဘို့မ၌ တိုက်ပွဲဖြစ်ခဲ့ပါကြောင်း၊ နေပြည်တော်နှင့်ဆိုလျှင် အတော်ဝေးပါကြောင်း၊ နေပြည်တော်၏ အရှေ့တောင်ဘက် ပဲခူးတိုင်း၊ ကရင်ပြည်နယ်၊ ကယားပြည်နယ် နယ်စပ်နယ်မြေဖြစ်ပါကြောင်း၊ ကယားပြည်နယ်ဘက်က PDF အကြမ်းဖက်အဖွဲ့ဟု မိမိတို့ မြင်ပါကြောင်း၊ ယင်းနှင့်ပတ်သက်ပြီး လုံခြုံမှုရှိအောင် ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ရန်ကုန်-မန္တလေးရထားလမ်းဖြစ်စဉ်လည်း မှန်ပါကြောင်း၊ ယင်းဖြစ်စဉ်နှင့်ပတ်သက်ပြီး ရန်ကုန်-မန္တလေးရထားလမ်း ကညွတ်ကွင်းဘူတာအနီး မိုင်းဆွဲခံရသည့်ဖြစ်စဉ်ဖြစ်ခဲ့ပါကြောင်း၊ KNU အနေဖြင့် တစ်ဖက်တွင် စစ်ရေးအရ ဖိအားများလာသည့်အချိန်တွင် မြေပြန့်ကိုဆင်းပြီး ယခင်ကလည်း ရထားလမ်းကို မိုင်းထောင်မိုင်းခွဲလုပ်ပါကြောင်း၊ KNU နှင့် PDF အမည်ခံ အကြမ်းဖက် ပူးပေါင်းအဖွဲ့ဟု မြင်ပါကြောင်း၊ ရထားလမ်းနှင့်ပတ်သက်ပြီး တချို့နေရာများတွင် စစ်တောင်းမြစ်နှင့်ကပ်သွားသည့်ဘက်မှာ လုံခြုံရေးအရ တော်တော်လေး ဂရုစိုက်ရပါကြောင်း၊ ရထားလမ်းနှင့်ပတ်သက်ပြီး ဩဂုတ်လ ၁၈ ရက်နေ့က ဖြစ်ခဲ့ပါကြောင်း၊ ယခုတော့ ရထားလမ်းကို ယာယီသံလမ်းခင်းပြီးဖြစ်ပါကြောင်း၊ ကုန်ရထားတွဲဆိုင်းများ စမ်းသပ်မောင်းနှင်ပြီးဖြစ်ပါကြောင်း၊ ၂၀ ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါကြောင်း၊ လုံခြုံရေးနှင့်ပတ်သက်ပြီး အများပြည်သူခရီးသွားများနှင့်ဆိုင်သည့် ရထားလမ်း၊ ကားလမ်းများကိုလုပ်ခြင်းသည် အကြမ်းဖက်လုပ်ရပ်စစ်စစ်ဖြစ်ပါကြောင်း၊ အစိုးရအဖွဲ့နှင့် ဘာမှမဆိုင်ပါကြောင်း၊ အစိုးရကို ထိခိုက်စရာမဟုတ်ဘဲ ပြည်သူလူထုကို ထိခိုက်စေခြင်းဖြစ်ပါကြောင်း၊ ယခုကဲ့သို့ အကြမ်းဖက်လုပ်ရပ်မျိုးကိုလည်း ပြည်သူလူထုတစ်ရပ်လုံးက ဝိုင်းဝန်းတားဆီးကြရန်၊ သတင်းပေးကြရန် လိုအပ်သည်ဟု မေတ္တာရပ်ခံလိုပါကြောင်း ပြောကြားသည်။

**Sankei Shimbun သတင်းဌာနမှ ဒေါက်တာဇော်သန်း**က မိမိအနေဖြင့် မေးမြန်းလိုသည့် မေးခွန်းနှစ်ခုရှိပါကြောင်း၊ အစောပိုင်းက ဗိုလ်ချုပ်ဇော်မင်းထွန်း ပြောသွားသည့်အထဲတွင်လည်း ရွေးကောက်ပွဲနှင့်ပတ်သက်သည့် အကြောင်းအရာ တော်တော်များများကို ရှင်းလင်းဖော်ပြသွားသည်ကိုလည်း တွေ့ရပါကြောင်း၊ မိမိ၏ ပထမမေးခွန်းအနေဖြင့် အနာဂတ်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲနှင့် ပတ်သက်၍ လုံခြုံရေးအရ ပြည်သူလူထုကြားတွင် စိုးရိမ်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် ထိုကိစ္စနှင့်ပတ်သက်၍ မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ထားသည်ကို သိလိုကြောင်း၊ ဒုတိယမေးခွန်းအနေဖြင့် ဒေါ်လာဈေးနှင့် ရွှေဈေးကို ထိန်းချုပ်နိုင်ရန်အတွက် Task Force ဖွဲ့စည်းထားသည်ဟု သိရှိရပါကြောင်း၊ ထိုအဖွဲ့၏ဆောင်ရွက်မှုများကို သိရှိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က မိမိအနေဖြင့် သတင်းထောက်ကြီး မေးမြန်းသည့် မေးခွန်းနှစ်ခုအနက် ပထမမေးခွန်းကို ပြန်လည်ဖြေကြားမည် ဖြစ်ကြောင်း၊ ဒုတိယမေးခွန်းကိုမူ ဗဟိုဘဏ်မှ ဒုတိယဥက္ကဋ္ဌ ဦးဇော်မြင့်နိုင်က ပြန်လည်ဖြေကြားပေးသွားမည်ဖြစ်ကြောင်း၊ အထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့်လည်း အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကို တင်ပြရာတွင် Option နှစ်ခုကို တင်ပြခဲ့ကြောင်း၊ ပထမအချက်မှာ လတ်တလောတွင် အကြမ်းဖက်မှုများ ဖြစ်ပေါ်လျက်ရှိသေးသည့်အတွက် အချို့သောနေရာများတွင် မတည်ငြိမ်မှုများ ရှိနေသေးကြောင်း၊ ထိုနေရာများကို ချန်လှပ်၍ ရွေးကောက်ပွဲကျင်းပခြင်းဖြစ်ကြောင်း၊ ဒုတိယအချက်မှာ ရွေးကောက်ပွဲကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မဖြစ်မနေပြုလုပ်ခြင်း ဖြစ်ကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်နိုင်ရန် မိမိတို့လုပ်ဆောင်ခဲ့ကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်နိုင်သည့် အခင်းအကျင်းများ ရှိသည်ဟု မိမိတို့ပြောခဲ့ကြောင်း၊ အကျိုးအပြစ်များကိုလည်း မိမိတို့ပြောခဲ့ကြောင်း၊ ရွေးကောက်ပွဲများကိုပြန်ကြည့်ပါက ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ရွေးကောက်ပွဲကျင်းပခဲ့သည့် မြို့နယ် ၃၁၅ မြို့နယ်ရှိကြောင်း၊ ယခင်က ရွေးကောက်ပွဲကို မြို့နယ် ၃၃၀ တွင်လုပ်ခဲ့ကြောင်း၊ ထို့နောက် ၃၂၅ မြို့နယ်နှင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ၃၁၅ မြို့နယ်ဟူ၍ အသီးသီးကျင်းပလုပ်ဆောင်ခဲ့ကြောင်း၊ ထိုကဲ့သို့ ၃၁၅ မြို့နယ်တွင် ဆောင်ရွက်ခဲ့သော်လည်း အချို့သောတိုင်းရင်းသားများ၏ ဒေသများတွင်

စာမျက်နှာ ၁၁ သို့ ✽

✻ စာမျက်နှာ ၁၀ မှ

မလုပ်ပေးနိုင်သဖြင့် တိုင်းရင်းသားများက ပြောဆိုခဲ့သည့် ကိစ္စများရှိခဲ့ကြောင်း၊ ယခုကဲ့သို့သောအချိန်တွင် မိမိတို့အနေဖြင့် ရွေးကောက်ပွဲကို ကျင်းပပေးမည်ဆိုပါက ထို ၃၁၅ မြို့နယ်ထက် လျော့နည်းသွားနိုင်ကြောင်း၊ အဓိကအားဖြင့် တိုင်းရင်းသားပြည်သူများ၏ အခွင့်အရေးဆုံးရှုံးသွားနိုင်ကြောင်း၊ ထို့ကြောင့် စဉ်းစားသင့်သည်ဟု ပြောခဲ့ကြောင်း၊ ဒုတိယအချက်ဖြစ်သည့် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ရွေးကောက်ပွဲမဖြစ်မနေ ကျင်းပမည်ဆိုပါက ရွေးကောက်ပွဲကာလအတွင်း ခြိမ်းခြောက်မှုများနှင့် ဗုံးဖောက်ခွဲ၍ နှောင့်ယှက် တိုက်ခိုက်ခြင်းများကို လုပ်ဆောင်လာနိုင်ကြောင်း၊ ရွေးကောက်ပွဲ ကျင်းပခြင်းမဟုတ်ဘဲ ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲနှင့် ပတ်သက်၍ သွားရောက်လေ့လာခြင်းများ ဆောင်ရွက်ရာ၌ပင် အကြမ်းဖက်မှုများနှင့် ကြုံတွေ့ရကြောင်း၊ အလားတူ ကြိုတင်သန်းခေါင်စာရင်း ကောက်ယူရာတွင်လည်း အကြမ်းဖက်မှုများနှင့်ကြုံတွေ့ခဲ့ရသည်ကို တွေ့မြင်နေရကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ရွေးကောက်ပွဲ ကျင်းပနိုင်ရန်အတွက် မိမိတို့၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်အနက် ပထမအချက်တွင် ပါဝင်သည့်အတိုင်း ရွေးကောက်ပွဲ ကျင်းပနိုင်ရန်အတွက် လုံခြုံရေးနှင့်ပတ်သက်၍ဖြစ်စေ၊ တည်ငြိမ်အေးချမ်းရေးနှင့် ပတ်သက်၍ဖြစ်စေ အလေးထားဆောင်ရွက်မည်ဟု ဆိုသည့်အတိုင်း ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ လုံခြုံရေးနှင့်ပတ်သက်ပါက ကျန်ရှိသည့်အချိန်များတွင် တိုးမြှင့်၍ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း မိမိတို့အနေဖြင့် ရွေးကောက်ပွဲကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျင်းပနိုင်ရန်အတွက် လုံခြုံရေးကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း၊ ထို့နောက် ရွေးကောက်ပွဲနှင့်ပတ်သက်၍ လိုအပ်သည့် အခင်းအကျင်းများဖြစ်သည့် မဲစာရင်းမှန်ကန်နိုင်ရေး အခင်းအကျင်းများနှင့် နည်းဥပဒေလုပ်ထုံးလုပ်နည်း မှန်ကန်နိုင်ရေး အခင်းအကျင်းများကိုလည်း တစ်ပြိုင်နက်တည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

## ယခင်ကတည်းကပင် ထိုကိစ္စများနှင့် ပတ်သက်သည့်အခြေအနေကို ပုံမှန်ထိန်းကျောင်းလျက်ရှိ

**ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မြင့်နိုင်**က ဖြည့်စွက်ဖြေကြားရာတွင် မိမိအနေဖြင့် သတင်းထောက်ကြီးမေးမြန်းခဲ့သည့် မေးခွန်းနှစ်ခုအနက် ဒုတိယမေးခွန်းကို ဖြေကြားပေးမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ရွှေဈေးနှုန်းနှင့် ငွေကြေးဈေးနှုန်းများ မြင့်တက်လာသည့်အချိန်မှသာ ထိုကိစ္စနှင့်ပတ်သက်သည့် အသင်းအဖွဲ့များ ဖွဲ့စည်း၍ ဆောင်ရွက်ခဲ့ခြင်း မဟုတ်ကြောင်း၊ ယခင်ကတည်းကပင် ထိုကိစ္စများနှင့်ပတ်သက်သည့် အခြေအနေကို ပုံမှန်ထိန်းကျောင်းလျက်ရှိသည်ဟု ဦးစွာပြောလိုကြောင်း၊ ထိုကိစ္စနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ယခုမိမိတို့ပြောသည့်လုပ်ငန်းကော်မတီကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်နေ့ကတည်းကပင် ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်ရေး ဗဟိုကော်မတီဟူ၍ရှိကြောင်း၊ ထိုကော်မတီ၏အောက်တွင် ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်ရေးလုပ်ငန်းကော်မတီနှင့် ရွှေနှင့်ငွေကြေးဈေးကွက်စောင့်ကြည့် ထိန်းသိမ်းကြပ်မတ်ရေးလုပ်ငန်းကော်မတီဟူ၍ ပါဝင်ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ ထိုလုပ်ငန်းကော်မတီများ၏အောက်တွင်လည်း ဆပ်ကော်မတီများအနေဖြင့် ရွှေဈေးကွက်စောင့်ကြည့်ထိန်းသိမ်းကြပ်မတ်ရေး ဆပ်ကော်မတီ၊ ငွေကြေးဈေးကွက်စောင့်ကြည့်ထိန်းသိမ်းကြပ်မတ်ရေးဆပ်ကော်မတီနှင့် ငွေပေးချေမှုများတွင် ဘဏ်စနစ်အသုံးပြုမှု စိစစ်ကြပ်မတ်ရေးဆပ်ကော်မတီဟူ၍ ပါဝင်ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းကော်မတီများတွင် ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌက ဥက္ကဋ္ဌအဖြစ် ပါဝင်ပါကြောင်း၊ ထို့ပြင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးကလည်း ဒုတိယဥက္ကဋ္ဌအဖြစ် ပါဝင်ဆောင်ရွက်ပြီး ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်ရေးလုပ်ငန်းကော်မတီ၏ တွဲဖက်အတွင်းရေးမှူးကလည်း ထိုအဖွဲ့တွင် အတွင်းရေးမှူးအနေဖြင့် ပါဝင်ဆောင်ရွက်နေသည်ဟု ပြောလိုကြောင်း၊ ထိုကော်မတီအနေဖြင့် သက်ဆိုင်ရာတာဝန်ရှိဌာနများနှင့်သာမက UMFCCI၊ မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း၊ ရန်ကုန်တိုင်းရွှေလုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းရွှေလုပ်ငန်းရှင်များအသင်း စသည့်အသင်းအဖွဲ့များနှင့်ပါ ပေါင်းစပ်၍ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ငွေကြေးဈေးကွက်နှင့်ပတ်သက်၍ လိုအပ်သည့်အချက်အလက်များ ကောက်ယူခြင်း၊ လိုအပ်သည်များနှင့်ပတ်သက်၍ စီမံစောင့်ကြည့်ခြင်း၊ လိုအပ်သည့်အချက်အလက်များ ချပြခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ ငွေကြေးဈေးကွက်ကို ထိန်းသိမ်းရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က Online Trading ဆောင်ရွက်နေသည်ဟုဆိုသည့် အပိုင်းဖြစ်ကြောင်း၊ သေချာပေါက်ပြောလိုသည်မှာ မိမိတို့အနေဖြင့် ထိုကိစ္စနှင့် ပတ်သက်၍ ငွေကြေးဈေးကွက်တွင် တရားဝင် အဓိကဈေးကွက်ကြီးရှိပြီး ထိုဈေးကွက်၏ပြင်ပတွင် တရားမဝင်မှောင်ခိုဈေးကွက်ရှိကြောင်း၊ တရားဝင်ဈေးကွက်တွင် သင့်တင့်မျှတသည့်ဈေးနှုန်း၊ မှန်ကန်သည့်ဈေးနှုန်းတစ်ခုကို ဖော်ဆောင်မည်ဖြစ်ပြီး ဈေးကွက်ပမာဏအနေဖြင့်လည်း ကြီးမားသည့်ဈေးကွက်ပမာဏရှိသည့် ဈေးကွက်ဖြစ်ကြောင်း၊ ထိုဈေးကွက်ကြီး မပျက်စီးစေရန် မိမိတို့အနေဖြင့် Online Trading ဟု ဆိုသည့်ဈေးကွက်ဖြင့် ထိန်းလိုက်ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ထိုဈေးကွက်မှာ မိမိအစောပိုင်းကပြောသကဲ့သို့ ကြီးမားသည့်ဈေးကွက်ကြီးဖြစ်သဖြင့် Exporter များ၊ Importer များနှင့်ပတ်သက်ပြီး ထိန်းညှိ၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ထိုအွန်လိုင်းဈေးကွက်မှာ မည်သည့်အခြေအနေအထိ အာမခံ၍ရသည်ကို ပြောရမည်ဆိုပါက ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ပြောသွားသကဲ့သို့ FESC နှင့်ပတ်သက်သည့် Import လိုင်စင်များနှင့် Export လိုင်စင်များ ထုတ်ပေးထားကြောင်း၊ FESC မှ ထုတ်ပေးထားသည့် Import လိုင်စင်များနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ Trade Policy အရ ထုတ်ပြန်ထားသည့် လိုင်စင်များဖြင့် နိုင်ငံခြားငွေပေးချေမှု အားလုံးနှင့်ပတ်သက်သည့်ကိစ္စအားလုံးကို Online Trading တွင် ရရှိနိုင်စေရန် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ဈေးကွက်ပေါ်တွင် ရှိနေသည့်ဈေးမှာ Market ဈေးဟု ပြောလိုခြင်းဖြစ်ကြောင်း၊ ကျန်သည့် တရားမဝင်ဈေးကွက်မှ ငွေအားလုံး မည်သည့်နေရာတွင် ရှိနေမည်ဆိုသည်ကို သတင်းထောက်ကြီးအနေဖြင့်လည်း ယခုလောက်ဆိုလျှင် ခန့်မှန်းနိုင်မည်ဖြစ်ကြောင်း၊ တရားဝင်ဈေးနှုန်းအပေါ်တွင် မူတည်၍ FESC၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဌာနများက ချပေးထားသည့် နိုင်ငံခြားငွေလွှဲပြောင်းမှုအားလုံးမှာ မိမိတို့ပေးနိုင်သည့်အနေအထားရှိကြောင်း၊ အွန်လိုင်းဈေးကွက်အပေါ်တွင် မိမိတို့အနေဖြင့် တချို့အရာများကို ထိန်းညှိပေးထားကြောင်း၊ ဈေးကွက်ကမောက်ကမ မဖြစ်စေရန်အတွက် ထိန်းညှိပေးထားခြင်းဖြစ်ကြောင်း၊ သို့သော် ၎င်းတို့အနေဖြင့် ၎င်းတို့ပေးချေရမည့် သတ်မှတ်အချိန်မတိုင်မီ အားလုံးရရှိနိုင်မည်ဖြစ်သည့်အတွက် ကုန်ဈေးနှုန်းကို ဆွဲတင်ရန်မရှိဟု ပြောလိုကြောင်း၊ Exporter များ နိုင်ငံခြားငွေရသည်ဟု ပြောကြပါကြောင်း၊ အရှေ့ပိုင်းတွင် ဒုတိယဝန်ကြီးများပြောသွားသကဲ့သို့ ယခင်က ၆၅ / ၃၅ ရှိကြောင်း၊ မနှစ်က ယခုလိုအချိန်တွင် ယခုကဲ့သို့ပင် အများကြီးတက်ပါကြောင်း၊ အချက်အလက်များကို ပြန်ကြည့်လျှင် သိမည်ဖြစ်ကြောင်း၊ မိမိတို့လုပ်ငန်းကော်မတီအနေဖြင့် ထိုကိစ္စနှင့်ပတ်သက်၍ ယခင်မိမိမတိုင်မီတွင် ရှိနေခဲ့သည့် လုပ်ငန်းကော်မတီဥက္ကဋ္ဌများ လက်ထက်ကပင် ယခုလိုပင် ထိန်းကျောင်းနေခဲ့ကြောင်း၊ ထိုအချိန်က မိမိတို့အနေဖြင့် ၆၅ / ၃၅ သတ်မှတ်ခဲ့ကြောင်း၊ ထိုအချိန်က ဆန်၊ ပဲ၊ ပြောင်းအပါအဝင် Exporter များအားလုံးရရှိသည့်ပမာဏကို အမှန်တကယ်သာ တွက်ကြည့်မည်ဆိုပါက ၆၅/ ၃၅ ဖြစ်သည့်အတွက် ၆၅ က ၂၁၀၀၊ ၃၅ က ထိုအချိန်တွင် ၂၈၅၀ ရှိကြောင်း၊ ထိုအချိန်ကို ပြန်ကြည့်မည်ဆိုပါက ၎င်းတို့၏တန်ဖိုး (Average Rate) မှာ ၂၄၀၀ ပတ်ဝန်းကျင်တွင်သာရှိကြောင်း၊ ၆၅ / ၃၅ ကို FESC က သတ်မှတ်ခြင်းမှာ Exporter များအားလုံးက ထိုအရာနှင့် ပတ်သက်ပြီး ရှုံး၍မရသည့်အတွက် အားလုံးနှင့်တွက်ကာ သတ်မှတ်ခြင်းဖြစ်ကြောင်း၊ FESC က သတ်မှတ်သည့် ဈေးနှုန်းအပေါ်မူတည်၍ မိမိတို့ဗဟိုဘဏ်က လိုအပ်သည့်ကိစ္စများကို ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ထိုသို့သတ်မှတ်ရာတွင်လည်း အကြောင်းမဲ့သတ်မှတ်ခြင်း မဟုတ်ဟု ပြောလိုကြောင်း၊ ကုန်ဈေးနှုန်း မတက်စေရန်အတွက် အဓိက ထိန်းကျောင်းရသည့်အရာမှာ စက်သုံးဆီဖြစ်ကြောင်း၊ ထို့ကြောင့်မိမိတို့အနေဖြင့် စက်သုံးဆီဈေးနှုန်း မတက်စေရန် လုပ်ဆောင်ရကြောင်း၊ ကုန်ဈေးနှုန်း မတက်ရန်အတွက် ထိန်းကျောင်းနေသည့်အချိန်မှာ အဓိကအများဆုံးပါဝင်နေသည်မှာ စက်သုံးဆီပင်ဖြစ်ကြောင်း၊ ထို့ကြောင့် စက်သုံးဆီနှင့်ပတ်သက်၍ ကုန်ဈေးနှုန်း မတက်ရန် မိမိတို့က ဆောင်ရွက်ကြောင်း၊ ထိုအချိန်၌ နိုင်ငံတကာ၏ စက်သုံးဆီဈေးနှုန်းမြင့်တက်လျက်ရှိသည့် အခြေအနေကြောင့် ပြည်တွင်း၌ စက်သုံးဆီဈေးနှုန်းအခြေအနေ အများကြီးမြင့်တက်မသွားရန် မိမိတို့က ဒီဇယ်ဆိုလျှင် ၅၀ ရာခိုင်နှုန်းကို ၂၁၀၀ ကျပ်ဖြင့် ရောင်းကြောင်း၊ ကျန်သည့် ၅၀ ရာခိုင်နှုန်းကို Market မှရောင်း၍ ၂၈၅၀ ကျပ်နှင့်ရှိနေကြောင်း၊ ၎င်းတို့ရသည့် ကုန်ကျစရိတ်မှာ ၂၄၅၀ ကျပ်ဝန်းကျင် ဖြစ်ကြောင်းကို မိမိအနေဖြင့် ထောက်ပြလိုကြောင်း၊ ထိုအချိန်မှစ၍ ဩဂုတ်လနောက်ပိုင်းတွင် စက်သုံးဆီအားလုံးကို ပြည်ပမှ ထွက်ဝယ်သည့်အတွက်ကြောင့် အားလုံး ဈေးများ အလွန်တက်ကြောင်း၊ ထို့ကြောင့် အပြင်ဘက်မှာ စက်သုံးဆီများကို ထွက်မဝယ်ခိုင်းဘဲ ဗဟိုဘဏ်မှ Franchising ပေးခြင်းများ၊ တချို့ကို ရောင်းချပေးခြင်းများကို လုပ်လိုက်သည့်အချိန်တွင် ကုန်ဈေးနှုန်း မည်မျှတည်ငြိမ်ခဲ့သည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ ထိုအချိန်တွင် ၆၅/ ၃၅ မှ ၅၀/ ၅၀ သို့ဖြေလျှော့ပေးမှုမစခင်ဈေးနှုန်းမှာ ၂၇၀၀ ကျပ်ထိကျခဲ့ကြောင်း၊ ယင်းအပေါ်မှာ ဈေးကစားလာသည့်သူများ ရှိလာသည့်အတွက်ကြောင့် ပြန်တက်လာသည့်ဈေးနှုန်းမှာ ၂၈၅၀ ကျပ် ဖြစ်သွားသည်ကို တွေ့ရကြောင်း၊ ထိုအချိန်တွင် မျှခြေဖြစ်သွားသည့်အတွက် ၂၈၅၀ ဝန်းကျင်တွင် အကြာကြီးဖြစ်နေကြောင်း၊ ၅၀/ ၅၀ ပေးမည့်အချိန်မတိုင်ခင်က မိမိတို့မသိသေးသော်လည်း အပြင်၌ ကောလာဟလများထွက်နေကြောင်း၊ ထိုအချိန်၌ မိမိတို့ကော်မတီက ဈေးနှုန်းနှင့်ပမာဏများကို သုံးသပ်နေကြောင်း၊ အားလုံးကိုခြုံကြည့်ပြီး ၅၀/၅၀ ပေးလိုက်သည့်အခါ ဖြစ်ရမည့်ဈေးနှုန်း Fair Price ၂၇၀၀ ရသည့်အချိန်တွင် Exporter များက ၂၈၅၀ ရသွားမည်ဖြစ်ကြောင်း၊ သို့သော် ၂၇၀၀ ဖြစ်သွားမည်စိုးသည့်အတွက် ဈေးနှုန်းကို ထိုအချိန်ကတည်းကစပြီး ဆွဲတင်လိုက်သည်ကို သတိပြုစေလိုသည့်အတွက် ပြောခြင်းဖြစ်ကြောင်း၊ ငွေကြေးဈေးကွက်နှင့်ပတ်သက်၍ ဗဟိုဘဏ်၏ ရည်ညွှန်းဈေးနှုန်းမှာ ၂၁၀၀ ကျပ်ဖြစ်ကြောင်း၊ Exporter နှင့် Importer ဖြစ်သည့် စက်သုံးဆီသမားများအပေါ် မူတည်၍ ၂၁၀၀ ဈေးနှင့် မိမိတို့လုပ်ထားကြောင်း၊ ပျမ်းမျှသည် Market ဈေးဖြစ်ပြီး Market ဈေးအရ ပြန်ပြီးတွက်ရခြင်းဖြစ်သည့်အတွက်ကြောင့် Market ဈေးသည် ၂၉၀၀ဖြစ်ကြောင်း၊ အများဆုံး ၂၉၂၀ နှင့် ၂၉၂၂ အတွင်းဖြစ်ရန် မိမိတို့ ထိန်းညှိပြီး ဆောင်ရွက်သွားမည် ဖြစ်သောကြောင့် ၎င်းဈေးက အနီးစပ်ဆုံးဖြစ်သည်ကို ငွေဈေးကွက်နှင့်ပတ်သက်ပြီး ပြောလိုကြောင်း၊ ရွှေဈေးကွက်နှင့်ပတ်သက်၍ ရွှေဈေးကွက်ကလည်း အရင်ကငွေကြေးဈေးကွက်နှင့်အတူ တက်နေသည့်အနေအထားတွေ့ရကြောင်း၊ ထိုအချိန်တွင် မိမိတို့က ရွှေနှင့်ပတ်သက်၍လေ့လာပြီး ဆွေးနွေးသည့်အခါ တွေ့ရသည်က ရွှေကို မိရိုးဖလာဈေးနှင့် လုပ်ခဲ့ကြသည့်အတွက်ကြောင့် ထိုရွှေနှင့်ပတ်သက်၍ တွက်သည့် တွက်ချက်နည်းကို မိမိတို့ ကြည့်ပါကြောင်း၊ ထိုရွှေ၏ One Troy Ounce မှာ ရှိနေသည့် နိုင်ငံတကာဈေးနှုန်းမှတစ်ဆင့် ဒေါ်လာဈေးနှုန်းကို သွားပါကြောင်း၊ ထို One Troy Ounce မှာရှိနေသည့်ဈေးနှုန်းကို မြန်မာနိုင်ငံတွင်ရှိနေသည့် Market ဈေးနှုန်းနှင့် မြှောက်ပါကြောင်း၊ ထို့နောက် One Troy Ounce မှာရှိသည့် ကျပ်သားနှင့် စားပါကြောင်း၊ ထိုနေရာ၌ ပြဿနာတစ်ခု ရှိကြောင်း၊ မိမိတို့အစိုးရက သက်မှတ်ထားသည့် Standard သည် One Troy Ounce နှင့်ပတ်သက်ပြီး ၁ ဒသမ ၉၀၄၇ ကျပ်သား ရှိပါကြောင်း၊ သို့သော် ၎င်းတို့၏ မိရိုးဖလာဈေးနှုန်းအရတွက်လျှင် One Troy Ounce ကို၁ ဒသမ ၈၇၅ နှင့်စားပါကြောင်း၊ စားခြေကြီးသည့်အပေါ်မှာ မူတည်၍ ဈေးနှုန်းက တွက်ခြင်းဖြစ်ကြောင်း၊ ထိုသို့တွက်သည်ဟု ပြောသည့်အတွက်ကြောင့် မိမိတို့က ထိုနည်းအတိုင်းသာ ထိန်းကျောင်းပါကြောင်း၊ ကမ္ဘာ့ရွှေဈေး တက်လာသည့်အခါ မိမိတို့ဒေါ်လာများသည် ၂၈၅၀ ပင်ဖြစ်ကြောင်း၊ ကျန်သည့်ကုန်ဈေးနှုန်းပင် တက်တက် ၂၈၅၀ ဝန်းကျင်ခန့်မှာပင် တစ်နှစ်နီးပါးထိန်းထားသည့် အနေအထားနှင့် ပတ်သက်ပြီး ပြောလိုခြင်းဖြစ်ကြောင်း၊ ထိုအချိန်၌ မိရိုးဖလာဈေးနှင့်လုပ်ခဲ့သူများသည် ကမ္ဘာ့ရွှေဈေးပေါ်မှာ မူတည်၍ လိုက်တက်ကြောင်း၊ ကမ္ဘာ့ရွှေဈေး One Troy Ounce ၂၀၀၀ ကျော်လျှင် ထိုအတိုင်းတက်ကြောင်း၊ ကမ္ဘာ့ရွှေဈေး ရုတ်တရက်ကျသွားသည့်အချိန်တွင် ဒေါ်လာဈေး မကျကြောင်း၊ သို့သော် ၎င်းတို့၏ရွှေဈေးက မကျသည့်အနေအထားကို မိမိတို့သွား တွေ့ရပါကြောင်း၊ ယခုကမ္ဘာ့ရွှေဈေးက ပြန်ကျသည့်အခါ၊ ပြန်ကျလာမည့်အရိပ်အယောင်မြင်သည့်အခါ ရွှေနှင့်ငွေဆက်စပ်ပြီး ငွေဈေးကိုပါ လိုက်တက်လာသည့်အနေအထားကို တွေ့ရကြောင်း၊ ရွှေဈေး၊ ငွေဈေးတက်သည်နှင့်ပတ်သက်၍ အဓိကမှာ ကောလာဟလကြောင့်တက်သည့်အချက်များလည်း အများကြီးပါသည်ကို တွေ့ရကြောင်း၊ ယခုကမ္ဘာ့ ရွှေဈေးကြီးက ကျလာသည့်အချိန် ၎င်းတို့က မိမိတို့ကို ပုံသေနည်းအတိုင်းသွားမည် ဟုပြောကြောင်း၊ ပုံမှန်ပုံသေနည်းအတိုင်းသွားမည်ဆိုလျှင် မြှောက်ရမည်မှာ ဒေါ်လာဈေးနှုန်းဖြစ်ကြောင်း၊ ထိုသို့မြှောက်ရမည့်အချိန်တွင် ဆွဲတင်ထားသည့် မှောင်ခိုဈေးနှုန်းနှင့် ဒေါ်လာဈေးနှုန်း မြှောက်၍ မရကြောင်းကို Market ပေါက်ဈေးနှင့်ပတ်သက်ပြီး မိမိအတိအလင်းပြောပြီးပြီဖြစ်ကြောင်း၊ အနီးစပ်ဆုံး Online Trade ပေါ်ရှိ Market ပေါက်ဈေးကိုသာယူပါဟု ပြောလိုကြောင်း၊ ထို့ကြောင့် ၂၉၂၀ ဆိုလျှင် ၂၉၂၀ ပင် ယူစေလိုကြောင်း၊ ယနေ့ဆိုလျှင် ကမ္ဘာ့ရွှေဈေးသည် One Troy Ounce မှာ ၁၈၉၄ ဒသမ ၅၅ ရှိကြောင်း၊ မိမိတို့၏ Exchange Rate က ၂၉၂၀ ဖြစ်သည့်အတွက်ကြောင့် ထိုပေါ်မှာမူတည်ပြီး များသည့် ၎င်းတို့၏ Standard နှင့်ပင် တွက်ကြည့်မည်ဆိုလျှင် ၂၉၅၀၀၀၀ ထက် မကျော်သည်ဟု ပြောလိုကြောင်း၊ ထိုရွှေဈေးနှင့် ပတ်သက်၍ ယခုကဲ့သို့ ဈေးလျှော့ပေါ့ပြီး သွားနေသည့် အပေါ်မူတည်၍ အားလုံး သုံးသပ်ရန်လည်း ပြောလိုကြောင်း၊ ရွှေဆိုင်များနှင့်ပတ်သက်၍ မေးကြည့်သည့်အခါ ၎င်းတို့အနေဖြင့် ထိုပေါ်လာသည့် ဈေးနှုန်းသည် ၎င်းတို့၏ဈေးနှုန်း မဟုတ်ဘူးဟု ပြောကြောင်း၊ ထိုဈေးနှုန်း များအားလုံးသည် Online ပေါ်မှာ မူတည်ပြီး ထွက်လာသည့် ဈေးနှုန်းဖြစ်ကြောင်း၊ ပြည်သူလူထုအနေဖြင့် ယင်းအပေါ်မူတည်ပြီး မစိုးရိမ်ဘဲ သင့်တင့်လျောက်ပတ်စွာ ဝယ်ခြင်း၊ ရောင်းခြင်းများကို လုပ်ရန်ပြောလိုကြောင်း ဖြေကြားသည်။

**သတင်းစဉ်**

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ငါးမွေးမြူရေးလုပ်ငန်းများ ကြည့်ရှုအားပေး



**ပုသိမ် ဩဂုတ် ၂၉**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန တလုပ်လုငါးလုပ်ငန်းစခန်း၌ ယနေ့နံနက်ပိုင်းက ငါးဆေးထိုးသားဖောက်ခြင်း သင်တန်းဖွင့်ပွဲ (၂/၂၀၂၃) ကို ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ မအူပင်တက္ကသိုလ် ပါမောက္ခချုပ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် သင်သန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း ငါးလုပ်ငန်းစခန်းများ၌ ငါးဆေးထိုးသားဖောက်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နေသည်ကို တွေ့ရှိရပါကြောင်း၊ မြန်မာနိုင်ငံ၏ စပါးကျီဖြစ်ပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်သော တိုင်းဒေသကြီးဖြစ်ရာ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ငါးလုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်သည့် အချက်အလက်များကိုလည်းကောင်း၊ မအူပင်တက္ကသိုလ်ပါမောက္ခချုပ်က တက္ကသိုလ်တက်ရောက်နေမှုအခြေအနေများ၊ ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ တက္ကသိုလ်ကျောင်းသား ကျောင်းသူများ စာတွေ့လက်တွေ့ ဆောင်ရွက်နေမှုများ၊ ဒေသအကျိုးပြုသုတေသနလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများ၊ အလုပ်အကိုင်အခွင့်အလမ်းရရှိမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် အဆိုပါစခန်း၌ ငါးမွေးမြူရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပြီး ဆွေးနွေးတင်ပြချက်များအပေါ် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

**တက်ရောက်လျက်ရှိ**

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကျောင်းသား ကျောင်းသူများနှင့်အတူ တလုပ်လုငါးလုပ်ငန်းစခန်း၏ ငါးဆေးထိုးသားဖောက်ခြင်းနှင့် မွေးမြူထုတ်လုပ်ပုံအဆင့်ဆင့်များကို လှည့်လည်ကြည့်ရှုသည်။ အဆိုပါ ငါးဆေးထိုးသားဖောက်သင်တန်းကို ယနေ့မှစ၍ နှစ်ရက်ကြာ စာတွေ့လက်တွေ့ ဖွင့်လှစ်ပြီး မအူပင်တက္ကသိုလ်၊ သတ္တဗေဒဌာနမှ သင်တန်းသား သင်တန်းသူ ၃၉ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

■

# ဓနုဖြူမြို့နယ်၌ ဆန်စက်လုပ်ငန်းရှင်များအသင်းက သက်သာသောဈေးနှုန်းဖြင့် ဆန်ရောင်းချ

**ဓနုဖြူ ဩဂုတ် ၂၉**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ စားသုံးသူရေးရာဦးစီးဌာနနှင့် ဆန်စက်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် ဆန်တစ်ပြည်လျှင် ကျပ် ၂၅၀၀ နှုန်းဖြင့် ရောင်းချပေးခြင်းကို ယနေ့ နံနက်ပိုင်းက အမှတ်(၈) ရပ်ကွက် လမ်းမတော်လမ်းရှိ ဆန်စက်လုပ်ငန်းရှင်များအသင်းရုံး၌ ရောင်းချပေးသည်။

ပြည်သူများသို့ သက်သာသောဈေးနှုန်းဖြင့် ဆန်ရောင်းချခြင်းကို ယနေ့တွင် ဆန်စက်လုပ်ငန်းရှင်များအသင်းရုံး၌ အမှတ်(၁)ရပ်ကွက်က အမှတ်(၆) ရပ်ကွက်အတွင်းရှိ ပြည်သူများအား ရောင်းချပေးပြီး ကျန်ရပ်ကွက်များရှိပြည်သူများအား ဓနုဖြူမြို့နယ်အတွင်းရှိ ဆန်စက်များတွင် အလှည့်ကျ နေ့စဉ်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကြည့်ရှုအားပေး**

ထိုသို့ရောင်းချရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအေးကိုတင့်၊ အဖွဲ့ဝင်(၁)ဗိုလ်မှူးဟိန်းထက်ဇော်၊ အဖွဲ့ဝင်(၂) ဦးစိန်မောင်ဝင်း၊ စားသုံးသူရေးရာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမင်းစိုးတို့က ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**





# မော်ဘီမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများ ကွင်းဆင်းစစ်ဆေး

**မော်ဘီ ဩဂုတ် ၂၉**

ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ်အတွင်းရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရရှိငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ကျေးရွာသုံးရွာ၌ ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို တာဝန်ရှိသူများက ဩဂုတ် ၂၉ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မော်ဘီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဆွေဆွေမြင့်နှင့် တာဝန်ရှိသူများက ထိန်စွန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၁၅၅ သိန်းဖြင့် ဆောင်ရွက်ခဲ့သည့် ကျေးရွာတွင်းကွန်ကရစ်လမ်းအရှည် ပေ ၆၃၀၊ အကျယ် ၁၀ ပေ၊ ဒု ၆ လက်မ၊ ဘိုးဒေါနကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် သိန်း ၂၃၀ ဖြင့် ဆောင်ရွက်ခဲ့သည့် ကျေးရွာတွင်း ကွန်ကရစ်လမ်းအရှည် ပေ ၉၃၀၊ အကျယ် ၁၀ ပေ၊ ဒု ၆ လက်မနှင့် ဝါးဖြူတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၉၅ သိန်းဖြင့် ဆောင်ရွက်ခဲ့သည့် အုတ်စီရေမြောင်း အရှည်ပေ ၂၈၀၊ အကျယ် ၁ ပေ ၆ လက်မနှင့် အမြင့် ၃ ပေ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

# မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်ခြင်းနှင့် ငွေစာရင်းရေးသွင်းနည်း သင်တန်းဖွင့်ပွဲအခမ်းအနား ဆောင်ရွက်

**ကော့သောင်း ဩဂုတ် ၂၉**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်မည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ဖော်ဆောင်မည့်ကျေးရွာများသို့ ရန်ပုံငွေလွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ဩဂုတ် ၂၉ ရက် နံနက်ပိုင်းတွင် ဆောင်ရွက်သည်။

**မိတ်ဆက်ရှင်းလင်း**

အဆိုပါ အခမ်းအနားတွင် ကော့သောင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးဝေက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဇော်လတ်က စီမံကိန်းဆိုင်ရာများ မိတ်ဆက်ရှင်းလင်းသည်။

ထို့နောက် ကော့သောင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးဝေက မြစိမ်းရောင်စီမံကိန်းရရှိသည့် စူငယ်ဘာလိုင်းကျေးရွာအုပ်စု ကံပုံမာတမ်းကျေးရွာအတွက် ငွေကျပ်သိန်း ၃၀၀ ကိုလည်းကောင်း၊ မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဇော်လတ်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ဆောင်ရွက်မည့် ကျေးရွာများအား ငွေကျပ်သိန်း ၆၀၀ ကိုလည်းကောင်း စီမံကိန်းကျေးရွာကော်မတီဝင်များသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**၂၂၂**

# လူထုအခြေပြုဇဟိုဌာန (ပန်းတနော်)၌ အိမ်တွင်းမှု မုန့်လုပ်နည်းသင်တန်း ဖွင့်လှစ်

**ပန်းတနော် ဩဂုတ် ၂၉**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် အိမ်တွင်းမှု မုန့်လုပ်နည်းသင်တန်းကို ယနေ့နံနက် ၁၀ နာရီက လူထုအခြေပြုဇဟိုဌာန ရွှေနော်သီရိခန်းမ၌ ကျင်းပသည်။

သင်တန်းတွင် ဧရာဝတီတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ယဉ်ဆွေဝင်းက အဖွင့်အမှာစကားပြောကြားပြီး လူမှုဝန်ထမ်းဦးစီးဌာန တိုင်းညွှန်ကြားရေးမှူး ဒေါ်မြမာလာစိုးက အိမ်တွင်းမှုမုန့်လုပ်နည်းသင်တန်းဖွင့်လှစ်ပေးရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန အိမ်တွင်းမှု အသက်မွေးပညာသင်ကျောင်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်လဲ့လဲ့ထွန်းနှင့် လက်ထောက်နည်းပြဆရာမတို့က အိမ်တွင်းမှုမုန့်လုပ်နည်းဖြစ်သည့် ရွှေဖရုံသီး ဆနွင်းမကင်း၊ မုန်လာဥနီ ဆနွင်းမကင်း၊ ကြက်ဥပူတင်း ဆနွင်းမကင်းပြုလုပ်နည်းများကို လက်တွေ့သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ တိုင်းအဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး အမျိုးသမီးရေးရာအသင်း၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့ခံပြည်သူသင်တန်းသား စုစုပေါင်း ၃၅ ဦး တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။

**ပြည့်ဖြိုးကျော်(ပြန်/ ဆက်)**

## ဓာတ်ခွဲနမူနာစုစုပေါင်း ၄၄၆၅ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် မတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၉-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၂၈-၈-၂၀၂၃) ရက်နေ့၊ ည(၈:၀၀)နာရီမှ (၂၉-၈-၂၀၂၃)ရက်နေ့၊ ည(၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄၄၆၅)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ဂျီ-၂၀ ထိပ်သီးအစည်းအဝေးသို့ ရုရှားနိုင်ငံခြားရေးဝန်ကြီးအား စေလွှတ်မည်ဟု ရုရှားသမ္မတ ဗလာဒီမာပူတင်က အိန္ဒိယဝန်ကြီးချုပ် မိုဒီအား ပြောကြား

**မော်စကို ဩဂုတ် ၂၉**

လာမည့် စက်တင်ဘာလအစောပိုင်းတွင် အိန္ဒိယနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ဂျီ-၂၀ ထိပ်သီးအစည်းအဝေးသို့ ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗ်ရော့ဗ်အား စေလွှတ်မည်ဖြစ်ကြောင်း ရုရှားသမ္မတပူတင်နှင့် အိန္ဒိယဝန်ကြီးချုပ်မိုဒီတို့ ဩဂုတ် ၂၈ ရက်က ဖုန်းဖြင့်ဆက်သွယ်ပြောကြားစဉ် ပြောကြားခဲ့သည်။

ပူတင်နှင့် မိုဒီတို့က အတူတကွနည်းကပ်စွာဆောင်ရွက်ရန် သဘောတူညီခဲ့ကြောင်း၊ ရုရှားနှင့် အိန္ဒိယနိုင်ငံတို့သည် BRICS မူဘောင်၏အဖွဲ့ဝင်နိုင်ငံများဖြစ်ကြောင်း ရုရှားနိုင်ငံက ပြောကြားသည်။ ရုရှားနိုင်ငံက လာမည့်နှစ်တွင် BRICS အဖွဲ့အစည်း၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မည်ဖြစ်သည်။

ရုရှားသမ္မတ ပူတင်က ဂျီ-၂၀ ထိပ်သီးအစည်းအဝေးသို့ လူကိုယ်တိုင် မတက်ရောက်ရန် ဆုံးဖြတ်ခဲ့သော်လည်း အိန္ဒိယနိုင်ငံနှင့် ပိုမိုခိုင်မာသော ဆက်ဆံရေးတည်ဆောက်လိုခြင်းကို ပြသရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

**ချီးကျူးဂုဏ်ပြု**

အိန္ဒိယနိုင်ငံ၏ ချန်ဒရာယန်-၃ လဆင်းယာဉ်အား လကမ္ဘာပေါ်သို့ အောင်မြင်စွာလွှတ်တင်နိုင်ခဲ့ခြင်းအတွက် ပူတင်က မိုဒီအား ချီးကျူးဂုဏ်ပြုကြောင်းလည်း ပြောကြားခဲ့သည်။ ထို့ပြင် အာကာသ သိပ္ပံနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်ရန် အသင့်ရှိပါကြောင်းလည်း ရုရှားသမ္မတ ပူတင်က ထပ်လောင်းအတည်ပြုပြောကြားခဲ့သည်။



ခေါင်းဆောင်နှစ်ဦးတို့သည် နှစ်နိုင်ငံကုန်သွယ်မှုဆိုင်ရာဆက်ဆံရေးနှင့် သယ်ယူပို့ဆောင်ရေးနှင့် စွမ်းအင်ကဏ္ဍများ ပူးပေါင်းဆောင်ရွက်ရေးကိစ္စတို့နှင့် စပ်လျဉ်း၍လည်း ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း သိရသည်။ **ကိုးကား - ဆင်ဟွာ၊ အင်အိတ်ချ်ကေ**
**ဘာသာပြန် - အလင်းသစ်**

# ကမ္ဘောဒီးယားနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍအတွက် ရန်ပုံငွေ အမေရိကန်ဒေါ်လာ သန်း ၁၀၀ လျာထားသတ်မှတ်



**ဖနောင်ပင် ဩဂုတ် ၂၉**

ကမ္ဘောဒီးယားနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရန်ပုံငွေ အမေရိကန်ဒေါ်လာ သန်း ၁၀၀ လျာထားကြောင်း ဝန်ကြီးချုပ်ဟွန်မာနက်က ပြောကြားသည်။

စိုက်ပျိုးရေးထုတ်ကုန်များဖြစ်သည့် စပါး၊ ကြိတ်ခွဲပြီးဆန်နှင့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးထုတ်လုပ်ရေးအတွက် ယင်းရန်ပုံငွေကို သုံးစွဲမည်ဖြစ်ကြောင်း မြို့တော်ဖနောင်ပင်၌ အထည်ချုပ်လုပ်သားများနှင့် တွေ့ဆုံစဉ် ဟွန်မာနက်က မှတ်ချက်ပြုသည်။

ပြည်ပမှ ဝယ်လိုအား များပြားလာခြင်းကြောင့် စိုက်ပျိုးရေးထုတ်ကုန်များ၏ ဈေးကွက်မတည်ငြိမ်မှု ရှိခဲ့သော်လည်း အဆိုပါရန်ပုံငွေဖြင့် ဈေးကွက်များတည်ငြိမ်စေရေး၊ ဆည်မြောင်းစနစ်ကောင်းမွန်ရေးနှင့် စိုက်ပျိုးရေးပညာရှင်များ မွေးထုတ်ရေးတို့ကို စီစဉ်ဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ နိုင်ငံတစ်ဝန်း၌ စိုက်ပျိုးရေးပညာရှင်များကို လယ်သမားများနှင့် တိုက်ရိုက်ထိတွေ့စေပြီး စိုက်ပျိုးရေးကဏ္ဍ အဆင့်မြင့်စေရေး ဆောင်ရွက်မည်ဟု ၎င်းက ပြောကြားသည်။ ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ်ပထမနစ်ဝက်အတွင်း နိုင်ငံနှင့် ဒေသပေါင်း ၆၈ ခုသို့ စိုက်ပျိုးရေးထုတ်ကုန်တန်ချိန် ၄ ဒသမ ၅၁ သန်း တင်ပို့ခဲ့ပြီး အမြတ်ငွေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၃ ဘီလီယံရရှိခဲ့ကြောင်း စိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်းဝန်ကြီးဌာနမှ မှတ်ချက်ပြုသည်။

ကမ္ဘောဒီးယားနိုင်ငံ၏ အဓိကပို့ကုန်များမှာ ဆန်၊ ရော်ဘာ၊ ပီလောပီနံ၊ သရက်သီး၊ ငှက်ပျောသီး၊ ငရုတ်ကောင်း၊ သီဟိုဠ်စေ့၊ ပဲ၊ ပြောင်း၊ စားအုန်းဆီတို့ ဖြစ်သည်။

အစိုးရသည် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးမည်ဖြစ်ကာ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးဆောင်ရွက်မည်ဖြစ်ပြီး အထည်ချုပ်လုပ်ငန်း၊ ဖိနပ်လုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းတို့မှ လုပ်သားများ၏ လုပ်ခလစာကိုလည်း တိုးမြှင့်ပေးမည်ဖြစ်ကြောင်း ဟွန်မာနက်က ပြောကြားသည်။ ထို့ပြင် နိုင်ငံအတွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး အပါအဝင် နိုင်ငံသားများ၏ လူမှုစီးပွားဘဝ မြှင့်တင်ရေးအတွက် ဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ **ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

# သီရိလင်္ကာနိုင်ငံ အစိုးရအဖွဲ့က လျှပ်စစ်ကားအစီးရေ ၅၀ ဝယ်ယူရေးအဆိုပြုချက်အား အတည်ပြု

**ကိုလံဘို ဩဂုတ် ၂၉**

သီရိလင်္ကာနိုင်ငံ အစိုးရအဖွဲ့က နိုင်ငံ၏အနောက်ပိုင်းပြည်နယ်ရှိ ခရီးသည်ဝန်ဆောင်မှုလုပ်ငန်းများအတွက် လျှပ်စစ်ကားအစီးရေ၅၀ ဝယ်ယူရေးအဆိုပြုချက်အား အတည်ပြုခဲ့ကြောင်း အစိုးရသတင်းအချက်အလက်ဌာနက ဩဂုတ် ၂၉ ရက်တွင် ပြောကြားသည်။

ယင်းသို့ လျှပ်စစ်ကားများဝယ်ယူရေးဆုံးဖြတ်ချက်ကို အစိုးရအဖွဲ့အစည်းအဝေးတွင် ချမှတ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ယင်းလျှပ်စစ်ကားများကို အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရေးစီမံကိန်းတစ်ခုအဖြစ် လုပ်ငန်းလည်ပတ်မည်ဖြစ်ကြောင်း သိရသည်။

လျှပ်စစ်ကားအစီးရေ ၅၀ ထပ်မံဝယ်ယူမည်ဖြစ်သောကြောင့် သီရိလင်္ကာနိုင်ငံ၌ လျှပ်စစ်ကားအစီးရေ ၂၀၀ အထိရှိလာမည်ဖြစ်ပြီး ၂၀၄၈ ခုနှစ်တွင် လျှပ်စစ်ကားများကို အများပြည်သူသယ်ယူပို့ဆောင်ရေး ယာဉ်များအဖြစ် အသုံးပြုမည်ဖြစ်ကြောင်း သီရိလင်္ကာနိုင်ငံ သယ်ယူပို့ဆောင်ရေးဝန်ကြီး ဂုနာဝါဒီနာက ပြောကြားသည်။

ထို့ပြင် အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ်၏ အဆင်ပြေမှုနှင့် ယုံကြည်စိတ်ချရမှုကို မြှင့်တင်ရန်အတွက် ကမ္ဘာလုံးဆိုင်ရာတည်နေရာအခြေခံစနစ်(GPS) နှင့် e-ticket အထောက်အကူပြုပစ္စည်းများ မကြာမီတပ်ဆင်တော့မည်ဖြစ်ကြောင်း သီရိလင်္ကာသမ္မတ၏ မီဒီယာဌာနက ယခုလအစောပိုင်းတွင် ပြောကြားခဲ့သည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**



# လာအိုနိုင်ငံ၌ ၂၀၂၄ ခုနှစ်တွင် (၂၇)ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်းဆိုင်ရာ ဝန်ကြီးများအစည်းအဝေးနှင့် အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်ကို လက်ခံကျင်းပမည်

**ဗီယင်ကျန်း ဩဂုတ် ၂၉**

လာအိုနိုင်ငံ၌ ၂၀၂၄ ခုနှစ်တွင် (၂၇)ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်းဆိုင်ရာ ဝန်ကြီးများအစည်းအဝေးနှင့် (၄၂)ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်ကို လက်ခံကျင်းပမည်ဖြစ်ကြောင်း သိရသည်။



**ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နေ**

ယင်းအစည်းအဝေးနှင့်ဖိုရမ်အား ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၂ ရက်မှ ၂၇ ရက်အတွင်း မြို့တော်ဗီယင်ကျန်းတွင် လက်ခံကျင်းပနိုင်ရေးအတွက် လက်ရှိအချိန်တွင် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နေသည်။ တာဝန်ရှိသူများအား တည်းခိုနေထိုင်ခွင့်ရရှိနိုင်ရန်အတွက် အဆောက်အဦ ရွေးချယ်သတ်မှတ်ခြင်းနှင့် ဖိတ်စာများ စီစဉ်ရေးတို့အတွက် သက်ဆိုင်ရာလုပ်ငန်းများ ပြင်ဆင်ဆောင်ရွက်ရေးကော်မတီကို ဖွဲ့စည်းထားပြီး လုပ်ငန်းများဆောင်ရွက်နေကြောင်း လာအိုနိုင်ငံ ပြန်ကြားရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာန ခရီးသွားလုပ်ငန်းဆိုင်ရာဈေးကွက်ဌာနမှ ညွှန်ကြားရေးမှူးချုပ် ဟောင်ဘောင်းချန်သာက ပြောကြားသည်။


ယင်းကော်မတီသည် လက်ရှိအချိန်တွင် အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် ပူးပေါင်းပြီး ဖိတ်ကြားမည့်ဝန်ကြီးများနှင့်တာဝန်ရှိသူများ အရေအတွက်ကို ညှိနှိုင်းဆောင်ရွက်နေကြောင်း သိရသည်။ ထို့ပြင် ၎င်းဖိတ်ကြားမည့် တာဝန်ရှိသူများအား လာအိုနိုင်ငံ မြို့တော်ဗီယင်ကျန်း အပါအဝင် နိုင်ငံတစ်ဝန်းရှိဒေသများသို့ သွားရောက်နိုင်ရန် ခရီးစဉ်များ စီစဉ်ဆောင်ရွက်မည်ဖြစ်သည်။

ယခုကျင်းပမည့် အာဆီယံခရီးသွားလုပ်ငန်းဆိုင်ရာ ဝန်ကြီးများအစည်းအဝေးနှင့် အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်တို့သည် လာအိုနိုင်ငံနှင့်အာဆီယံဒေသတွင်း ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် အရေးကြီးသည့် အခမ်းအနားများဖြစ်သဖြင့် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လာအိုနိုင်ငံက ကြိုးပမ်းဆောင်ရွက်နေကြောင်း သိရသည်။

၂၀၂၄ ခုနှစ်သည် လာအိုနိုင်ငံ၏ ခရီးသွားနှစ်ဖြစ်သည့်အတွက် နိုင်ငံအတွင်း ခရီးသွား ၂ ဒသမ ၇ သန်းကျော် ဝင်ရောက်ရေးဆောင်ရွက်မည်ဖြစ်သည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

# လှိုင်လင်နှင့် လမ်းမတော်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ



မနှင်းနှင်းဝေ၊ တင်မောင်ထွန်း၊ နောင်မင်းအေး၊ သန်းနိုင်နှင့် မမြမြသီတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် ဩဂုတ် ၂၉

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၆ ရက် ည ၈ နာရီတွင် လှိုင်လင်မြို့နယ် ပန်ဝိုးကျေးရွာအုပ်စု ဟိုတင့်ကျေးရွာအနီး လှိုင်လင်-တောင်ကြီးသွား ကားလမ်းတွင် နောင်မင်းအေး မောင်းနှင်ပြီး တင်မောင်ထွန်းနှင့် မနှင်းနှင်းဝေတို့ လိုက်ပါလာသည့် Toyota Alphard အမျိုးအစားယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ည ၉ နာရီခွဲတွင် တပ်ကုန်းမြို့နယ် ကြို့ကုန်းကျေးရွာအုပ်စု ကင်းသာကျေးရွာရှိ ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ခိုင်းသူ သန်းနိုင်နှင့် ဇနီး မမြမြသီတို့အား Toyota Kluger ယာဉ်နှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့သည်။

ထို့အတူ ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၈ ရက် မွန်းလွဲ ၂ နာရီ မိနစ်၅၀ တွင် လမ်းမတော်မြို့နယ် (၃)ရပ်ကွက် ကမ်းနားလမ်းနှင့် လမ်းမတော် (၈)လမ်းထောင့်တွင် မသက်ဖွယ်တွေ့ရှိသူ မကြည်ကြည်နိုင်ကို စစ်ဆေးရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၂၂ ကီလို သိမ်းဆည်းရမိခဲ့ပြီး မွန်းလွဲ ၃ နာရီ မိနစ် ၂၀ တွင် လမ်းမတော်မြို့နယ် (၄)ရပ်ကွက် ဗန္ဓုလလမ်းနှင့် အနော်ရထာလမ်းကြား လမ်းမတော်(၉)လမ်းရှိ ၎င်းငှားရမ်းနေထိုင်သည့် အဆောင်ကို ဆက်လက်ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၅၉ ကီလို ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် မကြည်ကြည်နိုင် (၄၁ နှစ်)အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင်သစ်မျိုးစုံ၊ ရေနံစိမ်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ



မကွေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

နေပြည်တော် ဩဂုတ် ၂၉

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**အရေးယူဆောင်ရွက်**

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၅ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပွင့်ဖြူမြို့နယ် ကြီးအုံ-ကြီးဝတမံ (၈)မိုင်ခွဲလမ်း၊ ကျွဲတံခါးကြိုးပြင် ကာကွယ်တောအနီး၌ တရားမဝင်သစ်မျိုးစုံ သုည ဒသမ ၅၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀)နှင့် ပွင့်ဖြူမြို့နယ် သက်တော်ရှည်ရပ်ကွက်၌ တရားမဝင်သစ်မျိုးစုံ ၂ ဒသမ ၇၈၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၉၇၀၀)တို့ကို သစ်တောဥပဒေအရလည်းကောင်း၊ မင်းဘူး(စကု)မြို့နယ် ကျောက်ပယ်ကျေးရွာ ကျောက်ပယ်-မင်းဘူးကားလမ်းအနီး၌ ယာဉ်တစ်စီးပေါ်မှ တရားမဝင်ရေနံစိမ်း ၉၁၂ ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၃၆၀၀၀)နှင့် အဆိုပါ ရေနံစိမ်းများ တင်ဆောင်လာသည့် Skat ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀)ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း **စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၁၁၅၇၀၀** ကိုသိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဩဂုတ် ၂၈ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျအကောက်ခွန်အဖွဲ့က အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကုန်သေတ္တာနှစ်လုံးအတွင်းမှ သွင်းကုန်လိုင်စင် တင်ပြနိုင်ခြင်းမရှိသည့် Pigment Powder Coating ကီလိုဂရမ် ၄၇၂၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၈၅၀၄၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၂၈ ရက်တွင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့ အမှတ်(၄)ရပ်ကွက် မြေနီကုန်းမီးပွိုင့်အနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် AFM Smoked Chicken Sausage ၂၅ အိတ်နှင့် AFM Smoked Crispy Skin Vienna Chicken Sausage Cheese Filling ၂၅ အိတ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Voxy တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀)ကိုလည်းကောင်း၊ ဘားအံမြို့ ကမော့ကစင် စုပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Hair Clipper ၄၃၀၊ Photo Paper ကီလိုဂရမ် ၁၀၀၀၊ LED Head Lamp အခု ၇၀၀၀၊ LED Bulb အလုံး ၃၀၀၀၊ Rice Cooker ၂၃၂ ခု၊ Portable Power Station အခု ၇၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၈၂၉၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Giga Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)ကို လည်းကောင်း **စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၀၇၉၀၀၀** ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ် ၂၅ ရက်နှင့် ၂၈ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၅ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၀၄၅၁၀၀)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင်သစ် ၁၄၈ ဒသမ ၉၉၈၁ တန် သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၂၉

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှု သတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၁ ရက်မှ ၂၇ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၄၄ ဒသမ ၅၁၄၈ တန်၊ သစ်မာ ၃၀ ဒသမ ၃၄၇၆ တန်၊ အခြား ၇၄ ဒသမ ၁၃၅၇ တန် စုစုပေါင်း ၁၄၈ ဒသမ ၉၉၈၁ တန်၊ ယာဉ်နှင့်ယန္တရား ၁၂ စီး၊ တရားခံ ၂၅ ဦး ဖမ်းဆီးရမိခဲ့သည်။

**သတင်းစဉ်**



## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃၀-၈-၂၀၂၃ ဗုဒ္ဓဟူးနေ့

### MRTV HD

| | |
|---|---|
| ၀၆:၀၀ | နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏မေတ္တသုတ်၊ရတနသုတ်၏ ဓမ္မစကြာ်သုတ်၊အနတ္တလက္ခဏပရိတ်တရားတော် |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၃၅ | အံ့ဖွယ်အထူးထူးတောင်တော်ဦးဖုံးဖိုကြဲဆောင် ဇလုံတောင် |
| ၀၉:၁၀ | ဆေးနွေးကြမ်းယဉ်ကျေးမှုနှင့်အသုံး... အသွယ်သွယ် |
| ၁၀:၀၀ | သတင်းထဲကသတင်း |
| ၁၁:၃၀ | ရှုဖွယ်စုံလင်အာဆီယံအစီအစဉ် |
| ၁၂:၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ဟယာဖျက်နာဖုံး' (အပိုင်း-၃၇) |
| ၁၃:၀၀ | သီချင်းကြီးပဒေသာ |
| ၁၃:၃၀ | MRTV National News |
| ၁၄:၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'လေနှင်ရာခရီး' (အပိုင်း-၆) |
| ၁၄:၅၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်ပန်းရနံ့လွင့်ပျံ့အမုန်း' (အပိုင်း-၇) |
| ၁၅:၃၀ | Weekly Soccer Preview |
| ၁၆:၃၀ | ရှေးသို့ချီမည်ပန်းတိုင်ဆီ 'မြန်မာနိုင်ငံနှင့်ဒေသတွင်းနိုင်ငံများ' (အပိုင်း-၂) |
| ၁၇:၁၅ | ခေတ်အလိုက်ကြေးပုံပြင် |
| ၁၇:၃၀ | ချစ်စရာဝလေ့များနှင့်အာဒါမျိုးနွယ်စုများ၏ တောင်ပေါ်ဒေသ |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၃၅ | ဟာသမြိုင်တော် (ရယ်စရာစင်တင်ဟာသတစ်ခန်းရပ်) 'ဒီငနဲ့ကံမကောင်းဘူး' |
| ၁၉:၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ဟယာဖျက်နာဖုံး' (အပိုင်း-၃၉) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | နိပါတ်တော်လာဇာတ်သဘင်မဟာ 'ပဟော်သတသားတရားစီရင်ခန်း' |
| ၂၁:၄၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'လေနှင်ရာခရီး' (အပိုင်း-၈) |

### mitv

| | |
|---|---|
| 07:02 | Evergreen Classic: Dhamma Settkyar (Nan Sandi) |
| 07:11 | Dances of Myanmar: Myaung Zee (or) Hmong Traditional Dance Performed to the Song "Surviving Hardship" |
| 07:17 | Toddy Palm Product Shop |
| 07:29 | Discovering Tribes: Taisun (Their Life and Customs) (Part-1) |
| 07:47 | Taung Byone Nat Festival (Ep-5) |
| 08:01 | News |
| 08:26 | Travelogue: To the coastal region (Myeik - Kawthoung) (Part-2) |
| 08:42 | Chanmyay Yeiktha Meditation Centre- Chaw Dwin Gone |
| 09:01 | Myanmar Orchestra: A Blend of Arts! |
| 09:14 | Patchwork Bags |
| 09:27 | Artist Life: Designer May Myat Waso |
| 09:49 | Mote Khwe Late from Intaing Village |
| 10:01 | News |

### MRTV NRC

**မွန် (၀၆:၀၀ မှ ၀၈:၀၀)**
ဝလေ့ရှိရာလက်မှုပညာမွန်ရိုးရာလက်ရက်ကန်း

**ရခိုင် (၀၈:၀၀ မှ ၁၀:၀၀)**
အရိုးချေလက်ရာ(ယောက်သွားသုပ်နှင့်ခရမ်းသီးမြေအိုးကပ်ချက်)

**ရှမ်း (၁၀:၀၀ မှ ၁၂:၀၀)**
မောက်မယ်မြို့လေးတစ်နေရာကပန်းတမော့လက်မှုပညာ

**ဝ (၁၂:၀၀ မှ ၁၄:၀၀)**
ကြက်မောက်သီးနှင့်ကျန်းမာရေး

**ကချင် (၁၄:၀၀ မှ ၁၆:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၈)

**ကယား (၁၆:၀၀ မှ ၁၈:၀၀)**
ဖက်ခါးရွက်နဲ့ဝက်သားချက်

**ပအိုဝ်း (၁၈:၀၀ မှ ၁၉:၀၀)**
ထွန်းတောက်လာသောကြယ်တစ်ပွင့်

**အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀)**
ကရင်စကားပုံများအကြောင်း

**အရှေ့ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)**
ကရင်ဖြူမျိုးနွယ်စုနေထိုင်ရာတောင်တန်းဒေသ

**ချင်း (လိုင်ဇိုး) (၂၁:၀၀ မှ ၂၂:၀၀)**
ချင်းရိုးရာဝက်အူအစာသွပ်

**ချင်း (ချို) (၂၂:၀၀ မှ ၂၃:၀၀)**
မင်းတပ်မြို့ရဲ့ရိုးရာသီအလှပုံရိပ်များ(အပိုင်း-၂)

### MRTV NEWS

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၉:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၀၉:၁၅ | လေထုညစ်ညမ်းမှုလျှော့ချရေးလူတိုင်းပါဝင်ဆောင်ရွက်ပေး |
| ၁၁:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၁၂:၄၅ | ကမ္ဘာတစ်လွှားအနုပညာသတင်းများ |
| ၁၄:၀၀ | MRTV National News |
| ၁၆:၀၀ | သတင်းမှန်ကဏ္ဍ(LIVE) |
| ၁၉:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၁၉:၁၅ | SPORTS MAX (Part-29) |
| ၂၀:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၂၁:၀၀ | ပြည်တွင်းသတင်း(LIVE) |

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊အလံ |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ပြည်သူ့ဝန်ထမ်း' |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ |
| ၁၀:၃၀ | ပြည်သူအားလုံးနှင့်သက်ဆိုင်သည့် အနာဂါတ်ဒီမိုကရေစီ |
| ၁၁:၀၀ | နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဂျာမနီနိုင်ငံ) |
| ၁၁:၃၀ | ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၃) |
| ၁၈:၀၀ | Economic Review (MPU အကြောင်းသိကောင်းစရာ) (အပိုင်း-၁၇) |

### MRTV FARMERS' Channel

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊နိုင်ငံတော်သီချင်း |
| ၀၆:၀၅ | စောနေလစိုက်ပျိုးရေးခြံမှထုတ်လုပ်သော စားသောက်ကုန်များ |
| ၀၆:၅၅ | အဝေရာတောင်ပေါ်ရွှင်းသာစခန်းသို့ အလည်တစ်ခေါက် |
| ၀၇:၀၀ | တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ |
| ၁၈:၀၀ | Raise chickens for sale. How to raise newly hatched chicks with high efficiency |
| ၁၈:၃၀ | ကျွန်မခင်ပွန်း၏လျှို့ဝှက်ချက်(အပိုင်း-၇) |
| ၁၉:၀၀ | Garden Tour July 2023 |
| ၂၂:၀၀ | လှတောသားနဲ့ယောက္ခမလောင်း |

### MRTV SPORTS

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၂၀ | လူငယ်တို့အတွက်လမ်းပြကြယ် |
| ၀၆:၄၀ | Sports Diary |
| ၁၆:၃၀ | MNL 2022 Match (Replay) |
| ၁၈:၀၀ | အားကစားသတင်း |
| ၁၉:၃၅ | Weekly Soccer Preview |

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၅)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော် ခန္တီးမြို့တွင် ပန်းတိုင်အထွက်နှုန်းရရှိရေး စိုက်ပျိုးရေး ကွင်းသရုပ်ပြပွဲတက်ရောက်



မုံရွာ ဩဂုတ် ၂၉

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်သည် ဩဂုတ် ၂၈ ရက်တွင် ခန္တီးမြို့နယ်၌ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ အချိုးကျ ရောနှောကြဲပက်ခြင်း ကွင်းသရုပ်ပြပွဲ၊ မျိုးစေ့၊ စိုက်ပျိုးရေးသွင်းအားစုများနှင့် ပိုးသတ်ဆေးများ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တောင်သူများအနေဖြင့် အထွက်တိုးမျိုးကောင်း၊ မျိုးသန့်များ ရွေးချယ်စိုက်ပျိုး၍ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများကို စနစ်တကျ ရောစပ်အသုံးပြုပြီး စိုက်ပျိုးရေးအလေ့အကျင့်ကောင်းများကို လိုက်နာကျင့်သုံး ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးသည့်သီးနှံများ ပန်းတိုင်အထွက်နှုန်း ကျော်လွန်ရရှိလာမည် ဖြစ်ကြောင်း၊ စိုက်ပျိုးရေ စနစ်တကျသုံးစွဲပြီး ရာသီအလိုက်စိုက်ပျိုးသီးနှံများကို သတ်မှတ်အချိန်အတွင်း အပြီးစိုက်ပျိုး၍ သီးနှံများကို အကြားအလပ်မရှိ စိုက်ပျိုးကာ စိုက်ပျိုးစွမ်းအားမြှင့်တင်ရေး ပူးပေါင်းဆောင်ရွက်သွားကြရန်လိုအပ်ပြီး လိုအပ်သည်များကိုလည်း မိမိတို့တိုင်းဒေသကြီး အစိုးရအဖွဲ့က ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး/ခရိုင် စိုက်ပျိုးရေး ဦးစီးမှူးများနှင့် တာဝန်ရှိသူများက ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ အချိုးကျရောနှောကြဲပက်ခြင်း ကွင်းသရုပ်ပြပွဲနှင့် မျိုးစေ့၊ စိုက်ပျိုးရေးသွင်းအားစုများနှင့် ပိုးသတ်ဆေးများထောက်ပံ့ပေးအပ်ခြင်း အခမ်းအနား ပြုလုပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ခန္တီးမြို့နယ် အောင်သာရပ်ကွက် ကွင်းအမှတ်(၄) အတွင်းရှိ ဒေသခံတောင်သူများထံ မျိုးစေ့၊ စိုက်ပျိုးရေး သွင်းအားစုများနှင့် ပိုးသတ်ဆေးများကို ထောက်ပံ့ပေးအပ်ပြီး သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများ အချိုးကျရောစပ်ကာ စုပေါင်းကြဲပက်နေမှု၊ ကြားပေါင်းလိုက်ကိရိယာဖြင့် စိုက်ခင်းအတွင်း ဆောင်ရွက်နေမှုနှင့် တိုက်ရိုက်မျိုးစေ့ချ ကိရိယာများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရွှေဘိုမြို့နယ် ဇီးတောကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနခွဲအတွင်းမှ PDF အမည်ခံ အကြမ်းဖက်သမားများ သိုဝှက်ထားသည့် လက်နက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ ဖော်ထုတ်သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ဇီးတောကျေးရွာအနီး၌ PDF အမည်ခံ အကြမ်းဖက်သမားများ ခိုအောင်းနေထိုင်လျက်ရှိကြောင်းနှင့် ၎င်းတို့ အကြမ်းဖက်လုပ်ရပ်များ လုပ်ကိုင်ရာတွင် အသုံးပြုသည့် လက်နက်၊ ခဲယမ်းများနှင့် ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများ သိုဝှက်ထားရှိကြောင်း အကြမ်းဖက်မှုကို မလိုလားသည့် ဒေသခံပြည်သူများ၏ သတင်းပေးပို့မှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ယနေ့နံနက်ပိုင်းတွင် ရှာဖွေဖော်ထုတ်ခြင်းများ ဆောင်ရွက်ခဲ့ရာ အဆိုပါကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံအတွင်းမှ Super Custom ယာဉ်တစ်စီး၊ ဆိုင်ကယ်သုံးစီးနှင့်အတူ အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရာတွင်အသုံးပြုသည့်လက်လုပ်သေနတ်တစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ လက်လုပ်မိုင်း ကိုးလုံး၊ ပြောက်ကျားယူနီဖောင်းများနှင့် အခြားဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့သည်။



အဆိုပါ သိမ်းဆည်းရမိပစ္စည်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ သက်ဆိုင်ရာသို့ အပ်နှံသွားမည်ဖြစ်ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ရွှေဘိုမြို့နယ်အတွင်း PDF အမည်ခံ အကြမ်းဖက်သမားများ ခိုအောင်းနေထိုင်မှုမရှိစေရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး /ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၀-၈-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၈၀ | ၂၃၃၀ | ၂၃၂၀ | ၂၂၉၀ | ၂၃၂၅ | ၂၃၅၀ | ၂၃၃၅ | ၂၃၁၅ | ၂၄၁၀ | ၂၄၂၅ | ၂၃၂၀ | ၂၃၃၀ | ၂၃၆၅ | ၂၃၆၅ | ၂၃၇၀ | ၂၅၉၅ | ၃၃၁၅ |
| 95 Ron | ၂၃၉၅ | ၂၄၄၅ | ၂၄၄၅ | ၂၄၀၅ | ၂၄၄၅ | ၂၄၇၀ | ၂၄၅၅ | ၂၄၃၀ | ၂၅၃၀ | ၂၅၄၅ | ၂၄၃၅ | ၂၄၅၅ | ၂၄၈၅ | ၂၄၈၅ | ၂၄၈၅ | ၂၇၁၅ | ၃၄၁၅ |
| HSD (500 ppm) | ၂၄၆၅ | ၂၅၁၅ | ၂၅၁၀ | ၂၄၇၅ | ၂၅၁၅ | ၂၅၄၀ | ၂၅၃၅ | ၂၅၀၀ | ၂၆၂၀ | ၂၆၁၅ | ၂၅၀၅ | ၂၅၁၅ | ၂၅၅၀ | ၂၅၅၅ | ၂၅၅၅ | ၂၇၈၅ | ၃၄၁၅ |
| HSD (50 ppm) | ၂၅၄၅ | ၂၅၉၀ | ၂၅၉၀ | ၂၅၅၀ | ၂၅၉၀ | ၂၆၁၅ | ၂၆၁၀ | ၂၅၇၅ | ၂၆၉၅ | ၂၆၉၀ | ၂၅၈၅ | ၂၅၉၅ | ၂၆၃၀ | ၂၆၃၀ | ၂၆၃၀ | ၂၈၆၀ | ၃၄၇၅ |
| HSD (10 ppm) | ၂၅၄၅ | ၂၅၉၀ | ၂၅၉၀ | ၂၅၅၀ | ၂၅၉၀ | ၂၆၁၅ | ၂၆၁၀ | ၂၅၇၅ | ၂၆၉၅ | ၂၆၉၀ | ၂၅၈၅ | ၂၅၉၅ | ၂၆၃၀ | ၂၆၃၀ | ၂၆၃၀ | ၂၈၆၀ | ၃၄၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၆၈ | ၂၂၄၅ |
| 95 Ron | ၂၂၈၂ | ၂၃၆၂ |
| HSD (500 ppm) | ၂၃၅၀ | ၂၄၂၆ |
| HSD (50 ppm) | ၂၄၂၄ | ၂၅၀၂ |
| HSD (10 ppm) | ၂၄၂၄ | ၂၅၀၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၂၉

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် ဩဂုတ် ၂၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "JR Aung Aung" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ရိုးကြီးကျေးရွာနေ အောင်အောင်(ခ) ရန်မျိုးအောင်အား မွန်းလွဲ ၂ နာရီ ၅ မိနစ်တွင် ပျော်ဘွယ်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ကမ္ဘာ့ဖြစ်ရပ်မှန်မြင်ကွင်းများနှင့်အတူ ရယူအပ်ရာသင်ခန်းစာများ

# ထိုင်းတပ်မတော်နှင့်ရင်ကြားစေ့နိုင်လာပြီဖြစ်သည့် နိုင်ငံရေးသမားများ

မြင့်မြတ်

**ပါလီမန်ဒီမိုကရေစီနဲ့စည်းမျဉ်းခံဘုရင်စနစ်ကျင့်သုံးတဲ့ ထိုင်းနိုင်ငံရွေးကောက်ပွဲမှာ အမတ်နေရာအများစုမရခဲ့တဲ့အတွက် အနိုင်ရပါတီမဟုတ်ခဲ့တဲ့ (Pheu Thai)ဖျူထိုင်းပါတီမှ အမတ် ဆာရက်သာသာဗီဆင်တစ်ယောက် ထိုင်းနိုင်ငံရဲ့ အယောက် ၃၀ မြောက်ဝန်ကြီးချုပ်ဖြစ်လာခဲ့ပါပြီ။**

ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ် ကျောထောက်နောက်ခံပြုထားတဲ့ ဖျူထိုင်းပါတီမှ အမတ်ဆာရက်သာအနေနဲ့က ထိုင်းနိုင်ငံရဲ့နိုင်ငံရေးလောကမှာ ဆန့်ကျင်ဘက် ဖြစ်နေကြတဲ့ ရှပ်နီ-ရှပ်ဝါပါတီအုပ်စုနှစ်စုမှာ သူဟာရှပ်နီပါတီရဲ့ ကိုယ်စားလှယ်ဖြစ်ပါတယ်။ စိတ်လှုပ်ရှားစရာအတိနဲ့ ပြီးခဲ့တဲ့ ထိုင်းလွှတ်တော်ရွေးကောက်ပွဲကြီးကနေ ကျွန်တော်တို့ မြန်မာနိုင်ငံအရေးအတွက်ရောဘာတွေများ သင်ခန်းစာပေးခဲ့ပါသလဲ။ ဘယ်လိုအတွေ့အကြုံတွေရလိုက်ပါသလဲ။ ယူတတ်ရင် သင်ခန်းစာချည်းဖြစ်သလို တွေးဆဆင်ခြင်နိုင်မယ်ဆိုရင် ကျွန်တော်တို့နိုင်ငံအရေးအတွက် အကျိုးရှိစေမယ့် အပြုသဘောဆောင်တဲ့ အချက်တချို့ကို ထုတ်နုတ်ရယူသင့်တယ်လို့ယူဆမိပါတယ်။

### ဆာရက်သာသာဗီဆင် ဝန်ကြီးချုပ်ဖြစ်ရတဲ့ အခြေခံအကြောင်းတရား

အသက် ၆၀ အရွယ် အိမ်ခြံမြေလုပ်ငန်းရှင် သူဌေးကြီးတစ်ဦးဖြစ်သူ ဆာရက်သာ ဦးဆောင်တဲ့ ထိုင်းအစိုးရအဖွဲ့ဟာ ညွန့်ပေါင်းအစိုးရတစ်ရပ်ဖြစ်ပါတယ်။ သူပါဝင်တဲ့ ဖျူထိုင်းပါတီဟာ ၂၀၁၄ ခုနှစ် အာဏာသိမ်းတပ်မတော်ခေါင်းဆောင်တွေနဲ့ ချိတ်ဆက်ထားတဲ့ ပါတီတွေနဲ့ ပူးပေါင်းနိုင်ခဲ့ပါတယ်။ ကျဆင်းနေတဲ့ထိုင်းစီးပွားရေးကို မြှင့်တင်ပေးနိုင်စွမ်းရှိမယ်၊ နိုင်ငံရေးအရ အကွဲကွဲအပြားပြားဖြစ်နေတဲ့ နိုင်ငံကို တည်ငြိမ်အောင်လုပ်ပေးနိုင်မယ်.... လို့ ယုံကြည်ကြတဲ့အတွက် ဘုရင်နဲ့တပ်မတော်ရဲ့ ထောက်ခံမှုနဲ့ ဝန်ကြီးချုပ်အဖြစ် သူ့ကိုရွေးချယ်ခဲ့ခြင်းလည်းဖြစ်ပါတယ်။

**အဓိကအချက်က ပြည်တွင်းပြည်ပနိုင်ငံရေးမှာ အမြဲတမ်းရန်သူ၊ အမြဲတမ်းမိတ်ဆွေမရှိဘူးဆိုတဲ့ အချက်နဲ့ နိုင်ငံရေးမှာ အတ္တနဲ့ပရမ္မတမှု၊ မတည်ငြိမ်တဲ့အခြေအနေကြားမှာ လျစ်လျူရှုလို့မရတဲ့ တပ်မတော်ရဲ့အရေးပါတဲ့အခန်းကဏ္ဍ၊ အခြေအနေအချိန်အခါအရ အနောက်ဘက်ကို လုံးဝကြီးမမှီခိုတတ်တဲ့ အာရှကျားတစ်ကောင်ရဲ့နမူနာမျိုး၊ နိုင်ငံရေးသမားတွေရဲ့ အမြော်အမြင်၊ နိုင်ငံရေးပါးနပ်မှု၊ နိုင်ငံသားတွေရဲ့ နိုင်ငံရေးရင့်ကျက်မှုနဲ့ တိုင်းပြည်အပေါ်အလေးထားမှု၊တိုင်းပြည်ကိုမပျက်စီးစေလိုတဲ့ စေတနာ စတဲ့လေးစားစရာအချက်တွေကို သွားတွေ့ရပါတယ်။**

### အာဏာသိမ်းမှုများခြင်းနှင့် တိုင်းပြည်ပျက်စီးမှု ဆက်စပ်မှုမရှိ

မြန်မာနိုင်ငံရဲ့အရှေ့ဘက် အိမ်နီးချင်း ထိုင်းနိုင်ငံရေးသမိုင်းကို ခပ်ပါးပါးပြန်ကြည့်ရင် ၁၉၃၂ ခုနှစ်ကနေ ယနေ့အထိ စစ်ဘက်အာဏာသိမ်းမှု အကြိမ်ပေါင်း ၂၂ ကြိမ်ရှိခဲ့ပြီး ၁၃ ကြိမ်အောင်မြင်ခဲ့ရာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ပြဋ္ဌာန်းတဲ့အကြိမ်ပေါင်း ၂၀ အထိ ရှိခဲ့တာ တွေ့ရပါလိမ့်မယ်။

အာဏာသိမ်းပြီးတာနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရန်အကြောင်းတရားများ ဆက်စပ်မှုရှိနေတဲ့သဘောပါ။ ဒီအချက်ကပဲ အစဉ်အလာလိုဖြစ်နေတဲ့ စစ်ဘက်အာဏာသိမ်းမှုတိုင်းမှာ နိုင်ငံဟာ ဖရိုဖရဲမပြိုကွဲ ပျက်စီးသွားခြင်းမရှိဘဲ အခြေအနေကို အမြဲထိန်းထားနိုင်တာတွေ့ရတယ်။

ထိုင်းနိုင်ငံရေးစနစ်နဲ့ နိုင်ငံရေးခေါင်းဆောင်တွေ၊ ပြည်သူနဲ့စစ်တပ်ဟာ သဟဇာတဖြစ်ပြီး အပြန်အလှန်အထောက်အကူပြု ထိန်းကျောင်းနိုင်ကြတဲ့အခါ သူတို့ရဲ့ နိုင်ငံရေးဘဝ၊ လူမှုစီးပွားဘဝတွေဟာ အလွယ်တကူ ပြိုလဲမသွားပါဘူး။ ဒီမိုကရေစီစနစ်မှာ စစ်တပ်ရဲ့ပါဝင်ပတ်သက်မှုအပေါ် အမေရိကန်ကြီးရဲ့ မျက်စိမှိတ်၊ နှုတ်ဆိတ် မသိကျိုးကျွံ ပြုထားတာလည်း ပါတာပေါ့။ နိုင်ငံသားတစ်ဦးချင်းရဲ့ လူမှုစီးပွားဘဝဆိုတာ သူတို့ရဲ့ဘဝ၊ နိုင်ငံရဲ့ အသက်ဆိုတဲ့အချက်ကို ထိုင်းပြည်သူတွေဘယ်တော့မှ မမေ့ပါဘူး။ သူတို့ရဲ့ဘဝ၊ သူတို့ရဲ့အနာဂတ်၊ သူတို့ရဲ့မျိုးဆက်ကို ဖျက်ဆီးရလောက်အောင်လည်း မမိုက်မဲကြပါဘူး။ အင်မတန်ရင့်ကျက်ကြပါတယ်။ နိုင်ငံရေးအသိ၊ စီးပွားရေးအသိ၊ လူမှုရေးအသိ စတာတွေဟာ အတိုင်းအတာတစ်ခုအထိ မြင့်မားနေလို့သာ နိုင်ငံရေးအရ ဖြစ်စဉ်တွေ ရှိတိုင်းရှိတိုင်း ဆိုးကျိုးသက်ရောက်မှုကြီးကြီးမားမားမရှိတာဟူ၍ မှတ်ချက်ပြုမိပါတယ်။

### ဘုရင်စနစ်နဲ့ဘုရင်ရဲ့အရေးပါပုံကို အလေးအမြတ်ပြုကြသူများ

**မြန်မာနိုင်ငံမှာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဒို့တာဝန်အရေးသုံးပါးကို ဘယ်သူမှထိလို့မရသလိုပါပဲ၊ ထိုင်းနိုင်ငံမှာလည်း ဘုရင်နဲ့ ဘုရင့်မိသားစုကို ဦးထိပ်ထားပြီး ထိလို့မရပါဘူး။ ဘုရင်ကို နိုင်ငံသားအားလုံးက အလေးအမြတ်ထားပြီး ရိုသေလေးစားထိုက်တဲ့ ပုဂ္ဂိုလ်နေရာမှာ ထားရှိကြောင်း နိုင်ငံဖွဲ့စည်းပုံ အခန်း ၂ ပုဒ်မ ၆ မှာ အတိအလင်းပြဋ္ဌာန်းထားပြီးသားဖြစ်တဲ့အတွက် ဘုရင်ကိုမလေးမစားပြုခြင်း၊ ဘယ်လိုအကြောင်းနဲ့မှ စွပ်စွဲပြောဆိုခြင်း၊ အရေးယူခြင်း၊ ရေးသားဖော်ပြခြင်းတွေ မလုပ်ရပါဘူး။**

ဘုရင်ဟာ ထိုင်းလက်နက်ကိုင်တပ်မတော်ရဲ့ အကြီးအကဲဖြစ်သလို အစိုးရရာထူး နေရာများကို ဖန်တီးခြင်း၊ အဆောင်အယောင်များအပ်နှင်းခြင်း၊ ရုပ်သိမ်းခြင်းတို့ကိုပါ ပြုလုပ်ခွင့်ရှိပါတယ်။ ဘုရင်စနစ်နဲ့ဘုရင်ရဲ့အရိုက်အရာကို နိုင်ငံတော်က ကာကွယ်စောင့်ရှောက်ထိန်းသိမ်းပေးရမယ့် အချက်တွေကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ထည့်သွင်းထားပါတယ်။ ဒီအချက်တွေဟာ ထိုင်းနိုင်ငံမှာ ဘုရင်နဲ့ဘုရင်စနစ်ကို ဘယ်လောက်အရေးထားကြောင်း အချက်အချို့ပါပဲ။

ဘာကြောင့်လဲဆိုတော့အထွတ်အမြတ်ထားရာ ဘုရင်နဲ့ဘုရင်စနစ်ကို ကာကွယ်စောင့်ရှောက်ခြင်းကို အမျိုးသားလုံခြုံရေး တာဝန်ထမ်းဆောင်ခြင်းနှင့် တစ်တန်းတည်းထားတဲ့အတွက်ကြောင့်ပါပဲ။ ဒီလိုပြဋ္ဌာန်းချက်တွေနဲ့ အရေးပါပုံတွေကို ပစ်ပယ်ဖို့ကြိုးစားတာမှန်သမျှ ဘယ်လိုအနေအထားထိရောက်ရှိနိုင်တယ်၊ ကြိုးစားမှုရဲ့ နောက်ဆက်တွဲဂယက်အနေနဲ့လည်း ဘယ်လောက်အတိုင်းအတာထိရှိသွားနိုင်တယ်ဆိုတဲ့ အချက်တွေဟာ ထိုင်းနိုင်ငံရေးသမားတွေနဲ့ပြည်သူတွေ မသိမဖြစ် နားလည်သိရှိထားရမယ့် အချက်များပါပဲ။ ဘုရင်စနစ် အရေးပါပုံကို သိသူနဲ့မသိသူ၊ သဘောပေါက်သူနဲ့ မပေါက်သူနှစ်ဖွဲ့ကြား နောက်ဆက်တွဲသက်ရောက်မှုများအရ ဘယ်လိုကွာသွားနိုင်သလဲ နှိုင်းယှဉ်ကြည့်နိုင်ပါတယ်။

တွေ့ခဲ့မြင်ခဲ့ပြီးဖြစ်ပါလိမ့်မယ်။ ထိုင်းဝန်ကြီးချုပ်သစ်ဟာ ဝန်ကြီးချုပ်ဖြစ်ဖြစ်ချင်း ဘုရင့်ဓာတ်ပုံကို ဦးခိုက်ခဲ့ခြင်းဖြင့် နိုင်ငံ့ဦးသျှောင်ရဲ့ပုံရိပ်ကို ဦးထိပ်ထားတဲ့ ရင့်ကျက်မှုကို ပြသခဲ့ပါတယ်။ သူသာ ဝန်ကြီးချုပ်ဖြစ်ခဲ့ရင် ဘုရင်စနစ်ကိုဖျက်သိမ်းပြီး စစ်တပ်ကို နိုင်ငံရေးကနေ ဖယ်ထုတ်မယ်ဆိုတဲ့ forward ပါတီခေါင်းဆောင် ပီတရဲ့ အမြော်အမြင်နည်းပါးမှုနဲ့တော့ များစွာကွာခြားသွားပါတယ်။

ထို့အတူ ၁၅ နှစ်ကြာ ပြည်ပမှာတိမ်းရှောင်နေရတဲ့ ဝန်ကြီးချုပ်ဟောင်းလည်းဖြစ်ခဲ့ဖူးတဲ့ ဖျူထိုင်း ပါတီခေါင်းဆောင်ဟောင်း သက်ဆင်ရှင်နာဝပ်သည်လည်း ထိုင်းမြေပေါ် ခြေချတာနဲ့ ပထမဆုံးသူ့ရဲ့အပြုအမူဟာ ထိုင်းဘုရင်နဲ့ မိဖုရားကို ဦးခိုက်အရိုအသေပြုခဲ့ခြင်းပါပဲ။ အတိတ်က ဘုရင်အပေါ်အဆိုးမြင်ဝေဖန်ခဲ့မှုတွေကို မေ့ဖျောက်နိုင်ခဲ့တဲ့ အလွန်တရာသိမ်မွေ့လှတဲ့ မြင်ကွင်းကိုကြည့်ပြီး ထိုင်းနိုင်ငံရေးရဲ့ သိမ်မွေ့ပုံကို သတိပြုမိခဲ့ပါတယ်။ ထိုင်းနိုင်ငံရေးလောကမှာ လွှမ်းမိုးမှုအရှိဆုံးနဲ့ ဩဇာအကြီးမားဆုံးသော ဝန်ကြီးချုပ်ဟောင်းတစ်ဦးရဲ့ ရင်ထဲမယ် ဘယ်လိုခံစားချက်မျိုးပဲ ရှိနေရှိနေ၊ သူ့အနေနဲ့ ထိုင်းပြည်သူတွေအပေါ် ဘယ်လောက်ထိအလေးထားပုံနဲ့ ရင့်ကျက်တဲ့နိုင်ငံရေးသရုပ်သကန်တွေကို အမြော်အမြင်ကြီးမားစွာ ပြသနိုင်ခဲ့တာကိုတော့ လေးစားမိပါတယ်။

### ကိုယ့်အမျိုးသားအကျိုးစီးပွားအပေါ်အခြေခံ၍ ပူးပေါင်းဆောင်ရွက်နိုင်ပုံ

အသက် ၇၄ နှစ်ရှိ ဝန်ကြီးချုပ်ဟောင်းရဲ့ ပြည်တော်ပြန်ခရီးမှာ အဓိကအကျိုးဆောင်က သူ့ရဲ့သမီး လက်ရှိ ဖျူထိုင်းပါတီခေါင်းဆောင် ဝန်ကြီးချုပ်လောင်းလျာဖြစ်ခဲ့သူ ပီတွန်တမ်ရှင်နာဝပ်ထရာပဲ ဖြစ်ပါတယ်။ သူ့ရဲ့ဝန်ကြီးချုပ်ဖြစ်နိုင်ခွင့် အနေအထားကို နိုင်ငံကိုပြန်ပြီး မြေးမြစ်တွေနဲ့အတူ နေချင်နေတဲ့ သက်ဆင်ရဲ့ပြည်တော်ပြန်ခွင့်နဲ့ အလဲအထပ် လုပ်ပေးခဲ့ခြင်းဖြင့် ထိုင်းနိုင်ငံရေးသမားများနဲ့ တပ်မတော်၊ ဘုရင်နဲ့ အထက်လွှတ်တော်တို့အကြား သမိုင်းဝင်လက်တွဲပူးပေါင်းမှုတစ်ခုကို အစပျိုးနိုင်ခဲ့တယ်လို့ဆိုရပါမယ်။

ထိုင်းနိုင်ငံရေးဟာ အားလုံးသိခဲ့ကြတဲ့အတိုင်း ရှေ့မတိုးနောက်မဆုတ်ဖြစ်နေတာ သုံးလမျှရှိခဲ့ပါတယ်။ ဒီလိုအခြေအနေမှာ နိုင်ငံရဲ့စီးပွားရေးတိုင်ကွန်းကြီးဆာရက်သာ ဝန်ကြီးချုပ်ဖြစ်တာနဲ့ တိုက်ဆိုင်စွာ သက်ဆင်ရဲ့ပြည်တော်ပြန်ခရီးလည်း ပေါ်ပေါက်လာတာ ဖြစ်ပါတယ်။ သက်ဆင်ဟာ သူ့ကို ပြည်သူတွေက သောင်းသောင်းဖြဖြ ကြိုဆိုခြင်းခံရပေမယ့် အဂတိလိုက်စားမှု၊ အာဏာအလွဲသုံးစားမှုစတာတွေနဲ့ သူ့အပေါ်ချမှတ်ထားတဲ့ ပြစ်ဒဏ်တွေကိုလည်း မဆိုင်းမတွခံယူနိုင်ခဲ့ပါတယ်။

> **တွေ့ခဲ့မြင်ခဲ့ပြီးဖြစ်ပါလိမ့်မယ်။ ထိုင်းဝန်ကြီးချုပ်သစ်ဟာ ဝန်ကြီးချုပ်ဖြစ်ဖြစ်ချင်း ဘုရင့်ဓာတ်ပုံကို ဦးခိုက်ခဲ့ခြင်းဖြင့် နိုင်ငံ့ဦးသျှောင်ရဲ့ပုံရိပ်ကို ဦးထိပ်ထားတဲ့ ရင့်ကျက်မှုကို ပြသခဲ့ပါတယ်။ သူသာ ဝန်ကြီးချုပ်ဖြစ်ခဲ့ရင် ဘုရင်စနစ်ကိုဖျက်သိမ်းပြီး စစ်တပ်ကို နိုင်ငံရေးကနေဖယ်ထုတ်မယ်ဆိုတဲ့ forward ပါတီ ခေါင်းဆောင်ပီတရဲ့ အမြော်အမြင်နည်းပါးမှုနဲ့တော့ များစွာကွာခြားသွားပါတယ်**

> **ကိုယ့်ပါတီ၊ ကိုယ့်အဖွဲ့အစည်းအလိုက် အကျိုးစီးပွားချင်း ထပ်တူမကျနိုင်ပေမယ့် အရေးကြုံလာရင် နိုင်ငံရေးသမားတွေ၊ ပါတီတွေဟာ တပ်မတော်နဲ့အတူ ရင်ချင်းအပ် ၊ ကျောချင်းကပ်လက်တွဲပြီး ဘုံရပ်တည်ခဲ့ကြပုံတွေဟာ အတုယူစရာဖြစ်ခဲ့သလို တည်ငြိမ်ရေးအတွက် ဘယ်သူ၊ ဘယ်ပါတီ၊ ဘယ်အဖွဲ့အစည်းက အဓိကကျသလဲ။ အကျိုးစီးပွားဆိုင်ရာ အရေးပါသူ/အဖွဲ့အစည်းကို ဘယ်လိုသတ်မှတ်မလဲ။ နိုင်ငံနဲ့ ပြည်သူအရေးအတွက် ဘယ်သူ၊ ဘယ်အဖွဲ့မျိုးနဲ့လက်တွဲသင့်သလဲ။ ဘယ်လိုရအောင် ညှိသင့်သလဲ စတာတွေ တွက်ချက်နိုင်ဖို့ဆိုတာ နိုင်ငံ့အရေးမှာ အလွန့်အလွန် အရေးကြီးတဲ့အချက်တွေဖြစ်တယ် ဆိုတာကို ထိုင်းနိုင်ငံရေးက ပြသနေပါကြောင်း**

**စာမျက်နှာ ၁၇ သို့** ❂

❂ စာမျက်နှာ ၁၆ မှ

ထိုင်းနိုင်ငံရေးမှာ ထုံးစံမဟုတ်တဲ့ ပူးပေါင်းမှုနဲ့ ရင်ကြားစေ့မှုမျိုးဟာ ကမ္ဘာ့နိုင်ငံရေးသမားများ သာမက ထိုင်းပြည်သူတွေကိုတောင် အံ့အားသင့်၊ တုန်လှုပ်သွားစေခဲ့ပါတယ်။ ဒါကြောင့် အာဆီယံ ၁၀ နိုင်ငံမှာ မြန်မာနိုင်ငံက ဒေါ်အောင်ဆန်းစုကြည်နဲ့ ရှားရှားပါးပါးတွေ့ဆုံခွင့်ရခဲ့တဲ့ တစ်ဦးတည်းသော ခေါင်းဆောင်နဲ့ တစ်ခုတည်းသော နိုင်ငံဟာ ထိုင်းနိုင်ငံဖြစ်နေတယ်ဆိုတဲ့အချက်ဟာ ဘာမှ ထူးခြားတဲ့အရာ မဟုတ်တော့ပါဘူး။

မြန်မာနိုင်ငံအရေးမှာ အရေးပါတဲ့ အလှည့်အပြောင်းဖြစ်စေခဲ့တဲ့ဒီတစ်ခုက ဘာကိုပြသလဲ ဆိုတော့ ဘာတွေပဲဖြစ်နေဖြစ်နေ နိုင်ငံတိုင်းဟာ ကိုယ့်နိုင်ငံရဲ့ အမျိုးသားအကျိုးစီးပွားသာ ပဓာနဆိုတဲ့အရာကို ဘယ်တော့မှ လျစ်လျူမရှုဘူးဆိုတဲ့ အချက်ပါပဲ။ နယ်နိမိတ်ဆက်စပ်နေတဲ့ အိမ်နီးချင်း နိုင်ငံတစ်နိုင်ငံရဲ့ ပြည်တွင်းရေးရာတွေဟာ တို့ဆီလည်း ရိုက်ခတ်နိုင်တယ်၊ ဒါကြောင့် ကိုယ့်နိုင်ငံ ကိုယ့်အကျိုးစီးပွားအတွက် ဘယ်လိုအဖွဲ့အစည်း၊ ဘယ်လိုနိုင်ငံကြီးမျိုးရဲ့ ဖိအားမျိုးကိုမဆို ရင်ဆိုင်ဖို့ အသင့်ရှိခဲ့ကြတဲ့ ထိုင်းအစိုးရရဲ့ ထိုဆောင်ရွက်ချက်တစ်ခုဟာ နမူနာယူစရာဖြစ်ခဲ့ပါတယ်။

**ဘုရင်တပ်မတော်နဲ့ နိုင်ငံရေးသမားများအကြား သဟဇာတဖြစ်မှုကသာအဓိက**

ဒီလိုနဲ့ပဲ သုံးလတာမျှ ရှေ့မတိုး၊ နောက်မဆုတ်သာရှိနေတဲ့ ထိုင်းနိုင်ငံရေးပြဿနာဟာ ယခုအချိန်မှာတော့ ရပ်တန့်လို့သွားခဲ့ပါပြီ။ ကမ္ဘာပေါ်မှာ ပါတီစုံဒီမိုကရေစီ အမည်တပ်ထားတဲ့ ဘယ်နိုင်ငံမှ ခြောက်ပြစ်ကင်းသဲလဲစင်မရှိပါဘူး။ အနိမ့်အမြင့်၊ အတက်အကျ၊ အဆိုးအကောင်းရှိတတ်ကြစမြဲပါ။ ဒါကြောင့် အနာဂတ်ထိုင်းနိုင်ငံရေးမှာ ကြီးမားတဲ့ စိန်ခေါ်မှုတွေ ထပ်မံကြုံတွေ့နိုင်ခြေ ရှိ/မရှိ ဘယ်သူမှ တပ်အပ်မပြောနိုင်ပါဘူး။

**လူထုအခိုင်အမာထောက်ခံမှုရခဲ့တဲ့ MFP ရှေ့သို့ချီပါတီတို့လို နိုင်ငံရေးအရ ရင့်ကျက်မှု လိုအပ်ချက်အချို့ ရှိကောင်းရှိနိုင်ပေမယ့် သဘောထားကြီးပြီး ရုတ်ရုတ်ဆို လမ်းပေါ်မထွက်တတ်တဲ့ အမြော်အမြင်ရှိတဲ့ လူငယ်မျိုးဆက်သစ် နိုင်ငံရေးသမားတွေ ရှိနေသရွေ့ ထိုင်းနိုင်ငံရေးသမိုင်းမှာ ယခုထက်ပိုပြီး အပြုသဘောဆောင်တဲ့ အလှည့်အပြောင်းများသာ မြင်တွေ့ရနိုင်ပါတယ်။ နိုင်ငံရေးမှာ ဆန္ဒစောပြီး မိမိအတ္တ lese- majesty နဲ့ ပါလီမန်မှာ ထိုင်းတပ်မတော်ရဲ့ အခန်းကဏ္ဍကို ယုတ်လျော့စေမယ့် ဘယ်အပြုအမူမျိုးကိုမဆို အလွန်အကျွံရှေ့တန်း မတင်မိဖို့ အရေးကြီးတဲ့သင်ခန်းစာများကို ရှေ့သို့ချီပါတီနဲ့ ဖျူထိုင်းပါတီတို့ရဲ့ ရလဒ်အသီးသီးက ပြသခဲ့ပြီးပါပြီ။**

ဒ့ါအပြင် အခြေခိုင်နေပြီဖြစ်တဲ့ နိုင်ငံရေးပုံသဏ္ဌာန်နဲ့ အမြော်အမြင်ရှိတဲ့ နိုင်ငံရေးသမားများရဲ့ပါဝင်မှု၊ ဒီမိုကရေစီနိုင်ငံရေးစနစ်မှာ အစဉ်အဆက်ပါဝင်ထမ်းရွက်နေရတဲ့ ထိုင်းတပ်မတော်၊ တပ်မတော်နဲ့ ဘုရင်အကြား အပြန်အလှန်အမှီသဟဲပြုမှု၊ အကျိုးစီးပွားဆိုင်ရာ အရေးပါသူ Stakeholders တွေအကြား အပေးအယူလုပ်ညှိနှိုင်းနိုင်စွမ်းရှိမှု၊ တပ်မတော်နဲ့ဘုရင်ကို ထောက်ခံတဲ့ အထက်လွှတ်တော်တို့ကြောင့် ထိုင်းနိုင်ငံဟာ နိုင်ငံရေး ပဋိပက္ခများကြောင့်တော့ အထူး ဆုတ်ယုတ်ပျက်စီးသွားစရာ အကြောင်းမရှိဘူးလို့ မြင်ပါတယ်။

တစ်ခုပဲရှိပါတယ်... နိုင်ငံကြီးတွေ အထူးသဖြင့် အနောက်အုပ်စုနိုင်ငံတွေရဲ့ ဝင်ရောက်စွက်ဖက်မှု၊ မီဒီယာအားကိုးနဲ့ ခြယ်လှယ်သြဇာလွှမ်းမိုးမှု စတဲ့ ပယောဂတွေကိုတော့ သတိထားကြရမှာဖြစ်ပါတယ်။ နိုင်ငံရေးမှာဖြစ်ဖြစ်၊ သံတမန်ရေးရာမှာဖြစ်ဖြစ် ရှေးဦးမဆွ မူလအခြေခံထားတဲ့ သီအိုရီတွေ၊ မူဝါဒရေးရာတွေကို တရားသေမကိုင်စွဲဘဲ အခြေအနေ၊ အချိန်အခါ၊ ကာလံဒေသံအလိုက် ပြောင်းလွယ်ပြင်လွယ် ကျင့်သုံးသင့်ပုံ Realpolitiking တစ်ရပ်ကို ယနေ့ထိုင်းနိုင်ငံရေးက ပြသသွားခဲ့ပါပြီ။

**ကိုယ့်ပါတီ၊ ကိုယ့်အဖွဲ့အစည်းအလိုက် အကျိုးစီးပွားချင်း ထပ်တူမကျနိုင်ပေမယ့် အရေးကြုံလာရင် နိုင်ငံရေးသမားတွေ၊ ပါတီတွေဟာ တပ်မတော်နဲ့အတူ ရင်ချင်းအပ်၊ ကျောချင်းကပ်လက်တွဲပြီး ဘုံရပ်တည်ခဲ့ကြပုံတွေဟာ အတုယူစရာဖြစ်ခဲ့သလို တည်ငြိမ်ရေးအတွက် ဘယ်သူ၊ ဘယ်ပါတီ၊ ဘယ်အဖွဲ့အစည်းက အဓိကကျသလဲ။ အကျိုးစီးပွားဆိုင်ရာ အရေးပါသူ/အဖွဲ့အစည်းကို ဘယ်လိုသတ်မှတ်မလဲ။ နိုင်ငံနဲ့ပြည်သူအရေးအတွက် ဘယ်သူ၊ ဘယ်အဖွဲ့မျိုးနဲ့ လက်တွဲသင့်သလဲ။ ဘယ်လိုရအောင် ညှိသင့်သလဲစတာတွေ တွက်ချက်နိုင်ဖို့ဆိုတာ နိုင်ငံ့အရေးမှာ အလွန့်အလွန် အရေးကြီးတဲ့အချက်တွေ ဖြစ်တယ်ဆိုတာကို ထိုင်းနိုင်ငံရေးက ပြသနေပါကြောင်း ရေးသားလိုက်ရပါတယ်။**

❃ ကျောဖုံးမှ

အက်သလက်တီကိုမက်ဒရစ်အသင်းအနေနဲ့ အခုလိုခုနစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခြင်းဟာ အဝေးကွင်း၌ ဂိုးအများဆုံးသွင်းယူနိုင်ခဲ့တဲ့ မှတ်တမ်းလည်း စိုက်ထူနိုင်ခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်ကလည်း ဂီတာဖေးအသင်းကို အဝေးကွင်းမှာ ခုနစ်ဂိုးသွင်းယူနိုင်ခဲ့ဖူးတာကြောင့် အက်သလက်တီကိုမက်ဒရစ်အသင်းအတွက် အဝေးကွင်းခုနစ်ဂိုးသွင်းယူနိုင်ခဲ့တဲ့ ဒုတိယအကြိမ်လည်း ဖြစ်ပါတယ်။

နည်းပြဆီမြူနီရဲ့ အသင်းဟာ ပထမပိုင်းပွဲကစားချိန် ၃၆ မိနစ်အတွင်းမှာပင် သုံးဂိုးသွင်းယူနိုင်ခဲ့ပြီး အဲဒီသွင်းဂိုးသုံးဂိုးကိုတော့ ဂရစ်ဇ်မန်း၊ ဒီပေးနဲ့ မိုလီနာတို့က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

ဒ့ါအပြင် အက်သလက်တီကိုမက်ဒရစ်အသင်းဟာ ဒုတိယပိုင်းပွဲကစားချိန်မှာလည်း ၇၃ မိနစ်ကနေ ၈၆ မိနစ်အကြား လေးဂိုးသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ အဲဒီသွင်းဂိုးလေးဂိုးကိုတော့ မိုရက်တာကနှစ်ဂိုး၊ အိန်ဂျယ်ကော်ရီယာကတစ်ဂိုးနဲ့ မားကို့စ်လော်ရန်တီကတစ်ဂိုး သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

အက်သလက်တီကိုမက်ဒရစ်အသင်းဟာ ဗယ်လက်ကာနိုအသင်းကို အနိုင်ရရှိခဲ့တာကြောင့် သုံးပွဲကစားပြီးချိန်တွင် အမှတ်ပေးဇယားထိပ်က ဦးဆောင်နေတဲ့ ရီးယဲလ်မက်ဒရစ်အသင်းရဲ့နောက် ဒုတိယနေရာမှာ ရပ်တည်နိုင်ခဲ့တာဖြစ်ပါတယ်။ ရာသီအစနှစ်ပွဲစလုံးအနိုင်ရရှိခဲ့တဲ့ ဗယ်လက်ကာနိုအသင်းကတော့ အခုပွဲစဉ်ရှုံးနိမ့်ခဲ့လို့ အမှတ်ပေးဇယားအဆင့် ၈ နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။ **ငွေကြယ်**

**■ အာရှအားကစားပြိုင်ပွဲအတွက်မှ**

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် တောင်ကိုရီးယား၊ ဟောင်ကောင်၊ ဖိလစ်ပိုင်အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေပြီး အာရှအားကစားပြိုင်ပွဲ၏ အမျိုးသမီးဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၂၁ ရက်မှ အောက်တိုဘာ ၆ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ယခုဖွဲ့စည်းလိုက်သည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းတွင် ပဏာမကစားသမားများအဖြစ် **ဂိုးသမား-** မေဇင်နွယ်၊ မျိုးမြမြငြိမ်း၊ ထက်အိန္ဒြာလင်း၊ မေဦးခင်၊ ဇူးလတ်နဒီ၊ **နောက်တန်း-** မေသက်မွန်မြင့်၊ မိုးမမစိုး၊ ဇွန်ယုယဦး၊ ဖြူဖြူဝင်း၊ ခင်ဌေးကြိုင်၊ ယုယနိုင်၊ ဖြူဖွေး၊ အိအိကျော်၊ ငယ်ငယ်ထွေး၊ ခိုင်သဇင်၊ **အလယ်တန်း-** နော်ထက်ထက်ဝေ၊ စန်းသော်သော်၊ ခင်မိုမိုထွန်း၊ ရူပါခိုင်၊ စန္ဒာလင်း၊ ယွန်းဝတီလှိုင်၊ ပုံ့ပုံ့ပြည့်မောင်၊ ဝေဖူးအိမ်၊ ဝင်းဝင်း၊ မြတ်နိုးခင်၊ **ရှေ့တန်း-** ဝင်းသီဂီထွန်း၊ ခင်မာလာထွန်း၊ ယဉ်လွန်းအိမ်၊ ဂျူလိုင်ကျော်နှင့် ဇင်မိုးပြည့်တို့ ပါဝင်ကြသည်။ **ကိုညီလေး**

❂ အာရှဖလား ယူ-၂၃ မှ

အာရှဖလား ယူ-၂၃ ခြေစစ်ပွဲကို စက်တင်ဘာ ၆ ရက်မှ ၁၂ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် တောင်ကိုရီးယားနိုင်ငံ၌ကျင်းပမည့် အုပ်စု(ခ)တွင် တောင်ကိုရီးယား၊ ကာတာ၊ ကာဂျစ္စတန်အသင်းတို့နှင့် ကျရောက်နေသည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် စက်တင်ဘာ ၆ ရက်တွင် ကာဂျစ္စတန်အသင်း၊ စက်တင်ဘာ ၉ ရက်တွင် ကာတာအသင်း၊ စက်တင်ဘာ ၁၂ ရက်တွင် တောင်ကိုရီးယားအသင်းတို့နှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ကိုညီလေး**

## ၂၀၂၃ ခုနှစ် အမျိုးသားတံခွန်စိုက် အမျိုးသား/အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲနှင့် U-20 (3x3) ဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ



**မန္တလေး ဩဂုတ် ၂၉**

မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်နှင့် မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျင်းပသည့် ၂၀၂၃ ခုနှစ် အမျိုးသားတံခွန်စိုက် အမျိုးသား/အမျိုးသမီး ဘတ်စကက်ဘော ပြိုင်ပွဲနှင့် U-20(3x3) ဘတ်စကက်ဘော ပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ချမ်းအေးသာစံမြို့နယ် ဗထူးမိုးလုံလေလုံ အားကစားကွင်း၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး ဥပဒေချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘတ်စကက်ဘော အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အုပ်ချုပ်သူ/နည်းပြများနှင့် ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကာ Foxes အသင်းနှင့် Bana အသင်းတို့ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးရာ Bana အသင်းက Foxes အသင်းကို အနိုင်ရဗိုလ်စွဲသွားခဲ့သည်။

ငင်းနောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲဝင်အသင်းများအား ဘတ်စကက်ဘောလုံးများ ထောက်ပံ့ပေးသော WOW SPORTS ကုမ္ပဏီအား မြန်မာနိုင်ငံ ဘတ်စကက်ဘော အဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌက ဂုဏ်ပြုမှတ်တမ်းလွှာကို လည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးများက U-20 (3x3) အမျိုးသား/အမျိုးသမီးဘတ်စကက်ဘော ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် အသင်းများမှ အားကစားသမား တစ်ဦးချင်းအလိုက် ဆုတံဆိပ်များနှင့် ငွေသားဆုများကို လည်းကောင်း၊ (5x5)အလွတ်တန်း အမျိုးသား/ အမျိုးသမီး ဘတ်စကက်ဘော ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသည့်အသင်းများမှ အားကစားသမား တစ်ဦးချင်းအလိုက် ဆုတံဆိပ်များနှင့် ငွေသားဆုများကို လည်းကောင်း၊ အကောင်းဆုံး ဆုရရှိသူများအား ဆုတံဆိပ်နှင့် ငွေသားဆုများကို လည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပထမဆုရရှိသော အသင်းများအား တံခွန်စိုက်ဆုများနှင့် တံခွန်စိုက်ဆုကို ချီးမြှင့်ရာ U-20(3x3)အမျိုးသမီးဘတ်စကက်ဘောပြိုင်ပွဲတွင် ပထမဆုရ အင်းတော်(က)အသင်း၊ U-20(3x3) အမျိုးသား ဘတ်စကက်ဘော ပြိုင်ပွဲတွင် ပထမဆုရ တောင်ကြီးအသင်း၊ (5x5) အလွတ်တန်း အမျိုးသမီး ဘတ်စကက်ဘော ပြိုင်ပွဲတွင် ပထမဆုရ MOHA အသင်းတို့အား ပထမတံခွန်စိုက်ဆုများကို လည်းကောင်း၊ (5x5) အလွတ်တန်းအမျိုးသား ဘတ်စကက်ဘော ဗိုလ်လုပွဲတွင် ဗိုလ်စွဲခဲ့သည့် Bana အသင်းအား ပထမဆု တံခွန်စိုက်ဆုဖလားကို လည်းကောင်း ချီးမြှင့်ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံများ ရိုက်ကူးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■

## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ



**နေပြည်တော် ဩဂုတ် ၂၉**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Chin Dwin Shan Construction Co., Ltd. မှ တင်သွင်းလာသော BYD Tang အမျိုးအစားလျှပ်စစ်သုံးမော်တော်ယာဉ်တစ်စီးသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာရာ ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်းနှင့် အဆိုပါလျှပ်စစ်သုံး မော်တော်ယာဉ်များ တင်သွင်းမှုအတွက် အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV) နေပြည်တော်တွင် ခေတ်ရှေ့ဆောင်ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများ ကြည့်ရှုလေ့လာ




**နေပြည်တော် ဩဂုတ် ၂၉**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV) နေပြည်တော်တွင် ယနေ့နံနက်ပိုင်းက ခေတ်ရှေ့ဆောင် ကိုယ်ပိုင်အထက်တန်းကျောင်းမှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၂၉၅ ဦးတို့ လာရောက်ပြီး ကြည့်ရှုလေ့လာကြသည်။

ရှေးဦးစွာ Auditorium ခန်းမတွင် ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က နှုတ်ခွန်းဆက်စကားပြောကြားပြီး ဝန်ထမ်းများက "MRTV နှင့် ကောင်းသောနေ့"၊ "ရှင်သန်နေမည် MRTV" တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေခြင်း၊ "ပန်းတိုင်းပွင့်၍ မွှေးပါစေ" ပညာရေးဆိုင်ရာနှင့် "မိုခါမုန်တိုင်းအန္တရာယ် ရင်ဆိုင်ကျော်လွှားမှုနှင့် စုပေါင်းမှု၏ ရလဒ်" Video Clip များ ပြသခြင်းနှင့် အမှတ်တရလက်ဆောင်ပေးခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် လေ့လာရေးအဖွဲ့များသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရှိ ဖလင်၊ တိပ်နှင့် ဓာတ်ပြားများ ထိန်းသိမ်းထားရှိမှု၊ News Channel Studio နှင့် Farmers' Channel Studio များတွင် သတင်းရိုက်ကူးနေမှုများအား ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ဆက်လက်၍ လေ့လာရေးအဖွဲ့များသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ခေတ်အဆက်ဆက် ရုပ်သံထုတ်လွှင့်မှုများတွင် အသုံးပြုခဲ့သည့် စက်ပစ္စည်းများ၊ တိုက်ရိုက်ထုတ်လွှင့်ရေး မော်တော်ယာဉ်များ၊ သတင်းတင်ဆက်မှု ပုံစံငယ်များ၊ ခေတ်အဆက်ဆက် ထုတ်လွှင့်တင်ဆက်ခဲ့သည့် အစီအစဉ်များတွင် ပါဝင်ဆောင်ရွက်ခဲ့သူများ၏ မှတ်တမ်းဓာတ်ပုံများ၊ တူရိယာပစ္စည်းများ၊ သတင်းစတူဒီယိုခန်းများ၊ ရေဒီယို အစီအစဉ်တွင် အသုံးပြုခဲ့သည့် ခေတ်ဟောင်းဓာတ်ပြားများနှင့် အခြားအသုံးအဆောင်ပစ္စည်းများ စသည့် စုစုပေါင်း ပြခန်း ၄၀ တွင် ခင်းကျင်းပြသထားရှိမှုများအား လှည့်လည်ကြည့်ရှုလေ့လာကြပြီး မှတ်သားဖွယ်ရာ အဖြေလွှာများ၌ ကျောင်းသား ကျောင်းသူများ၏ ဖြည့်စွက်မှုများအား စိစစ်၍ အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် အမှတ်(PO–18)တွင် ဖွင့်လှစ်ပညာသင်ကြားလျက်ရှိသော ခေတ်ရှေ့ဆောင် ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၅၃၉ ဦး၊ ဆရာ ဆရာမ ၅၀ စုစုပေါင်း အင်အား ၅၈၉ ဦးသည် အုပ်စုနှစ်စုခွဲ၍ ဩဂုတ် ၂၉ ရက်နှင့် ဩဂုတ် ၃၀ ရက်တို့တွင် နေပြည်တော် (တပ်ကုန်း)ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ ဒေသန္တရလေ့လာရေးအစီအစဉ်အဖြစ် လာရောက်၍ ရုပ်သံထုတ်လွှင့်မှုများအား လေ့လာခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး



**ပုသိမ် ဩဂုတ် ၂၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ၂၀၂၃–၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲ အောင်ချက် မြင့်မားရေးအတွက် ပုသိမ်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းက မေတ္တာမြင်းမိုရ်ခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် ပုသိမ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလင်းကိုကိုက ပုသိမ်ခရိုင်အတွင်း မြို့နယ်များရှိ အခြေခံပညာကျောင်းများတွင် ယခင်စနစ်ဟောင်း တက္ကသိုလ်ဝင်စာမေးပွဲ ကျရှုံးသူများနှင့်အကြောင်းအမျိုးမျိုးကြောင့် မဖြေဆိုသည့်သူများ ၂၀၂၃–၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲစနစ်သစ် ဒွါဒသမတန်း (Grade–12) အဆင့် စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုနိုင်ရေး စည်းရုံးဆောင်ရွက်မည့် အစီအစဉ်၊ ကျောင်းသား စုဖွဲ့ထားရှိမှု၊ သင်ကြားဆောင်ရွက်ပေးမည့် အစီအစဉ်၊ သင်ကြားနေမှုအခြေအနေများ၊ စာမေးပွဲတွင် အောင်ချက်မြင့်မားစွာ ဖြေဆိုအောင်မြင်နိုင်ရေး၊ အတန်းစဉ်ကူးပြောင်းရေး ဆောင်ရွက်မှု၊ ကျောင်းသန့်ရှင်းရေးဆောင်ရွက်မှုနှင့် ကျောင်းဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဟင်္သာတတက္ကသိုလ်၌ လူငယ်စကားဝိုင်းကျင်းပ



**ဟင်္သာတ ဩဂုတ် ၂၉**

ဧရာဝတီ တိုင်းဒေသကြီး ဟင်္သာတခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အဆင့်မြင့်ပညာဦးစီးဌာန ဟင်္သာတတက္ကသိုလ်တို့ ပူးပေါင်းပြီး လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် စာပေလေ့လာဖတ်ရှုတတ်သော အကျင့်ကောင်းများ ရရှိစေရန်ရည်ရွယ်၍ လူငယ်စကားဝိုင်းကို ယနေ့ နံနက် ၁၀ နာရီခွဲက တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပသည်။

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် ဟင်္သာတခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်းက အမှာစကားပြောကြားပြီး ဟင်္သာတတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာအေးလွင်က လူငယ်စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူး ဒေါ်ခင်စန္ဒာဆွေက စီစဉ်ညှိနှိုင်းရေးမှူးအဖြစ် တာဝန်ယူဆောင်ရွက်ပြီး ဟင်္သာတတက္ကသိုလ် မြန်မာစာဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာနွဲ့နွဲ့ရီနှင့် ကျောင်းသားကျောင်းသူများကလူငယ်စကားဝိုင်းဆွေးနွေးပွဲကို ဆက်လက်ပြုလုပ်ကြရာ တာဝန်ရှိသူများနှင့် ကျောင်းသား ကျောင်းသူများက ကြည့်ရှုနားထောင် အားပေးခဲ့သည်။

လူငယ်စကားဝိုင်း ဆွေးနွေးပွဲအပြီးတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်း ဆွေးနွေးပြောကြားကြရာ ဦးဆောင်ဆွေးနွေးသူ လူငယ်များက မေးမြန်းမှုများနှင့် ပတ်သက်၍ ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

**ခရိုင်(ပြန်/ဆက်)**

**ကုန်သွယ်/စီးပွား**

# ကော့သောင်းကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

**ကော့သောင်း ဩဂုတ် ၂၉**

ကော့သောင်း ကုန်သွယ်ရေးစခန်းသည် ထိုင်းနိုင်ငံသို့ ရေထွက်ပစ္စည်းများကို FOB စနစ်ဖြင့် အဓိကတင်ပို့နေသော ပို့ကုန်အသာစီးရသည့် စခန်းတစ်ခုဖြစ်သည်။ အဓိကတင်ပို့နေသော ပစ္စည်းများမှာ ငါးမျိုးစုံ၊ ပုစွန်၊ ရေဘဝဲ၊ ကဏန်း၊ ကင်းမွန် (စို/ခြောက်)၊ ငါးပါကင်၊ ဆီအုန်း၊ သီဟိုဠ်စေ့နှင့် ပြောင်းတို့ဖြစ်သည်။

ဩဂုတ် ၂၃ ရက်မှ ၂၇ ရက်အထိ ပို့ကုန်တန်ချိန် ၃၃၇၀၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၃ဒသမ ၈၂၈ သန်း၊ သွင်းကုန်တန်ချိန် ၁၅၅၈၊ တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၆၃၁ သန်း စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၄ ဒသမ ၄၅၉ သန်းတို့ဖြစ်သည်။ အများဆုံးတင်ပို့နိုင်သည့် ပို့ကုန်ပစ္စည်းများမှာ ပလာတို ၁၆၆ ဒသမ ၃၇ တန်၊ စက်ကလပ် ၃၄ ဒသမ ၀၇ တန်၊ ငါးချဉ်ပေါင် ၁၉၇ ဒသမ ၁၅ တန်၊ စက်ဟောက် ၂၁၁ ဒသမ ၂၀ တန်၊ ကုလားငှူ ၈ ဒသမ ၂၄ တန်၊ ငါးဝိုင်း ၆၅ ဒသမ ၃၄ တန်၊ ကုလားကုတ် ၄ ဒသမ ၄၈ တန်၊ ပလာတူးခက် ၄၅၈ ဒသမ ၉၈ တန်၊ ရေဘဝဲ ၁၂ ဒသမ ၀၈ တန်နှင့် ကဏန်း ၈ ဒသမ ၉၂ တန်တို့ဖြစ်သည်။

အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ ဒီဇယ်တန်ချိန်၂၀၀၊ ဓာတ်ဆီတန်ချိန် ၅၀၊ ပီလောပီနံမှုန့် တန်ချိန် ၆၀၊ အိုင်အိုဒင်းဆားတန်ချိန် ၅၀၀နှင့် ဓာတ်မြေဩဇာ ၈၁၉ တန်တို့ဖြစ်သည်။

# မတ္တရာမြို့နယ်တွင် မိုးစပါးများ စိုက်ပျိုးလျက်ရှိ

**မတ္တရာ ဩဂုတ် ၂၉**

မန္တလေး တိုင်းဒေသကြီး မတ္တရာမြို့နယ်သည် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင် ဆောင်ရွက်သော ဒေသဖြစ်ရာ စပါးကို အများဆုံး စိုက်ပျိုးကြသည်။ နွေစပါးနှင့် မိုးစပါးဟူ၍ တစ်နှစ်လျှင် နှစ်သီးစိုက်ပျိုးကြပြီး ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ်တွင် မိုးစပါးများ စိုက်ပျိုးလျက်ရှိရာ မိုးစပါးစိုက်ဧက ၇၇၉၃ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းများအရ သိရသည်။

မိုးစပါး စိုက်ပျိုးရာတွင် မျိုးစပါးအနေဖြင့် ဒေသမျိုးများဖြစ်သည့် ရောမင်း (မဂျမ်းတော) စပါးမျိုးနှင့်မနောသုခ စပါးမျိုးများကို အလေးထားစိုက်ပျိုးကြပြီး အခြားစပါးမျိုးများလည်း အနည်းငယ် စိုက်ပျိုးကြကြောင်း၊ အရည်အသွေးကောင်းမွန်ပြီး ဒေသစားသုံးမှု အများဆုံးနှင့် ဈေးကွက်ထိပ်တန်းဝင်သည့် ရောမင်း (မဂျမ်းတော) စပါးမျိုးသည် မိုးစပါးတစ်ရာသီသာလျှင် စိုက်ပျိုးထွက်ရှိကြောင်း သိရသည်။

# ကျောက်ဆည်ခရိုင်အတွင်း နနွင်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

**ကျောက်ဆည် ဩဂုတ် ၂၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်အတွင်း၌ သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ စားဖိုဆောင်သီးနှံများဖြစ်သော ကြက်သွန်၊ ငရုတ်သီးနှံများအပြင် နနွင်းများကိုလည်း စိုက်ပျိုးကြကြောင်း၊ ကျောက်ဆည်ခရိုင်အတွင်း ၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ်၊ ဩဂုတ်လတတိယပတ်အထိ နနွင်းစိုက်ဧက စုစုပေါင်း ၉၀၉ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းများအရ သိရသည်။

နနွင်းသည် ဈေးကွက်ဝင် သီးနှံတစ်မျိုးဖြစ်သည့်အပြင် နနွင်းတက်များမပေါ်မီ နနွင်းဖူးများကိုလည်း ရောင်းချရသည့်အတွက် မိသားစုအပိုဝင်ငွေလည်း ရရှိကြောင်း၊ နနွင်းစိုက်ပျိုးမှုအနေဖြင့် တစ်ဧကလျှင် နနွင်းအတက် ပုံမှန်စိုက်ပျိုးပါက ၁၅–၁၆ တင်းစိုက်ပျိုးရကြောင်း၊ စိပ်စိပ်စိုက်ပျိုးပါက ၁၈ တင်းအထိ စိုက်ပျိုးနိုင်ကြောင်း၊ နနွင်းခေါင်းကို စိုက်ပျိုးပါက တင်း ၃၀–၃၅ အထိ စိုက်ပျိုးရကြောင်း၊ မျိုးနနွင်းအတက် တစ်တင်းလျှင် ငွေကျပ် ၈၈၀၀ နှင့် နနွင်းခေါင်းမျိုး တစ်တင်းလျှင် ငွေကျပ် ၇၀၀၀ ဖြင့် ဝယ်ယူစိုက်ပျိုးရကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစုအပါအဝင် နနွင်းအတက် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၃၂၄၀၀၀ ကုန်ကျပြီး နနွင်းခေါင်း တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၃၈၉၀၀၀ ကုန်ကျကြောင်း၊ ယခုနှစ်တွင် မိုးကောင်းသည့်အတွက် နနွင်းစိုက်ခင်းများ ပိုမိုဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

**သတင်းအရင်းအမြစ် စီးပွား/ကူးသန်း**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၂၉-၈-၂၀၂၄ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့်အလှူရှင်များစာရင်း

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၅၄၃၇။ | ဓမ္မမောဠိဗုဒ္ဓဂါယာညီအစ်မများအဖွဲ့ကောင်းမှု | ၁၀၀၀၀၀၀ |
| ၅၄၃၈။ | ဒုတိယဗိုလ်ချုပ်ကြီးကံမြင့်သန်းနှင့်ဇနီး မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၅၄၃၉။ | ဦးတင်အောင်နှင့်ဇနီး ဒေါ်သန်းသန်းစိန် မိသားစုကောင်းမှု | ၈၅၀၀၀၀ |
| ၅၄၄၀။ | ဦးဉာဏ်ပိုနှင့်ဇနီး ဒေါ်တင်လေးမိသားစုကောင်းမှု | ၁၆၈၅၀၀၀ |
| ၅၄၄၁။ | ဦးအောင်တင်စိုးနှင့်ဇနီး ဒေါ်ခင်မိုးမိုးမိသားစုကောင်းမှု (အမြဲတမ်းအတွင်းဝန်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့) | ၁၂၀၀၀၀၀ |
| ၅၄၄၂။ | ဦးထွန်းရွှေနှင့်ဇနီး ဒေါ်သင်းသင်းဆွေ မိသားစုကောင်းမှု | ၁၀၀၈၀၀၀ |
| ၅၄၄၃။ | (ဦးထွန်းရှိန်နှင့်ဇနီး ဒေါ်သန်းမြင့်)တို့အား ရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၅၄၄၄။ | ဦးကိုကိုနိုင်(အင်ဂျင်နီယာချုပ်)နှင့်ဇနီး ဒေါက်တာဒေါ်သီရိနွယ်မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၅၄၄၅။ | အကျိုးတော်ဆောင် ကိုသီဟနိုင်ထွန်းနှင့်ဇနီး ဒေါ်ခင်သူလင်းမိသားစုကောင်းမှု | ၅၂၀၀၀၀ |
| ၅၄၄၆။ | ဒေါ်သန်းမြမိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၅၄၄၇။ | ဦးထွန်းထွန်းနှင့်ဇနီး ဒေါ်စန်းစန်းဝင်း မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၅၄၄၈။ | ဦးတင်စိုးနှင့်ဇနီး ဒေါ်မြမြအေး မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၅၄၄၉။ | (ဦးမြင့်ရွှေ)အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၅၄၅၀။ | ဒေါ်ကြည်ကြည်မြင့်မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၅၄၅၁။ | ဦးမျိုးတင့်မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၅၄၅၂။ | ဗိုလ်မှူးအောင်သူရဝင်းမိသားစုကောင်းမှု | ၄၀၀၀၀၀ |
| ၅၄၅၃။ | ဦးအေးဟန်နှင့်ဇနီး ဒေါ်ညွန့်ညွန့်ဆွေ မိသားစုကောင်းမှု | ၃၅၀၀၀၀ |
| ၅၄၅၄။ | ဦးထွန်းကြည်နှင့်ဇနီး ဒေါ်ဝိုင်းကြည် မိသားစုကောင်းမှု | ၃၃၀၀၀၀ |
| ၅၄၅၅။ | ဦးကျော်ညွန့်နှင့်ဇနီး ဒေါ်ဝင်းကြည် မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၅၄၅၆။ | ဦးအောင်သန်းထွဋ်မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၅၄၅၇။ | ရဲမှူးရဲမြင့်နှင့်ဇနီး ဒေါ်ကြူကြူသင်း မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၅၄၅၈။ | ဦးကျော်မြနှင့်ဇနီး ဒေါ်လှမြင့်မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၅၄၅၉။ | ဦးမြင့်စိုးမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၅၄၆၀။ | ဦးအေးမင်းစိုးနှင့်ဇနီး ဒေါ်ပပဝင်းမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၅၄၆၁။ | ဦးအုန်းကြွယ်နှင့်ဇနီး ဒေါ်ခင်စန်းရီမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၅၄၆၂။ | ဗိုလ်ကြီးမိုးဝေမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၅၄၆၃။ | ဒေါ်မိမိချိုမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၅၄၆၄။ | ဦးတင်ဝင်းနှင့်ဇနီး ဒေါ်တင်ကြူကြူဆွေ မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၅၄၆၅။ | ဦးမြတ်ထွန်းနှင့်ဇနီး ဒေါ်လှလှသင်း မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၅၄၆၆။ | ဒေါ်ကျင်အေးမိသားစုကောင်းမှု | ၂၉၁၀၀၀ |
| ၅၄၆၇။ | ဒေါ်ခင်သန်းနွဲ့မိသားစုကောင်းမှု | ၂၅၂၀၀၀ |
| ၅၄၆၈။ | ဒေါ်စန်းမြင့်မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၅၄၆၉။ | ဦးလွင်ကြည်မောင်နှင့်ဇနီး ဒေါ်ခင်ညိုတင် မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၅၄၇၀။ | ဦးသီဟအောင်နှင့်ဇနီး ဒေါ်အိအိခင် မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၅၄၇၁။ | ဒေါ်ဝင်းဝင်းကြည်မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၅၄၇၂။ | ဦးမင်းဇင်နှင့်ဇနီး ဒေါ်ခင်စန်းရီ မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၅၄၇၃။ | ဒေါ်နန်းချစ်နှင်းမိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၅၄၇၄။ | ဦးစိန်လွင်နှင့်ဇနီး ဒေါ်သီတာယုမွန် မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၅၄၇၅။ | ဦးမောင်မောင်ပြည့်စုံနှင့်ဇနီး ဒေါ်မွှေးမွှေးအိ မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၅၄၇၆။ | ဒေါ်ခင်ငြိမ်းအေးမိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၅၄၇၇။ | ပါမောက္ခဒေါက်တာဦးတင်ဝင်း(ငြိမ်း)မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၅၄၇၈။ | ဦးသိန်းငွေနှင့်ဇနီး ဒေါ်ခင်စုကြည်မိသားစုကောင်းမှု | ၁၅၀၀၀၀ |
| ၅၄၇၉။ | (ဒေါ်အေးထွေး)အားရည်စူး၍ ကျန်ရစ်သူ မိသားစုကောင်းမှု | ၁၅၀၀၀၀ |
| ၅၄၈၀။ | ဦးဝင်းမြင့်ခိုင်မိသားစုကောင်းမှု | ၁၂၀၀၀၀ |
| ၅၄၈၁။ | ဒေါက်တာစန်းစန်းအေးမိသားစုကောင်းမှု | ၁၁၅၀၀၀ |
| ၅၄၈၂။ | ဦးစိုးနိုင်အောင်မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၅၄၈၃။ | ဒုတိယဗိုလ်မှူးကြီးအောင်ဇင်နှင့်ဇနီး ဒေါက်တာဒေါ်ဝင်းမာကျော်မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၅၄၈၄။ | ဒုတိယဗိုလ်မှူးကြီးသက်တင်အောင်နှင့်ဇနီး ဒေါ်နှင်းနှင်းအေးမိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၅၄၈၅။ | (ဦးသိန်းအောင်)အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၅၄၈၆။ | ဦးမောင်မောင်ဦး (ဂရိတ်ဝေါတိုင်းရင်းဆေး) မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၅၄၈၇။ | မြန်မာ့စီးပွားရေးဘဏ် အရာထမ်း/အမှုထမ်းများ ကောင်းမှု | ၁၀၁၃၀၀ |
| ၅၄၈၈။ | ဒေါ်စန်းစန်းမြင့်မိသားစုကောင်းမှု | ၁၀၁၀၀၀ |
| ၅၄၈၉။ | ဒေါ်ဝင်းမြင့်မြင့်ထွန်းမိသားစုကောင်းမှု | ၁၀၁၀၀၀ |
| ၅၄၉၀။ | ဒေါ်ခင်ညွန့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၄၉၁။ | ဒေါ်သန်းသန်းမော်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၄၉၂။ | ဦးဇေယျာထွန်းနှင့်ဇနီး ဒေါ်သင်းသင်းမြတ် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၄၉၃။ | ဦးဇော်ဝင်းနှင့်ဇနီး ဒေါ်ငွေဝင်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၄၉၄။ | ဦးစန်းအောင်နှင့်ဇနီး ဒေါ်စီငွေမြင့် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၄၉၅။ | ဦးကျော်ညွန့်နှင့်ဇနီး ဒေါ်ဝင်းကြည် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၄၉၆။ | ဦးသန်းဝင်းနှင့်ဇနီး ဒေါ်အုန်းငွေ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၄၉၇။ | ဒေါ်စန်းစန်းမော်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၄၉၈။ | ဦးအောင်သန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၄၉၉။ | ဦးနောင်ကိုကိုနှင့်ဇနီး ဒေါ်ရဲသူဇာဝင်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၅၀၀။ | ဦးအောင်မိုးလွင်နှင့်ဇနီး ဒေါ်စုစုစိန် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၅၀၁။ | ဦးတင်စိုးနှင့်ဇနီး ဒေါ်မြမြအေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၅၀၂။ | ဦးကျော်သန်းနှင့်ဇနီး ဒေါ်ကြည်မြမိသားစုကောင်းမှု | ၁၀၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

**လွှဲအပ်ညွှန်ကြားချက်အရ–** **ဒေါ်သက်ထားဆွိ LL.B,D.I.L ,Dip in Eng**
**အထက်တန်းရှေ့နေ(စဉ်–၄၂၈၉၉)**
**Ph:09-972734996, 09-791454531**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏အမှုသည်ဖြစ်သော မအိသီရိအောင် [၁၁/သတန(နိုင်)၀၇၃၁၄၈]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အကျဉ်းချုံးလျက် အသိပေးကြေညာအပ်ပါသည် –

ကျွန်ုပ်၏အမှုသည်ဖြစ်သော မအိသီရိအောင်သည် Purple House အမည်ဖြင့် Facebook Page Shopping Service နှင့် ပတ်သက်ဆက်နွယ်ခြင်းမရှိတော့ပါကြောင်းနှင့် Purple House Facebook Page Shopping Service၊ Banking၊ Payment ကိစ္စများကိုလည်း လက်ခံဆောင်ရွက်ခြင်းမရှိတော့ပါသဖြင့် ၎င်းနှင့် ပတ်သက်သည့် ကိစ္စအဝဝအားလုံး တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ** **လွှဲအပ်ညွှန်ကြားချက်အရ**
**မအိသီရိအောင်** **ဦးရန်နိုင်လင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၇၈၉၂)**
**ရုံးအမှတ်–၁၉၅၊ ဒုတိယထပ်၊ ၃၃လမ်း(အထက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၂၆၀၃၈၀၄၅၇၊ ၀၉–၇၅၁၂၈၉၃၈၀**

## အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဓမ္မစေတီလမ်းနှင့်လင့်လမ်းထောင့် Golden Link Condo စီမံခန့်ခွဲရေးရုံးတွင် Sale Manager ရာထူးဖြင့် လုပ်ကိုင်ခဲ့သူ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ (၁၁) ရပ်ကွက် ဗိုလ်အောင်ကျော်လမ်း၊ အမှတ်–၄၅၆ တွင်နေထိုင်သူ (ဘ) ဦးကံဦး၏ သမီးဖြစ်သူ မဆုမြတ်နိုး [၁၂/ဒဂရ(နိုင်) ၀၄၁၉၁၈]သည် နေအိမ် Condo တိုက်ခန်းအရစ်ကျ လစဉ်ပေးသွင်းငွေများထဲမှ ၂၀၂၃ ခုနှစ်၊ ဇွန်လ နှင့် ဇူလိုင်လ နှစ်လအတွက် ကြိုတင်ပေးသွင်းငွေ ကျပ်နှစ်ရာ့ရှစ်သိန်းတိတိ အား ကိုယ်ကျိုးအတွက်အလွဲသုံးစားပြု ထွက်ပြေး တိမ်းရှောင်နေသဖြင့် ဗဟန်းမြို့နယ်ရဲတပ်ဖွဲ့စခန်း (ပ)၁၅၉/၂၀၂၃ ရာဇသတ်ကြီး ပုဒ်မ ၄၀၈ ဖြင့် အမှုဖွင့်ဆောင်ရွက်ထားကြောင်းနှင့် Golden Link Condo စီမံခန့်ခွဲရေးရုံးခန်း၏ အရောင်းအဝယ်လုပ်ငန်းများနှင့် သက်ဆိုင်မှုမရှိကြောင်း Golden Link Condo စီမံခန့်ခွဲရေးရုံးတာဝန်ရှိသူများ၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စန္ဒာမြင့် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၆၁၄)**
**လိုင်စင်ရသည့်ရက်စွဲ(၁–၆–၂၀၁၇)**
**အမှတ်–၁၀၆၊ အောင်ရတနာ(၁၁)လမ်း၊ ၁၆–ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်။ Ph:09-421034605**

## ဒေါ်ညိုသိရှိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၇၊ မင်းရဲကျော်စွာ–၆လမ်း၊ အမှတ်–၁၆၄/က၊ အကျယ်အဝန်း(၂၀x၆၀)ပေရှိ ဒေါ်ညိုအမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ညိုမှ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊(၇)ရပ်ကွက်၊ မင်းရဲကျော်စွာ–၆လမ်း၊ အမှတ်–၁၆၃နေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်ဇေယျသို့ရောင်းချခဲ့ရာတွင်အိမ်ခြံမြေလက်ရောက်ပေးအပ်ခဲ့သော်လည်း မှတ်ပုံတင်အရောင်းစာချုပ်ချုပ်ဆိုပေးရန်ကျန်ရှိနေပါသဖြင့်ယနေ့သတင်းစာကြော်ငြာပါသည့်နေ့ရက်မှ(၇)ရက်အတွင်း ဒေါ်ညိုမှ ကျွန်ုပ်မိတ်ဆွေအား အမြန်လာရောက်ဆက်သွယ်၍ မှတ်ပုံတင်စာချုပ်ချုပ်ဆိုရေးကို ကူညီဆောင်ရွက်ပေးပါရန် အကြောင်းကြားကြေညာပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်မျိုးမမခင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၀၂၄)(၂၉–၁၂–၂၀၁၇)**
**အမှတ်(၄၄)၊ အောင်သီရိလမ်း၊ (၁၄၀)ရပ်ကွက်၊ ဒဂုံမြို့သစ်**
**(တောင်ပိုင်း)မြို့နယ်။ Ph:09-975643348**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃)
## ဒဂုံမြို့သစ်ခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်–၂၈

ကွယ်လွန်သူ ဒေါ်ခင်သောင်း၏ ကျန်ရစ်သော ပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၁၃၊ ကျန်စစ်သားလမ်း၊ မြေကွက်အမှတ်–၁၀၂၆၊ ပေ (၄၀x၆၀)၊ ဧရိယာ (၀.၀၅၅) ဧက၊ စတုရန်းပေ (၂၄၀၀) အကျယ်ရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းနှင့် နှစ် (၆၀) မြေငှားဂရန်တွင် ဒေါ်ခင်သောင်း (AC–၀၃၆၄၁၈) အမည်ဖြင့် မှတ်သားတည်ရှိသော မြေကွက်တွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်ခင်သောင်း၏ ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့် အကြောင်းနှင့် ဒေါ်အေးအေးသောင်း၊ ဒေါ်သီတာသောင်း၊ ဦးကိုကိုသောင်း၊ ဦးရဲသောင်း၊ ဒေါ်မိဆွေဆွေသောင်းတို့က အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်၊ (၁၃၈၅ ခုနှစ်၊ ဝါခေါင်လကွယ်) နေ့တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည် ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်ခင်သောင်း၏ ကျန်ရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည့် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်၊ (၁၃၈၅ ခုနှစ်၊ ဝါခေါင်လကွယ်) နေ့၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ် တစ်ဦးဦးအားဖြင့်သော် လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ် မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်အေးအေးသောင်း၊ ဒေါ်သီတာသောင်း၊ ဦးကိုကိုသောင်း၊ ဦးရဲသောင်း၊ ဒေါ်မိဆွေဆွေသောင်းတို့၏ လျှောက်လွှာအပေါ်၌ စစ်ဆေး ဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စောအောင်ထူး)**
**ဒုတိယခရိုင်တရားသူကြီး (၃)**
**ဒဂုံမြို့သစ်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

စစ်ကိုင်းမြို့၊ ပိုးတန်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၇/နန်းတော်ရာ)၊ ဦးပိုင်အမှတ်(၄၉/ခ)၊ မြေဧရိယာ(၀.၁၈၄)ဧကရှိမြေသည် ဒေါ်ခင်မှတ်၊ ဒေါ်ခင်သန်း၊ ဒေါ်ခင်ဆင့်ကြည်တို့အမည်ဖြင့် မြေငှားဂရန် အမှုတွဲအမှတ် RP No.၈၁ of 1994–1995(30 Years)နှင့် မြေငှားဂရန် သက်တမ်းမှာ(၃–၁၀–၁၉၉၄)မှ(၂–၁၀–၂၀၂၄)ရက်နေ့ထိဖြစ်ကြောင်း၊ မြေကွက်ပိုင်ဆိုင်သူ (၃)ဦးအနက်မှ ဒေါ်ခင်မှတ်နှင့် ဒေါ်ခင်သန်းတို့မှာ အပျိုကြီးများဘဝဖြင့် လွန်ခဲ့သော(၁၆)နှစ်ခန့်က အသီးသီးကွယ်လွန်သွားခဲ့ရာ အဆိုပါဂရန်မြေကွက်အား (၉–၃–၂၀၂၃)ရက်နေ့တွင် ကျန်ရစ်သူ ဒေါ်ခင်ဆင့်ကြည်(ဘ)ဦးဌေးကြွယ်မှ ဒေါ်ယမင်းသူ(ဘ)ဦးတင်မောင်မောင်[၅/စကန(နိုင်)၀၀၀၅၆၇]သို့ တရားဝင်မြေကွက် အရောင်းအဝယ် စာချုပ်ချုပ်ဆို၍ စစ်ကိုင်းမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ တရားဝင် မှတ်ပုံတင်ထားရှိခဲ့ပါသည်။ ယခုအခါမြေကွက်ဝယ်ယူပိုင်ဆိုင်သူဖြစ်သည့် ဒေါ်ယမင်းသူ အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်း လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်၍ မည်သူမဆို ယင်းမြေကွက်နှင့်ပတ်သက်ပြီး ယနေ့မှစ၍(၁၅)ရက်အတွင်း စစ်ကိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ (ရုံးချိန်အတွင်း) တရားဝင်ပိုင်ဆိုင်မှု အထောက်အထား များဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း နှင့် သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်ပြလာခြင်းကို လက်ခံစဉ်းစားမည်မဟုတ်ဘဲ တည်ဆဲ မြေယာအက်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(သကမ–၁၃)၊မြေကွက်အမှတ် (၃၀၈/က)၊ဧရိယာ(၂၀x၆၀)ပေအကျယ်ရှိ နှစ်(၆၀) မြေငှားစာချုပ်အမျိုးအစား မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အမှတ်(၃၀၈/က)၊ မင်းတပ်လမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်ဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားပိုင်ခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ပိုင်ဆိုင်၍ လက်ရှိထား အကျိုးခံစားလျက်ရှိပြီး အပြီးအပိုင်လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိကြောင်း အဆိုပြုကြသူ ဦးနိုင်အောင် [၁၂/သကတ(နိုင်)၀၁၅၇၈၄] နှင့်ဒေါ်ခင်ညိုညိုသိန်း[၁၂/လကန(နိုင်)၀၀၀၅၆၉]တို့ထံမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူနိုင်ရန်အတွက် ကျွန်ုပ်၏အမှုသည်ဖြစ်သူက စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ် ကိစ္စနှင့်စပ်လျဉ်း၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ခိုင်လုံသော အထောက် အထားပိုင်ဆိုင်မှုစာချုပ်စာတမ်း(မူရင်းများ)နှင့်တကွ ဤကြော်ငြာပါသည့် နေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့(ကိုယ်တိုင်)လာရောက်ကန့်ကွက်နိုင် ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည် အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **တရားလွှတ်တော်ရှေ့နေများ** | **အထက်တန်းရှေ့နေများ** |
| **ဦးဝဏ္ဏဇော်(စဉ်–၉၇၈၀)** | **ဦးမင်းမင်း(စဉ်–၂၇၃၂၀)** |
| **ဒေါ်စိုးစိုးနွယ်(စဉ်–၁၄၁၈၃)** | **ဦးဇာနည်အောင်(စဉ်–၄၉၉၆၀)** |
| **ဒေါ်အေးမွန်သိန်း(စဉ်–၁၆၂၆၉)** | **ဒေါ်နွေးနွေးအိ(စဉ်–၄၉၄၇၁)** |

**အမှတ်–(၁၅၆)၊ ရေစက်လမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။**
**ဖုန်း–၀၉ ၄၃၁၃၃၉၉၀၊ ၀၉–၅၁၈၁၁၈၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၃၅ အိပ်ချ်၊ မြေကွက် အမှတ်–၂၁၅၊ ဧရိယာ(၈၀၀) စတုရန်းပေ၊ မြေကွက်တည်နေရာအမှတ်(၁၈) အရှေ့ရွှေဂုံတိုင်လမ်း၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ဒေါ်သန်းသန်းညွန့် [၁၂/ဗဟန(နိုင်)၀၄၀၂၆၁]၊ ဦးကျော်[၁၂/ဗဟန(နိုင်)၀၄၃၄၆၃]အမည်ပေါက်၊ နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဖခင်ဦးကျော်သည် (၁၆–၉–၂၀၀၁) ရက်နေ့နှင့်မိခင်ဒေါ်ကျင်တီသည် (၂၃–၃–၂၀၁၅) ရက်နေ့တို့တွင် အသီးသီးကွယ်လွန်ခဲ့ပြီး ၎င်းတို့တွင် သားသမီးများဖြစ်သော ဒေါ်ခင်စန်း၊ ဒေါ်စန်းငြိမ်း၊ ဒေါ်ကြည်ကြည်စန်း၊ ဦးအောင်ဆန်းမြင့်(ခ) ဦးအောင်စန်းမြင့်၊ ဦးအောင်သန်းမြင့်၊ ဦးထွန်းထွန်းဝင်း၊ ဦးသန်းထွန်းအောင် တို့(၇)ဦးတည်း ကိုသာ မွေးဖွားခဲ့ပြီး ၎င်းတို့အနက်မှ ဦးအောင်သန်းမြင့်သည် (၁၆–၁–၁၉၉၉) ရက်နေ့နှင့် ဦးထွန်းထွန်းဝင်းသည် (၂၉–၁–၂၀၁၂) ရက်နေ့တို့တွင် လူပျိုကြီး ဘဝတို့ဖြင့် ကွယ်လွန်ခဲ့ကြပါသဖြင့် အမည်ပေါက်ဖခင် ဦးကျော်၏ ပိုင်ဆိုင်ခွင့် အစုအား ကျန်သားသမီး(၅)ဦးတည်းကသာလျှင် မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၎င်းတို့မှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူတစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ ၎င်းတို့၏ မိခင်အမည်မှာ ဒေါ်သန်းအိနှင့်ဒေါ်ကျင်တီဟူ၍ အမည်(၂)မျိုးပေါ်ပေါက်နေသော်လည်း လူပုဂ္ဂိုလ်အားဖြင့် တစ်ဦးတစ်ယောက်တည်းဖြစ်သည်မှာ မှန်ကန်ကြောင်းနှင့် ဦးအောင်ဆန်းမြင့် သည် မှတ်ပုံတင်တွင် ဦးအောင်ဆန်းမြင့်ဟုလည်းကောင်း သန်းခေါင်စာရင်းတွင် ဦးအောင်စန်းမြင့် ဟုလည်းကောင်း အမည်အားဖြင့်(၂)မျိုးပေါ်ပေါက်နေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်တည်းဖြစ်ကြောင်း (၃၁–၅–၂၀၂၃) ရက်နေ့ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဦးကျော်၏ သေဆုံးမှုလက်မှတ်၊ ဒေါ်သန်းအိ၊ ဦးအောင်သန်းမြင့်နှင့် ဦးထွန်းထွန်းဝင်း တို့၏သေဆုံးမှုလက်မှတ် ပထမ မိတ္တူမှန်၊ အိမ်ထောင်စုလူဦးရေစာရင်းများ၊ နှစ်(၆၀)ဂရန်မူရင်းတို့တင်ပြ၍ ဒေါ်ခင်စန်း[၁၂/ဗဟန(နိုင်)၀၄၄၅၆၄]၊ ဒေါ်စန်းငြိမ်း[၁၂/ဗဟန (နိုင်)၀၄၄၂၆၄]၊ ဦးအောင်ဆန်းမြင့်[၁၂/ဗဟန(နိုင်)၀၀၁၃၃၉]၊ ဦးသန်းထွန်းအောင် [၁၂/ဗဟန(နိုင်)၀၇၇၄၉၄]တို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်– ၉၈၅၈/၂၀၂၃(၃၁–၅–၂၀၂၃)ရရှိသူ ဒေါ်ကြည်ကြည်စန်း[၁၂/ဗဟန(နိုင်)၀၄၃၆၂၀]မှ ၎င်းကိုယ်တိုင်နှင့်ကျန်အမည်ပေါက် ဒေါ်သန်းသန်းညွန့် [၁၂/ဗဟန(နိုင်)၀၄၀၂၆၁]ထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ်– ၉၇၃၂/၂၀၂၃ (၃၀–၅–၂၀၂၃) ရရှိသူ ဒေါ်အေးအေး[၁၂/လမတ(ပြု)၀၀၀၅၀၈]တို့မှ ကိုယ်စားလှယ်လွှဲစာများ ပြန်လည်ရုပ်သိမ်းခြင်းမရှိသေးကြောင်း ကျမ်းကျိန်လွှာတို့နှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားတို့ပူးတွဲပြီးပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆို ရန်မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထား များဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါ ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဗိုလ်မှူးသန်းအောင်(ငြိမ်း)

ကြည်း ၁၁၂၄၇ စစ်တက္ကသိုလ်၊
အမှတ်စဉ်(၉)
**အသက်(၇၈)နှစ်**

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈) နဝရတ်လမ်း၊ အမှတ်(ထ/၇၂)နေ ဒေါ်ခင်ဝင်းအောင်၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာ ဒေါ်ယဉ်နွယ်အောင်၊ ဗိုလ်မှူးမင်းသူအောင်-ဒေါ်ငယ်ငယ်ငြိမ်းတို့၏ ဖခင်၊ မောင်ဟိန်းတေဇာအောင်၏ အဘိုးသည် ၂၈-၈-၂၀၂၃ ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၈-၂၀၂၃ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ပြင်ဦးလွင်မြို့ (၈)မိုင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

ရှီရှင်းကုမ္ပဏီလီမိတက်မှ ဒါရိုက်တာ ဦးထင်ကျော်၏ ကျေးဇူးရှင်မိခင်ကြီး ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်တင်တင်ဝင်း အသက် (၈၁)နှစ်၊ စာရင်းစစ်ချုပ်ရုံး(ငြိမ်း)မှာ ၂၈-၈-၂၀၂၃ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကုမ္ပဏီ၏ အုပ်ချုပ်မှုဒါရိုက်တာနှင့် BOD အဖွဲ့ဝင်များ၊ ကုမ္ပဏီမိသားစု ဝန်ထမ်းများမှ အထူးဝမ်းနည်း ကြေကွဲမိပါသည်။

**ရှီရှင်းကုမ္ပဏီလီမိတက် မိသားစု**

## ဒေါ်ကျော့ရင် (၁၄/ဖပန (နိုင်) ဝ၆၉၃၂၀)နှင့် ဒေါ်စုမွန်ချိန် (၁၂/ဒဂတ (နိုင်) ဝ၄၈၈ဝဝ) တို့ သိစေရန်

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်လင်းသီတာအေးနှင့် ဒေါ်ကျော့ရင်၊ ဒေါ်စုမွန်ချိန်တို့သည် ''ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၅/၆၊ မြေကွက်အမှတ် (ဂ၆၈/က)၊ အကျယ်အဝန်း (၂၀' x ၆၀')ရှိ ဦးခင်မောင်လှအမည်ပေါက်ပါမစ်မြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်''တို့နှင့်ပတ်သက်၍ (၁-၆-၂၀၂၃) ရက်စွဲပါ **''မြေနှင့်အိမ်အရောင်းအဝယ်စရံငွေပေးကတိစာချုပ်''** ကို ပြုလုပ်ချုပ်ဆို၍ စရံငွေကျပ် - ၅၂၈,၀၀,၀၀၀/- (ကျပ်ငါးရာနှစ်ဆယ့်ရှစ်သိန်းတိတိ)ကိုပေးချေ၍ အရောင်းအဝယ်ပြုလုပ်ခဲ့ကြပါသည်။ ယခုအခါ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်လင်းသီတာအေးမှ ကျန်ငွေပေးချေရမည့် (၃၁-၈-၂၀၂၃) ရက်နေ့တွင် ကျန်ငွေပေးချေရန်အတွက် ဒေါ်ကျော့ရင်နှင့် ဒေါ်စုမွန်ချိန်တို့မှ မည်သည့်အချိန်၊ မည်သည့်နေရာသို့ လာရောက်ရမည်ကို အမြန်ဆုံး ဆက်သွယ်ပေးပါရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| | |
|---|---|
| **ဦးဉာဏ်ဇော်လင်း LL.B** | **ဦးကျော်ဟန် LL.B** |
| အထက်တန်းရှေ့နေ (စဉ် - ၅၀၇၂၄) | တရားလွှတ်တော်ရှေ့နေ (စဉ် - ၇၈၇၆) |

အမှတ် (၅၀)၊ ပ-ထပ်၊ (B-3)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၄၂၀၃၀၀၉၆၁၊ ၀၉ ၅၀၅၉၈၄၀

## ဖခင်အမည်မှန်

ဒဂုံမြို့သစ် (အရှေ့ပိုင်း) Galaxyz(A-2)ကိုယ်ပိုင်အထက်တန်း Grade-4 မှ မောင်မြတ်မင်းခန့်၏ ဖခင်အမည်မှန်မှာ ဦးအောင်ဇော်လင်း [၉/ပဘန (နိုင်)၁၃၄၃၅၀] ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ဒေါ်ခင်ဝင်းဆွေ [၁၁/ကဖန (နိုင်)၀၇၆၇၃၉] ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ် (နံပါတ်) (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph: 09-403866625**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိ ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၈/ဒက္ခိဏသီရိအလယ်ရပ်)၊ မြေကွက်အမှတ်(ဒ-၃၁၀၀၇)၊ မြေဧရိယာ (၀.၁၄၆)ဧကရှိ ဒေါ်ဝါဝါလှိုင် (ဘ) ဦးခင်မောင်သန်း [၇/ကပက (နိုင်)၀၇၄၃၇၄] အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ် မြေကွက်ကို ဒေါ်ဝါ ဝါလှိုင်ထံမှ နေပြည်တော်စာချုပ် စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲအပ်စာအမှတ် (၂၆၉၈/၂၀၂၃) (၁၀-၈-၂၀၂၃)ရရှိထားသူ ဦးသန်းထွဋ်အောင် (ဘ)ဦးအောင်သန်း [၁၂/တမန(နိုင်)၀၀၄၂၄၉]မှ ဒေါ်ခိုင်ဇာဦး (ဘ) ဦးကျော်ဝင်း [၁၂/ဒဂတ(နိုင်)၀၄၈၂၁၈]နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ် စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေ ရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးတောင်ရပ်ကွက်၊ ငါးထပ်ကြီးဘုရားလမ်း၊ အမှတ်(၁၀၉)၊ 3rd Floor-B (3B)၊ အကျယ်အဝန်း (၁၇၈၀)စ-ပေ အခန်းအားလက်ရှိပိုင်ဆိုင်ထားသူ ဒေါ်ဖြိုးလှမြင့် [၇/သဝတ(နိုင်)၀၀၀၀၀၅] (မိုးမြင့်စံ မိသားစုဆောက်လုပ်ရေးကုမ္ပဏီလီမိတက်)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးဖြိုးဝေနိုင် [၁၁/သတန (နိုင်)၀၇၄၀၂၇]နှင့် ဒေါ်ခွန်စန္ဒီ [၁၂/ဗဟန(နိုင်)၀၉၆၆၄၀]တို့က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဘူမောင်(LL.B)(စဉ်-၂၂၇၄၇)　ဒေါ်ဖြိုးဖြိုးအောင်(LL.B)(စဉ်-၄၈၄၃၁)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁)၊ မြေညီ၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၅၁၁၈၀၀၇၊ ၀၉-၅၁၈၃၅၆၉၊ ၀၉-၂၅၄၂၇၈၃၃၆**

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တ နေမိန္ဒ

**ပရိယတ္တိရွှေသစ်ကလေးကျောင်းတိုက်၊ ဗိုလ်ချုပ်ကျေးရွာ၊ သန်လျင်မြို့**

**သိက္ခာတော် (၄၇)ဝါ၊ သက်တော်(၆၇)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့၊ ဗိုလ်ချုပ်ကျေးရွာ၊ ပရိယတ္တိရွှေသစ်ကလေး ကျောင်းတိုက်၊ ဦးစီးပဓာန နာယကဆရာတော် ဝိနည်းဓိုရ်ပဝါရဏာအုပ်စု ဘဒ္ဒန္တနေမိန္ဒ မထေရ်မြတ် သိက္ခာတော်(၄၇)ဝါ၊ သက်တော်(၆၇)နှစ်သည် (၁၃၈၅ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ ရက်) ၂၆-၈-၂၀၂၃ (စနေနေ့) ည ၇:၄၈ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသဖြင့် (၁၃၈၅ ခုနှစ်၊ ဝါခေါင်လပြည့်နေ့) (၃၁-၈-၂၀၂၃) (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် စံကျောင်းတော်ချ ပူဇော်ပွဲ အခမ်းအနားနှင့် (၁၃၈၅ ခုနှစ်၊ ဝါခေါင်လဆုတ် ၃ ရက်) ၃-၉-၂၀၂၃ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ဗိုလ်ချုပ်ကျေးရွာသုသာန်၌ အန္တိမအဂ္ဂိဈာပန သာခုကိဋ္ဌနပူဇော်ပွဲ ကျင်းပ ပြုလုပ်မည်ဖြစ်ပါ၍ ရပ်နီး၊ ရပ်ဝေးမှ တပည့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား ဖိတ်ကြား အသိပေးနိုးဆော်အပ်ပါသည်။

တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများ

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဆ/ကရပ်ကွက်၊ သမာဓိ(၁)လမ်း၊ မြေညီ (B)၊ ခြေရင်းခန်း၊ တိုက်အမှတ်(၁၃)ဟု ခေါ်တွင်သော အကျယ်အဝန်း အလျား (၁၅ပေx အနံ ၅၅ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်လွင်လွင်မြင့် [၇/ကဝန(နိုင်)၀၈၅၁၄၅] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မေစုနိုင် [၅/ရဥန(နိုင်)၀၈၂၇၈၂]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြတ်ပပခိုင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၄၈၇၃)**
**အမှတ်(၅၇၈/က)၊ စိန်ပန်း(၈)လမ်း၊ (၁၉)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။**
**ဖုန်း-၀၉-၄၂၁၀၂၀၇၈၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/ရှေ့ရပ်ကွက်၊ (၉၃)လမ်း၊ တိုက်အမှတ်(၁၂၃) (၆-လွှာ) (တိုက်ကိုမျက်နှာမူလျှင် ညာဘက်ခြမ်း) တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဆက်စပ်စာချုပ်အဆင့်ဆင့်ဖြင့် တရားဝင် ဝယ်ယူပိုင်ဆိုင်ထားပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်ရီရီမြင့် [၁၂/မဂတ(နိုင်)၀၇၂၇၁၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးထက်ဗိုလ်အောင် [၁/မကန(နိုင်)၁၉၆၁၇၂]သည် အပြီးအပြတ် ဝယ်ယူရန် စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးတင့်ကျော် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၃၀၉၁၃)**
**ဖုန်း-၀၉-၂၅၄၈၇၀၁၉၄၊ ၀၉-၇၉၁၉၇၄၂၀၄**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ဦးဝင်းသိန်းအမည်ပေါက်ဖြစ်သော ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၃၀၊ ကံကော်လမ်းနှင့် မြေကွက်အမှတ် (၁၀၄၃)၊ အကျယ်အဝန်း (အလျား ၄၀'x အနံ ၆၀')အနက်မှ (အလျား ၁၀'x အနံ ၆၀')၊ ပါမစ်မိတ္တူ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို စာချုပ်အစပ်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးအောင်မျိုးခိုင် [၁၂/ခရန(နိုင်)၁၃၆၇၁၅] + ဒေါ်သင်းသင်းမြတ် [၇/ကဝန(နိုင်)၂၀၄၁၂၁]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်လင်း(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၂၇၈၃၅)**
**ဖုန်း-၀၉-၄၂၁၁၅၁၆၀၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ငမိုးရိပ် (၉)လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ အမှတ် (၁၆၀)၊ (၂)ခန်းတွဲ (၆)ထပ်တိုက်အဆောက်အဦ၏ မြေညီထပ် (ခေါင်းရင်းခြမ်း)၊ အကျယ်အဝန်း (၁၂½ပေx ၄၈ပေ) အကျယ်ရှိ တိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အဆောက်အဦ ကန်ထရိုက်တာများဖြစ်ကြသည့် ဦးမောင်ရွှေ [၁၂/မဂတ(နိုင်) ၀၅၆၀၀၄]နှင့် ဦးကျော်ဇင်လတ် [၁၂/မဂတ(နိုင်)၁၀၃၆၅၉]တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်သိန်းသိန်းဝင်း [၈/မကန(နိုင်)၀၁၂၇၄၃]က ဝယ်ယူရန်အတွက် စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက် နိုင်ပါသည်။ ထိုသို့သတ်မှတ်ရက်အတွင်း လာရောက် ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို အပြီးအပိုင်လက်ရောက် ဝယ်ယူရန် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သိန်းသိန်းဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန်းမြင့်မော် (LL.B,WIPO SWITZERLAND)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၀၈၁)**
**အမှတ်(၅၀)၊ ပန်းဆိုးတန်းလမ်း၊ (၄)ရပ်ကွက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၀၅၁၀၈၀၀၊ ၀၉-၆၇၃၉၅၈၉၈၂**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာတောင်ညွန့်ကြီး ရပ်ကွက်၊ သစ္စာလမ်း၊ အမှတ်(၄၃)နေ ဦးသန်းလွင် [၁၂/မဂတ(နိုင်) ၀၃၄၃၇၆]၊ ဒေါ်နီနီအေး [၁၂/မဂတ(နိုင်)၀၃၄၃၇၇]တို့၏သားဖြစ်သူ မောင်မင်းဇော်သန်း [၁၂/မဂတ(နိုင်)၀၈၆၇၃၂]သည် မိဘဆိုဆုံးမမှုကို မနာခံသည့်အပြင် ခွင့်မလွှတ်နိုင်သည့် အပြုအမူများ အကြိမ်ကြိမ် ပြုလုပ်လာသည့်အတွက် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ် ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့်ငွေကြေးကိစ္စရပ်များအပြင် အခြား ကိစ္စအရပ်ရပ်များအား တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**ဦးသန်းလွင်၊ ဒေါ်နီနီအေး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆဒ္ဒန်လမ်း၊ အမှတ်(၁၂)နေ ဒေါ်အိသန္တာ (ဘ) ဦးသန်းဝင်း [၁၂/တတန(နိုင်)၁၅၉၂၈၂] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ တွံတေးမြို့နယ်၊ တလုတ္တော်ကျေးရွာ၊ ကွင်းအမှတ် (၈၈ A)၊ ဦးပိုင်အမှတ်- ကျောက်ဝိုင်းကွင်း(၃/၁)၊ ဦးစောတင်ဝင်း အမည်ပေါက်ရှိသော ဧရိယာ (၂.၂၅)ဧကရှိ ဥယျာဉ်ခြံမြေ အတွင်းမှ အကျယ်အဝန်း (၀.၃၃ ဧက) ဧရိယာရှိ မြေကွက်အား တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်စုမြတ်ခိုင် (ဘ) ဦးမောင်မြင့် [၁၂/ကမတ(နိုင်)၀၆၂၉၃၄]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူ မရှိပါက အရောင်းအဝယ် ပြီးဆုံးသည်အထိ ဥပဒေနှင့် အညီဆက်လက် ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အိဇင်မာဖြိုး(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၅၃၇)**
**အမှတ်(၅၅၉)၊ ကန်သာယာ(၆)လမ်း၊ ကျွန်းတောရပ်ကွက်၊ တွံတေးမြို့။**
**ဖုန်း-၀၉-၄၀၈၂၃၅၅၀၆**

## "အများသိစေရန် ကြေညာခြင်း"

ရန်ကုန်မြို့၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ ကျန်စစ်မင်း အိမ်ရာ၊ အပိုင်း(၁)၊ ပုဂံလမ်း၊ တိုက် (၁၆)၊ အခန်း (၄၀၆)၏ အမည်ပေါက် ဒေါ်သဲအိမွန်ထံ၌ ဦးအောင်ဇော်မြင့် [၇/လပတ(နိုင်) ၁၀၉၆၅၅] ကိုင်ဆောင်သူက ဝယ်ယူပိုင်ဆိုင် လက်ရှိဖြစ်ပြီး ကျွန်ုပ်မိတ်ဆွေ ဦးခင်မောင်မြင့် [၁၂/ဗဟန(နိုင်)၀၅၅၃၁၂] ကိုင်ဆောင်သူအား (၁၉-၁-၂၀၂၂)နေ့တွင် ဦးအောင်ဇော်မြင့်မှ ရောင်းချ၍ ဦးခင်မောင်မြင့်မှ တိုက်ခန်းအပြီးအပိုင် ဝယ်ယူ လက်ရောက်ရရှိပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်နှင်းဝေ(LL.B) အထက်တန်းရှေ့နေ (၄၁၅၅၆/၂၀၁၃)**
**အမှတ်(၉)၊ အောင်သုခလမ်း၊ (၉)မိုင် (၅)ရပ်ကွက်၊**
**မရမ်းကုန်းမြို့နယ်။ Ph: 09-423737706**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးဇော်ဝင်းဇံ**

**ရခိုင်ပြည်နယ်ဥပဒေအရာရှိ**

**အသက်(၆၁)နှစ်**

ရခိုင်ပြည်နယ်ဥပဒေအရာရှိ ဦးဇော်ဝင်းဇံသည် ၂၇-၈-၂၀၂၃ ရက်နေ့ နံနက် ၁၀း၁၅ နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်အနိစ္စ ရောက်ရှိသွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်း ကြေကွဲရပါသည်။

**ဥပဒေရေးရာဝန်ကြီးဌာန၊**
**တိုင်းဒေသကြီးနှင့် ပြည်နယ်ဥပဒေချုပ်ရုံးများနှင့် အဆင့်ဆင့်သော**
**ဥပဒေရုံးများမှ အရာထမ်း၊ အမှုထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူး ဟန်မိုးအောင် (ငြိမ်း)**

**OTS (85)**

**လက်ထောက်ညွှန်ကြားရေးမှူး(ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန)**

**အသက် (၅၆)နှစ်**

ဒေါ်သီတာဦး၏ ချစ်လှစွာသော ခင်ပွန်း၊ မဆုရှင်မိုး၊ မရွှန်းလဲ့ဟန်နှင့် မောင်ထူးအောင်ချွန်တို့၏ ကျေးဇူးရှင်ဖခင်ဖြစ်သူ ဗိုလ်မှူး ဟန်မိုးအောင်(ငြိမ်း) သည် ၂၄-၈-၂၀၂၃ ရက် (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် (၉၆)ပါးသောရောဂါ ဖြင့် ကွယ်လွန်သွားကြောင်းသိရှိရသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။ **ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၈၅) သီဟတပ်ခွဲ**
**ကျောင်းဆင်းအရာရှိများနှင့် မိသားစုဝင်များ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၄၉)၊ မြေကွက်အမှတ်(၁၃၆၉)၊ အကျယ်အဝန်း (အလျား ၄၃ပေx အနံ ၆၀ ပေ)ရှိ နှစ်(၆၀) ဂရန်မြေကွက်ကြီးထဲမှ တရားဝင်မခွဲစိတ်ရသေးသည့် (အလျား ၃၃ပေx အနံ ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (၁၃၆၉)၊ စိန်ပန်းမြိုင်လမ်း၊ (၄၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဟုခေါ်တွင်သည့် မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးစိန်ဒေါင်း(DNU-071102) အမည်ပေါက် မှတ်သားထားပြီး ယင်းအမည်ပေါက် ကွယ်လွန်၍ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အမွေဆက်ခံပိုင်ခွင့်ရှိသူ ဇနီးဖြစ်သူ ဒေါ်တင်ဝင်း [၁၂/လမန(နိုင်)၀၉၉၂၀၄]ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေတစ်စိတ် တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေနှင့်အိမ်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ အကျိုး သက်ဆိုင်ခွင့်ရှိသည်ဟု အဆိုရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း မူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက် ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်တင်လှ (L.L.B,D.B.L,D.M.L,D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၇၁၆၅)**
**အမှတ်- ၉/၁၁၊ ပထမထပ်၊ အခန်း- ၁၀၂ (အေ)၊ ၃၆-လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၅၀၅၃၀၅၀**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မဟာမြင့်မိုရ်လမ်း၊ အမှတ်(၃) ပထမထပ်နေ ဒေါ်အေးငြိမ်းငြိမ်းထွန်း [၁၁/ရဗန(နိုင်)၀၆၁၂၆၇]၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာသည်မှာ-

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ကျောက်အရှေ့ရပ်ကွက်၊ မြို့သစ် ၃ လမ်း၊ အမှတ်(၇)တွင် ဆောက်လုပ်ထားသော အလျား ၂၈ပေ၊ အနံ ၆၀ပေ မြေရှိ တစ်ခန်းတွဲ ၈ ထပ်တိုက် မြေရှင်၏ကိုယ်ပိုင်ငွေကြေးဖြင့် စိုက်ထုတ်ပြီး ဆောက်လုပ် ထားသည့် တတိယထပ် (၄)လွှာ (အလျား ၂၈ပေx အနံ ၆၀ပေ) မြေရှိ လူနေထိုင် ခွင့်ကျပြီးသော တိုက်ခန်းတစ်ခန်းအပါအဝင် ၎င်းတိုက်ခန်းနှင့် ပတ်သက်ဆက်နွှယ် သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးခင်မောင်ဖြူ [၁၂/တမန(နိုင်) ၀၇၂၃၅၂]မှ အရပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ကမ်းလှမ်းပြောဆိုပြီးရောင်းချသောကြောင့် စရန်ငွေ၏ တစ်စိတ်တစ်ဒေသကို ကျွန်ုပ်အမှုသည်မှ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းပိုင်ဆိုင်မှုနှင့် ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူသည် ဤသတင်းစာကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်းမူရင်းများကိုင်ဆောင်၍ လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇာခြည်စိမ့်စိမ့်မွေး LL,B. တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၉၁၇)**
**အမှတ် ၁၀/၁၂၊ အခန်း ၁၀၄ ။ ၃၅လမ်းအောက်၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ Ph: 09-443108529, 09-798168087**

## အများသိစေရန်ကြေညာ

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ်(၈၂)နေ ဦးသော်ဇင်နိုင် [၁၂/ဒပန(နိုင်)၀၄၆၉၇၁]၏ လွှဲအပ်ညွှန်ကြား ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာပါသည်-

ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောမြို့၊ လွယ်အံကျေးရွာအုပ်စု၊ ကျီးကုန်းကျောက်တန်းရွာ၊ ဘုရားကုန်းရှိ အကျယ်အဝန်း (၁.၃၇) ဧကရှိ မြေနှင့်မြေကွက်ပေါ်တွင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင် ကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူဒေါ်ခင်စိုး [၁၃/ ကလန(နိုင်)၀၇၅၃၇၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသော်ဇင်နိုင်က နှစ်ဦးသဘောတူ အိမ်၊ ခြံ၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်ကို ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်ထားသော မြေကွက်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်မိတ်ဆွေဖြစ်သူ၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ မြေကွက်အတွင်းသို့ ဝင်ရောက် စိုက်ပျိုးလုပ်ကိုင်ခြင်း၊ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ မြေကွက်တိုင်းတာ ခွဲစိတ်ခြင်းနှင့် ခြံစည်းရိုးခတ်ခြင်းတို့ကို ပြုလုပ်ဆောင်ရွက်ခွင့်မရှိကြောင်း နှင့် ထိုသို့ဆောင်ရွက်သည်ကိုသိရှိပါက မည်သူကိုမဆို ဥပဒေနှင့်အညီ တရား စွဲဆို ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသော်ဇင်နိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးအောင်ဖြိုးလတ် (LL.B)** | **ဦးမောင်အောင် (LL.M)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၁၂၀၀၅)** | **(စဉ်-၁၇၈၆၈)** |

**အမှတ်(၁၀၆)၊ ပထမထပ်၊ မြင်တော်သာလမ်း၊ ၃/မာန်ပြေရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉- ၇၇၀၀၅၂၁၈၅၊ ၀၉-၄၅၃၃၀၇၁၅၅**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း အလှူ့ဒါယိကာမ**

**ဒေါ်အုံးမြိုင် (စက်မှု-၁) (ငြိမ်း)**

**အသက်(၈၄)နှစ်**

**ရန်ကုန်မြို့**

ပြန်ကြားရေးဝန်ကြီးဌာန၊ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးဇေယျာ-ဒေါ်သီတာဝင်းတို့၏ ချစ်လှစွာသောမိခင် ဒေါ်အုံးမြိုင် အသက်(၈၄)နှစ်သည် ၂၉-၈-၂၀၂၃ ရက်နေ့၊ နံနက် (၀၀း၀၅) အချိန်တွင် ကွယ်လွန် သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများ**
**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်အုံးမြိုင် (စက်မှု-၁) (ငြိမ်း)**

**အသက် (၈၄) နှစ်**

ပြန်ကြားရေးဝန်ကြီးဌာန၊ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇေယျာ၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်အုံးမြိုင် အသက် (၈၄)နှစ်သည် ၂၉-၈-၂၀၂၃ ရက်နေ့ (၀၀း၀၅) နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းသွား ကြောင်း သိရှိရပါ သဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူး ဝမ်းနည်းကြေကွဲကြရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ**
**မီဒီယာဖွံ့ ဖြိုးတိုးတက်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၆၁)ရပ်ကွက်၊ ဧရာဝတီ လမ်းမကြီးဘေးရှိ ရောချမ်းသာအိမ်ရာ၊ တိုက်အမှတ် (၁၀-B) အခန်း (၂၃၁)အား ရောင်းချသူ ဦးစိုင်းသက်သျှိုင်း (ဘ) ဦးသိန်းလွင် [၉/မဟမ (နိုင်)၀၄၅၁၈၈]မှ ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ် အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းကြောင်းဝန်ခံပါသဖြင့် ဦးအောင် ခန့်ဇော် [၁၂/ဗတထ(နိုင်)၀၄၀၃၂၁]မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ကြောင်း နှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်မည့်သူမရှိပါက ဤအရောင်း အဝယ်အား ဥပဒေနှင့်အညီ အပြီးတိုင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးအောင်ခန့်ဇော် [၁၂/ဗတထ(နိုင်) ၀၄၀၃၂၁]**
**အမှတ်(၁၀)၊ သစ်တောလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၇၅၅၀၃၈၈၁၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဒေဝဒဟ (၄၀)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃)၊ မြေကွက်အမှတ် (၁၄၁၁-က)၊ အိမ်အမှတ် (၁၄၁၁-က)၊ အကျယ်အဝန်းဧရိယာ အလျား ၂၀ ပေx အနံ ၆၀ ပေ မြေပေါ်တွင် ဆောက်လုပ်ထားသော $3\frac{1}{2}$ RC ကန်ထရိုက် တိုက် ဒါဘာအောက် ဒုတိယထပ်၊ တတိယအလွှာ အလျား ၁၈ ပေx အနံ ၅၄ ပေရှိသော တိုက်ခန်း (၁)ခန်းနှင့် ယင်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်ကို ဆက်စပ်စာချုပ်များအရ တရားဝင် ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်စီစီစိန် [၁၂/ရကန(နိုင်)၀၅၁၀၄၃] ဆိုသူထံမှ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံ သော ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များ ပြည့်စုံစွာတင်ပြခြင်းဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါ အရောင်းအဝယ်ကိစ္စကို ဥပဒေ နှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မျိုးပပကျော် (LL.B, D.I.L) အထက်တန်းရှေ့နေ (စဉ်-၅၃၁၄၄)**
**အမှတ်(၁၇၅)၊ ဆရာစံလမ်းမ၊ ဆရာစံမ/ရရပ်ကွက်၊ ဗဟန်းမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၁၁၁၄၆၈၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်းစက်မြေရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ်-၄၆၊ ၆-လွှာ(အေ)၊ ခေါင်းရင်းခန်းဟုခေါ်တွင်သော တိုက်ခန်းကိုလက်ရှိလက်ဝယ် ပိုင်ဆိုင်ထားပြီး အရောင်းအဝယ်ပြုလုပ်ပိုင် ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သိင်္ဂီ [၁၂/မဂတ(နိုင်)၀၄၆၀၇၁]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဒေါ်မေဇင်လှိုင် [၁၄/ရကန(နိုင်)၁၁၂၉၂၆] က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ထိုတိုက် ခန်းနှင့်ပတ်သက်ပြီး ကန့်ကွက်ရန်ရှိပါက မည်သူမဆို ကျွန်ုပ်တို့ထံသို့ ဤသတင်းစာပါသည့်နေ့မှ (၇)ရက်အတွင်း အထောက်အထားအပြည့်အစုံ ဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ (၇)ရက်ကျော်လွန်ပါက အရောင်း အဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာ အပ်ပါသည်။

**ညွှန်ကြားချက်အရ -**
**ဦးသူရိန်မြင့် LL.B (စဉ်-၉၅၂၁/၂၀၁၃ခုနှစ်)**
**ဒေါ်ဆုမွန်ဆွေ LL.B,D.B.L (စဉ်-၁၂၈၁၈/၂၀၁၇ခုနှစ်)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်-၃၁၊ ဆင်ရေကန်လမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း -၀၉-၅၀၅၉၈၂၂၊ ၀၉-၇၉၅၇၉၀၇၆၇**

## သင့်သွေးဖြင့် အသက်ကယ်ပါ

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း အလှူ့ဒါယိကာမ**

## ဒေါ်အုံးမြိုင်

**(စက်မှု-၁) (ငြိမ်း)**

**အသက် (၈၄)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂) ရပ်ကွက်၊ ဦးကြင်ဥ (၂)လမ်း၊ အိမ်အမှတ် (၉၃၃) နေ (ဦးငွေလုံး-ဒေါ်သိန်းရွှေ)တို့၏ သမီး၊ (ဦးမောင်ဆိုင်-ဒေါ်ဝိုင်း)တို့၏ သမီးချွေးမ၊ (ဦးငြိမ်း)၊ (ဦးအောင်ငြိမ်း)၊ ဒေါ်မြင့်မြင့်ကြူ၊ ဒေါ်မြင့်မြင့်သိန်း၊ ဦးမြင့်ဆွေတို့၏ အစ်မ၊ ဦးဌေးဝင်း-ဒေါ်နွဲ့နွဲ့ဌေး၊ ဦးအေးရွှေ-ဒေါ်စန်းစန်းလှ တို့၏အဒေါ်၊ ဦးသန်းဇော်ဦး-ဒေါ်လှလှမျိုး၊ ဒေါ်ယဉ်ယဉ်မျိုး၊ ဦးဇေယျာ(ခ)ဦးစည်သူမျိုး-ဒေါ်သီတာဝင်း၊ ဒေါ်သန္တာမျိုး၊ ဦးတင်အောင်မျိုးတို့၏ ချစ်လှစွာသောမွေးသမိခင်၊ မခင်မျိုးထက်ကျော်၊ မသန့်သုတအောင်၊ မောင်ဇေလက်ျာ တို့၏ ချစ်လှစွာသောအဘွား၊ (ဦးမျိုးညွန့်) (ကပရ-ငြိမ်း)၏ ချစ်လှစွာသောဇနီးဖြစ်သူ ဒေါ်အုံးမြိုင် (စက်မှု-၁၊ ငြိမ်း)သည် ၂၉-၈-၂၀၂၃ (အင်္ဂါနေ့) နံနက် ၀၀း၀၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၃၁-၈-၂၀၂၃ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁း၄၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၉-၂၀၂၃ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးခိုင်မင်းဆွေ

## (ဦးချိုထွေး)

**အသက် (၅၄)နှစ်**

ရန်ကုန်မြို့နေ (ဒေါက်တာမင်းဆွေ)- ဒေါ်ခင်ပြုံးရင်တို့၏ သား၊ (ဒေါ်နုနု)၊ (ဦးထွန်းတင်-ဒေါ်ညွှန့်ညွှန့်)၊ (ဒေါ်ရင်မေ)၊ ဦးသိန်းထွဋ်-ဒေါ်စန်းစန်း၊ (ဦးညီညီဝင်း)-ဒေါ်ဆွေဆွေဝင်း၊ (ဦးသိန်းဝင်း)-ဒေါ်ချိုချိုလွင်တို့၏ တူ၊ ဦးလှိုင်မြင့်-ဒေါ်ချိုချိုထွန်း၊ ဦးကျော်ဦး-ဒေါ်မာလာထွန်း၊ ဦးကျော်မင်းဆွေ-ဒေါ်ခင်သန်းမေ၊ ဦးဝင်းမင်းဆွေ-ဒေါ်ဝါဝါမြင့်၊ (ဦးကျော်သူရ)၊ ဦးရဲမင်းဆွေ-ဒေါ်မျိုးမျိုးသိန်းမောင်တို့၏ ညီ/မောင်၊ ဦးလှိုင်မင်းဆွေ-ဒေါ်မြစန္ဒီထွန်း၊ ဦးဇော်သက်နိုင်-ဒေါ်ဥမ္မာအောင်၊ ဒေါ်ယဉ်မင်းသွယ်၊ ဦးသိန်းဝင်းတူ-ဒေါ်အိအိကျော်၊ ဦးသိန်းဝင်းဖြူ၊ (ဦးဟိန်းညီညီဝင်း)- ဒေါ်သက်ထားနွယ်၊ မောင်ပြည့်ဦးကျော်တို့၏ အစ်ကို၊ ဒေါ်ဆွေဇင်စိုး၏ ခင်ပွန်း၊ မမေမြတ်ဖုန်းဆွေ၊ မောင်ရှင်းခန့်ဆွေတို့၏ ဖခင်၊ တူ/တူမ ကိုးယောက်တို့၏ ဦးလေးသည် ၂၉-၈-၂၀၂၃ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၄ နာရီတွင် ရေဝေးအအေး တိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ များအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးခိုင်မင်းဆွေ

## (ဦးချိုထွေး)

**အသက် (၅၄) နှစ်**

ရန်ကုန်မြို့နေ (ဦးမင်းဆွေ)-ဒေါ်ခင်ပြုံးရင်တို့၏သား၊ ဦးဇော်ဖြိုး-ဒေါ်ခင်ရွှေအေး တို့၏သားသမက်၊ ဦးကျော်မင်းဆွေ-ဒေါ်ခင်သန်းမေ၊ ဦးဝင်းမင်းဆွေ-ဒေါ်ဝါဝါမြင့်၊ ဦးရဲမင်းဆွေ-ဒေါ်မျိုးမျိုးသိန်းမောင်တို့၏ ညီ/မောင်၊ ဦးလှိုင်မင်းဆွေ- ဒေါ်မြစန္ဒီထွန်းတို့၏ အစ်ကို၊ ဦးသန်းအောင်-ဒေါ်နေဇင်စိုး၊ ဦးသက်လွင်-ဒေါ်သဇင်ဖြိုးတို့၏အစ်ကို၊ အမှတ်(၃၅) ဝန်ဇင်းလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းနေ ဒေါ်ဆွေဇင်စိုး၏ခင်ပွန်း၊ မမေမြတ်ဘုန်းဆွေ၊ မောင်ရှင်းခန့်ဆွေတို့၏ဖခင်ဖြစ်သူ၊ တူ/တူမ ကိုးယောက်တို့၏ ဦးလေးသည် ၂၉-၈-၂၀၂၃ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ များအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂)၊ မြေကွက်အမှတ် (၈၂၇)၊ အကျယ်အဝန်း (၄၀x၆၀)ပေရှိ နှစ်(၆၀)ဂရန်မြေအမျိုးအစား မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှု ဌာနတွင် ဦးချစ် [၁၂/မရက(နိုင်)၀၂၃၂၄၀] အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ အထက်ဖော်ပြပါ မြေကွက်ကြီး၏ (၄၀x၆၀) ပေအနက်မှ တရားဝင်မခွဲမစိတ်ရသေးသည့် (၂၀x၆၀)ပေရှိ အမှတ်(၈၂၇/ခ) ဟုခေါ်တွင်သော မြေကွက်အား အမည်ပေါက် ဖြစ်သူ ဦးချစ်ထံမှ ကျွန်တော် ဦးခင်မောင်ဌေးသည် (၁၀-၁၂-၂၀၁၆)ရက်နေ့တွင် "မြေနှင့်အိမ် အပြီးအပိုင် အရောင်းအဝယ်ကတိ စာချုပ်" ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားခဲ့ပါသည်။ အဆိုပါ ကျွန်တော် တရားဝင်ပိုင်ဆိုင်ထားသော မြေကွက်အမှတ် (၈၂၇/ခ)၏ အရောင်းအဝယ်ပြုလုပ်ထားသည့် စာချုပ်မူရင်းမှာ အထားအသိုမှားယွင်းမှုကြောင့် ပျောက်ဆုံးသွားခဲ့ပါသဖြင့် လက်ဝယ်ထားရရှိထားသူမှ (၇)ရက်အတွင်း မိမိထံပြန်လည်ဆက်သွယ်ပေးအပ်ပါက ထိုက်သင့်သော ကျေးဇူးဆပ်ပါမည်။ သတ်မှတ်ရက်ကျော်လွန်ပါက မူလပိုင်ရှင်နှင့် အရောင်းအဝယ်စာချုပ်ပြန်လည်ချုပ်ဆို မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအုန်းသန်း B.A(Geog), R.L,D.B.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၂၃၉)**
**အမှတ်(၃၁၀/ခ)၊ ဗလ္လိက(၁၂)လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း : 09-254273550**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ စောရန်ပိုင်(အရှေ့)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ Hill Top Vista Condominium ဟုခေါ်တွင်ပြီး မြေတိုင်းရပ်ကွက်အမှတ်-(၂၄/အီး)၊ လူနေရပ်ကွက်(-)၊ မြေကွက်အမှတ်-(၁-ဘီ/၃-၁)၊ (၁-ဘီ/၄-၁)၊ (၁-ဘီ/၃-၆) မြေပိုင်မြေအမျိုးအစားမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော Tower-A ၊ Level-8၊ Unit Type-(C)၊ အခန်းအမှတ်(၈၀၄)၊ဧရိယာ(၁၆၆၄)စတုရန်းပေရှိဓာတ်လှေခါးသုံးစွဲခွင့်နှင့်ကားပါကင်(၁)စီးသုံးစွဲခွင့် ပါဝင်သောကွန်ဒိုတိုက်ခန်း(၁)ခန်းနှင့် ဆက်နွယ်သည့်အကျိုးခံစားခွင့်အရပ်ရပ်တို့အားဦးအောင်ဝင်း(၁၂/သခန (နိုင်)၀၀၀၄၆၂) မှ (၉-၅-၂၀၂၃)ရက် နေ့တွင် "ကွန်ဒိုတိုက်ခန်း အပြီးအပိုင်အရောင်းအဝယ် နောက်ဆုံးကျန်ငွေပေးချေခြင်းသဘောတူ ကတိစာချုပ်"အရ-မိမိမှဝယ်ယူခဲ့သော တိုက်ခန်းဖြစ်ကြောင်း၊ ရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်နှင့် အရှုပ်အရှင်းကင်းရှင်းကြောင်း တို့ဝန်ခံပြောဆို၍ ရောင်းချလိုကြောင်း ကမ်းလှမ်းခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေမှဝယ်ယူရန်သဘောတူညီသည့်အတွက်ရောင်းကြေး ငွေ၏ တစ်စိတ်တစ်ဒေသကို (စရန်ငွေ) အဖြစ် ရောင်းချသူထံ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ပြုလုပ်ခြင်းကိုကန့်ကွက်လိုပါကယနေ့မှစပြီး(၇)ရက်အတွင်းခိုင်လုံသောစာချုပ်စာတမ်း မူရင်း၊စာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့်ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မည့်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကိုပြီးမြောက်သည်အထိဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ချိုသဲမေ (LL.B,D.B.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၄၀၇)
ဖုန်း-၀၉-၄၂၀၀၇၀၄၉၊ ၀၉-၇၉၉၆၁၅၂၀၃

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **ကုန်ထုတ်လုပ်မှုနှင့်ပတ်သက်၍ သမဝါယမစနစ်ဖြင့် သွားသည့် ကုန်ထုတ်လုပ်မှုကို သွားနိုင်ရန်လို...**

❖ **မိမိတို့နိုင်ငံတွင် ယခင်က သမဝါယမစနစ်ကို ကျင့်သုံးခဲ့ပြီး အချို့ဖွံ့ဖြိုးပြီး နိုင်ငံများတွင်လည်း သမဝါယမစနစ်ကို ကျင့်သုံးလျက်ရှိ...**

❖ **သမဝါယမစနစ်ကို ကျင့်သုံးခြင်းဖြင့် လုပ်ငန်းများ ဆောင်ရွက်မှုကို ပိုမိုတိုးတက်စေမည်ဖြစ်ပြီး စုပေါင်းသမဝါယမစနစ်ကို ကျင့်သုံး၍ ဆောင်ရွက်ကြရန်လို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ မတ်လ ၇ ရက်နေ့တွင် ပြုလုပ်သော ရှမ်းပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းရှင်များအား တွေ့ဆုံဆွေးနွေးမှုမှ ကောက်နုတ်ချက်)

## အာရှဖလား ယူ-၂၃ ခြေစစ်ပွဲအတွက် မြန်မာအသင်း ပြင်ဆင်

**ရန်ကုန် ဩဂုတ် ၂၉**

၂၀၂၄ အာရှဖလား ယူ-၂၃ ခြေစစ်ပွဲအတွက် မြန်မာ ယူ-၂၃ အသင်းက လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။

မြန်မာ ယူ-၂၃ အသင်းသည် ၂၀၂၃ အာဆီယံ ယူ-၂၃ ပြိုင်ပွဲအပြီး ဩဂုတ် ၂၃ ရက်ကတည်းက ပြန်လည်ပြင်ဆင်နေခြင်းဖြစ်ပြီး ဦးအောင်နိုင်က ယာယီနည်းပြချုပ်အဖြစ် ကိုင်တွယ်လျက်ရှိသည်။

**ပူးတွဲတာဝန်ယူထား**

ဂျာမနီနိုင်ငံသား နည်းပြချုပ် ဖိုက်အွန်ဘိုင်နာက မြန်မာ့လက်ရွေးစင်အသင်းနှင့် ယူ-၂၃ အသင်းကို ပူးတွဲတာဝန်ယူထားရ၍ မြန်မာ့လက်ရွေးစင်အသင်းသည် စက်တင်ဘာ ၈ ရက်၊ ၁၁ ရက်တို့တွင် နီပေါလက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲကစားရန်ရှိသဖြင့် ၎င်းအနေဖြင့် လက်ရွေးစင်အသင်းကို ကိုင်တွယ်မည်ဖြစ်ပြီး မြန်မာ ယူ-၁၉ လူငယ်လက်ရွေးစင်အသင်းနည်းပြချုပ် ဦးအောင်နိုင်က အာရှဖလား ယူ-၂၃ ခြေစစ်ပွဲဝင်မည့် မြန်မာ ယူ-၂၃ အသင်းကို ယာယီကိုင်တွယ်သွားမည်ဖြစ်သည်။

မြန်မာ ယူ-၂၃ အသင်းသည် ပဏာမကစားသမား ၂၇ ဦးဖြင့် စတင်လေ့ကျင့်ခဲ့သော်လည်း နှစ်ဦးပြန်လည်လျှော့ချခဲ့သဖြင့် ၂၅ ဦးသာ ကျန်ရှိတော့ကြောင်း သိရသည်။ မြန်မာ ယူ-၂၃ အသင်းသည် ယခုလကုန်ပိုင်းတွင် ပြည်တွင်းခြေစမ်းပွဲတစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ယင်းပွဲအပြီးတွင် အပြီးသတ်လူရွေးချယ်မည်ဖြစ်သည်။

**စာမျက်နှာ ၁၇ ကော်လံ ၁ သို့** ❂



## အက်သလက်တီကိုမက်ဒရစ်အသင်းက ဗယ်လက်ကာနိုအသင်းကို ခုနစ်ဂိုးပြတ်ဖြင့် အနိုင်ရ

ဩဂုတ် ၂၈ ရက် ညပိုင်းက စပိန်လာလီဂါ ပွဲစဉ်(၃)မှာ အဝေးကွင်းသို့ လာရောက်ကစားခဲ့ရတဲ့ အက်သလက်တီကိုမက်ဒရစ်အသင်းက ဗယ်လက်ကာနိုအသင်းကို ခုနစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ပါတယ်။

စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ❃

## အာရှအားကစားပြိုင်ပွဲအတွက် မြန်မာ့လက်ရွေးစင်အမျိုးသမီး ဘောလုံးအသင်း စတင်ပြင်ဆင်

**ရန်ကုန် ဩဂုတ် ၂၉**

မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းက တရုတ်နိုင်ငံ ဟန်ကျိုးမြို့၌ ကျင်းပမည့် (၁၉) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲအတွက် စတင်လေ့ကျင့်ပြင်ဆင်နေပြီဖြစ်သည်။

**စတင်လေ့ကျင့်**

မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းက ပြည်တွင်းလိဂ်ပြိုင်ပွဲဖြစ်သည့် မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲပြီးဆုံးမှသာ စခန်းဝင်လေ့ကျင့်မှု စတင်ပြုလုပ်ခြင်းဖြစ်ပြီး ဩဂုတ် ၂၈ ရက်တွင် စတင်လေ့ကျင့်ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်း နည်းပြချုပ် ယုကီက (၃၂) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရခဲ့သည့် အသင်းကို အခြေခံကာ ပဏာမကစားသမား ၃၀ ဖြင့် ဖွဲ့စည်းထားပြီး ပြိုင်ပွဲအတွက် ပြင်ဆင်ချိန် ရက် ၂၀ ကျော် ရရှိမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းက အာရှအားကစားပြိုင်ပွဲတွင် ပထမဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပြီး ရလဒ်ကောင်း ရယူနိုင်ရန် လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။

**စာမျက်နှာ ၁၇ ကော်လံ ၁ သို့** ■


**ယနေ့ ဖတ်စရာ**

**သဘာဝဘေးသင့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မူလအခြေအနေထက် သာလွန်ကောင်းမွန်စေရမည်**
စာမျက်နှာ » ၇

**ရွှေဘိုမြို့နယ် ဇီးတောကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနခွဲအတွင်းမှ PDF အမည်ခံ အကြမ်းဖက်သမားများ သိုဝှက်ထားသည့် လက်နက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ ဖော်ထုတ်သိမ်းဆည်းရမိ**
စာမျက်နှာ » ၁၅

**ထိုင်းတပ်မတော်နှင့် ရင်ကြားစေ့နိုင်လာပြီဖြစ်သည့် နိုင်ငံရေးသမားများ**
စာမျက်နှာ » ၁၆